မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၉၈)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ရိုကိုဘုရင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၃ ခုနှစ် ဇူလိုင် ၃၀ ရက်တွင်ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊၂၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဇော်ဝင်းအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ-ဘရာဇီး နှစ်နိုင်ငံစီးပွားရေး၊ တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေရေးရာဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ အမျိုးသားတရားရုံးချုပ် တရားသူကြီး Mr. Antonio Herman Benjamin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်တို့ တက်ရောက်ကြပြီး ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ အမျိုးသားတရားရုံးချုပ် တရားသူကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior လည်း တက်ရောက်သည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစီးပွားရေး၊ တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စားသုံးသူများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေရေးရာဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထိုင်းရောက် မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး စခန်းသစ်အချို့ ဖွင့်လှစ်ရန်စီစဉ်နေ

မောင်သစ္စာ ➤ ရေးသည်

နေပြည်တော် ဇူလိုင် ၂၉

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးရေး စခန်းများကိုဖွင့်လှစ်ပြီး ဆောင်ရွက်ပေးခဲ့ရာ ယင်းစခန်းများဖွင့်လှစ်မှု အချိန်သက်တမ်းပြည့်တော့မည်ဖြစ်ရာ စခန်းသစ်ငါးခုဆက်လက်ဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

လက်ရှိဖွင့်လှစ်ထားသော ထိုင်းနိုင်ငံအတွင်းရှိ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများမှာ စမုတ်ပရာကန်၊ စမုစခွန်၊ စူရက်ဌာနီ၊ ချင်းမိုင်၊ လရောင်၊ ပထုံဌာနီ၊ ကန်ချနာဘူရီ၊ နခွန်ရတ်ချ်စီမာ၊ ခွန်ခန်၊ ဆွန်ခလာ မြို့များတွင် ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်ပြီး ယင်းစခန်းများ၏ သက်တမ်းမှာ လာမည့်ဩဂုတ် ၁၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

အဆိုပါစခန်းများကို ဖျက်သိမ်းပြီးနောက် စခန်းသစ်ငါးခု ဆက်လက်ဖွင့်လှစ်ကာ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်၊ ဗီဇာ၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်စသည်တို့ကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် သက်တမ်းတိုးပေးမည်ဖြစ်သည်။ စခန်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရာတွင် ထိုင်းရောက်မြန်မာအလုပ်သမားများအတွက် သွားလာရေးအဆင်ပြေစေမည့် နေရာများတွင် ဖွင့်လှစ်သွားနိုင်ရေးဆွေးနွေးလျက်ရှိသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❄

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးပြည်ထောင်စု သမ္မတ နိုင်ငံ အမျိုးသားတရားရုံးချုပ် တရားသူကြီး **Mr. Antonio Herman Benjamin** ဦးဆောင်သော အဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၉-၇-၂၀၁၃

ဘားအံမြို့
၁၂ ဒသမ ၈၈ လက်မ
ဘားအံ(စိုက်ပျိုးရေး)
၁၂ ဒသမ ၄၄ လက်မ
တောင်ကုတ်မြို့
၁၁ ဒသမ ၉၇ လက်မ
ကော့ကရိတ်မြို့
၁၀ ဒသမ ၉၄ လက်မ
မြဝတီမြို့
၉ ဒသမ ၀၂ လက်မ
ဘီးလင်းမြို့
၇ ဒသမ ၆၈ လက်မ

ဥပဒေရေးရာ
တရားရုံးများကို မထိမဲ့မြင်ပြုမှု ဥပဒေပြဋ္ဌာန်း
စာမျက်နှာ-၃

နိုင်ငံတကာ
လေယာဉ်များ ပြန်စစ်ရန် ဘိုးရင်းကုမ္ပဏီ မေတ္တာရပ်ခံ
စာမျက်နှာ-၄

အားကစား
ဆွာရက်ဇ်ကို မိုက်ကယ်အိုဝင် အံ့ဩ
စာမျက်နှာ-၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အသည်းရောဂါ သတိပြုစရာ

ယနေ့ အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာစသော အသည်းနှင့် ပတ်သက်သည့် ရောဂါအမျိုးမျိုးဖြစ်ပွားရခြင်း၏ အဓိကဇာစ်မြစ်ကို လေ့လာကြည့်လျှင် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးများ ကူးစက်ခံရခြင်းကြောင့် ဖြစ်ကြောင်း ပညာရှင်တို့က လေ့လာတွေ့ရှိထားကြသည်။ အသည်းရောင်ဘီပိုးနှင့် စီပိုးသည် နာတာရှည်ရောဂါများအဖြစ် ကူးစက်နိုင်ပြီး သတိမပြုမိပါက အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာများ ဖြစ်ပွားလေ့ရှိသည်။

ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၅၀၀ ခန့် အသည်းရောင်ရောဂါခံစားနေကြရပြီး နှစ်စဉ် အသည်းရောဂါဖြင့် လူ တစ်သန်းခန့် သေဆုံးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။ အသည်းရောင်ရောဂါကိုဖြစ်စေသည့် ဘီပိုးနှင့် စီပိုးသည် ကူးစက်ရန်လွယ်ကူပြီး ရောဂါဖြစ်ပွားပါက စနစ်တကျ ကုသမှုခံယူသင့်ပါသည်။ ထို့အပြင် အသည်းရောင်အသားဝါ အေနှင့် အီးပိုးများလည်း လူအများတွင် မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

အဆိုပါ အသည်းရောဂါများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းသည် သန့်ရှင်းမှုအားနည်းခြင်းကြောင့် ဖြစ်ရသည်ဟု ပညာရှင်တို့က ဆိုသည်။ မသန့်ရှင်းသော ရေ၊ မသန့်ရှင်းသော အစားအစာတို့မှတစ်ဆင့် အသည်းရောဂါဖြစ်ပွားနိုင်ပါသည်။ အကယ်၍ အသည်းရောဂါတစ်ခုခု ကူးစက်ခံရပါက ရောဂါကို ပျောက်ကင်းသက်သာသည်အထိ ကုသမှုခံယူသင့်ပါသည်။ အသည်းရောဂါသည် ကြောက်စရာရောဂါ မဟုတ်ပါ။

သို့ရာတွင် လူအများစုသည်သွေးစစ်ဆေးမှု အားနည်းကြသဖြင့် ဘီပိုးနှင့် စီပိုးများ ကူးစက်ခံနေရသည်ကို သတိမပြုမိဘဲဖြစ်ကြရပါသည်။ ကျန်းမာရေး အလွန်ချို့တဲ့လာသည့်အခါရောက်မှ သွေးစစ်ဆေးကြည့်သောအခါ အသည်းနှင့် ပတ်သက်သည့်ရောဂါ ပြင်းထန်စွာခံစားနေရကြောင်း သိရသည်။ ထိုအခါ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်းသို့ ရောက်ရှိသွားမည်ဆိုလျှင် ကုသရန်အလွန်ခက်ခဲသည့် အနေအထားဖြစ်လာနိုင်ပါသည်။ အကောင်းဆုံးမှာ သွေးစစ်ဆေးမှုကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပြုလုပ်ပေးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အသည်းရောဂါဖြစ်ပွားမှုကို သတိမူရေးအတွက် နှစ်စဉ် နှစ်တိုင်း ဇူလိုင် ၂၈ ရက်နေ့ကို ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (World Hepatitis Day) အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်း အခမ်းအနားများ ကျင်းပလေ့ရှိပါသည်။ ယင်းနေ့သည် အသည်းရောဂါဘီပိုးကို စတင်တွေ့ရှိသည့် ပါမောက္ခ ဘာရွတ်ချ်ဆမ်မြူရယ်ဘလန်းဘတ် (Baruch Samuel Blumberg)ကို ဂုဏ်ပြုသောအားဖြင့် ၄င်း၏ မွေးနေ့ကို ကမ္ဘာ့အသည်းရောင်ရောဂါနေ့အဖြစ် သတ်မှတ်ထားကြောင်း သိရပါသည်။

မည်သို့ပင်ဖြစ်စေကာမူ လူအများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လာသော အသည်းရောင်ရောဂါများကို သတိပြုကြဖို့ လိုအပ်လာပြီဖြစ်ပါသည်။ မိမိတွင် ဘီပိုးနှင့် စီပိုးများကူးစက်ခံရခြင်း ရှိ မရှိကို သွေးစစ်ဆေးမှုခံယူကြခြင်းဖြင့် အသည်းရောဂါကြောင့် ဖြစ်ပွားလာမည့် နောက်ဆက်တွဲရောဂါများကို ကာကွယ်နိုင်ကြမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဗဟိုသန်းခေါင်စာရင်းကော်မရှင် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၉

ဗဟိုသန်းခေါင်စာရင်းကော်မရှင် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လက်ရှိအခြေအနေနှင့် အနာဂတ်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် အခြေခံကျသည့် လူဦးရေကိန်းဂဏန်းများ ရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကြီးဖြစ်ပါကြောင်း၊ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်ကြီး အောင်မြင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူအားလုံးပူးပေါင်းပါဝင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများအပေါ် ပြည်သူများ မှန်မှန်ကန်ကန် ဖြေကြားမှသာ တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ မှန်ကန်စွာ ဖြေကြားနိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်သူများသိရှိနားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများသိရှိနားလည်စေရေးအတွက် အဓိကလုပ်ငန်းသည် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းပင်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့၍ သိရှိနားလည်ကာ လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် အသိပညာပေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် ပြည်သူများ သိရှိနားလည်ပူးပေါင်းပါဝင်ရေးအတွက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အကြံဉာဏ်ကောင်း၊ နည်းလမ်းကောင်းများ ရှင်းလင်းချပြအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း မှာကြားသည်။

အရှိန်အဟုန်မြှင့်

ယင်းနောက် သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအကြံပြုတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ် သီတဂူအာရောဂျဒါနဆေးရုံတော် အခမဲ့ဆေးခန်းဖွင့်လှစ်ရေးညှိနှိုင်း

ထားဝယ် ဇူလိုင် ၂၉

ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်၌ ပြည်သူများအား အခမဲ့ပြင်ပလူနာကုသမှု ဆေးခန်းဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သီတဂူအာရောဂျဒါနဆေးရုံတော် အထောက်အကူပြုအဖွဲ့များ၊ ထားဝယ်အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ အသင်းဝင်ဆရာဝန်များ၊ လူမှုရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြပြီး ထားဝယ်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် သီတဂူအာရောဂျဒါနဆေးရုံတော် အထောက်အကူပြုအဖွဲ့ဝင် ဒေါက်တာသန်းဝင်းတို့က လိုအပ်သည့် အစီအမံများကို တက်ရောက်လာသူများနှင့် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အလှူရှင်များက အခမဲ့ပြင်ပလူနာဆေးခန်းဖြစ်မြောက်ရေးအတွက် မတည်အလှူငွေ ထည့်ဝင်ကြရာ ကနောင်အေးရှားဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ်သိန်း ၁၀၀ နှင့် စေတနာရှင်များက လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၂၁၀ ထည့်ဝင်ခဲ့ကြကြောင်း သိရသည်။

လှူဒါန်းနိုင်

သီတဂူ အာရောဂျဒါနဆေးရုံတော် အခမဲ့ပြင်ပလူနာကုသမှု ဆေးခန်းဖွင့်လှစ်နိုင်ရေးအတွက် ကုသိုလ်ပြုအလှူပါဝင်လိုသူများသည် သီတဂူ အာရောဂျဒါနဆေးရုံတော် ရုံးခန်း ဖုန်း-၀၅၉-၂၂၄၅၄၊ ၀၉-၈၇၅၀၁၇၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ထင်သာမြင်သာ ပြုပြင်စရာ

အစုကြီးကျေးရွာမှ အရက်ဆိုင်ပြောင်းရွှေ့ပေးစေချင်

မအူပင်ခရိုင် ပန်းတနော်မြို့နယ် အစုကြီးကျေးရွာ ရွာလယ်ပိုင်း၌ အရက်ဆိုင်တစ်ဆိုင်ရှိပါသည်။အဆိုပါ အရက်ဆိုင်သည် သီတဂူဆရာတော်ကြီးဦးဆောင်သည့် သီတဂူသုမေဓာ အာရောဂျဒါန ဆေးရုံတော်ကြီးနှင့် လည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် လည်းကောင်း နီးကပ်စွာတည်ရှိနေပါသည်။ ယင်းအရက်ဆိုင်ကြောင့် အရက်မူးပြီးမောင်းနှင်သည့်ဆိုင်ကယ်များ၊ စက်ဘီးများကြောင့် ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ယာဉ်အန္တရာယ် စိုးရိမ်နေရပြီး စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်နေရပါသည်။

စိုးရိမ်

အထက်တန်းကျောင်း(ခွဲ)ဖြစ်နေသည့်အတွက် အောင်ချက်မြင့်မားရေးအတွက် စခန်းသွင်းလေ့ကျင့်ရေးပြုလုပ်သည့် အချိန်များတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၏ သွားရေးလာရေးနှင့် ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးအတွက် စိုးရိမ်စရာများ ဖြစ်နေရပါသည်။

လိုလား

ကျောင်းသား မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများ ပညာရေးအတွက်နှင့် စာရိတ္တပိုင်းအတွက် အလွန်စိုးရိမ်နေရသဖြင့် အဆိုပါ အရက်ဆိုင်ကို ကျောင်းနှင့်ဝေးသည့်နေရာသို့ ပြောင်းရွှေ့ပေးပါရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း ဤကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။

ခင်မောင်ဇော်မြင့်

မြဝတီခရိုင် မြဝတီမြို့နယ် ဓမ္မစကူးလ်ဖြစ်မြောက်ရေးအဖွဲ့နှင့် ဓမ္မစကူးလ် သင်တန်းသား သင်တန်းသူများ စုပေါင်းကျင်းပသော သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့ဦးစေတီ ဓမ္မာရုံကြီးတွင် ကျင်းပစဉ်။ နဒီမြင့်မိုရ်(မြဝတီ)

ဂန္ဓဝင်ရွှေပုံ Travels & Tours
Exploring to the edge of the globe



(ငြေအိပ် - ဂျရက်ခရီး)
တစ်ဦး - ၁၂.၈ သိန်း

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510218
35 Rd, Bet 72&73 St, Mandalay. Ph: 09-73013856 Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန် နှိုးဆော်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်မှု ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊မြစ်/ချောင်းများတွင် သွားလာနေသော ရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ဥပဒေ

တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပြဋ္ဌာန်း

တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇။)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် တရားရုံး၏ မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေး၊ တရားရုံး၏ ဂုဏ်သိက္ခာနှင့် အများပြည်သူ ယုံကြည်ကိုးစားမှုကို မထိခိုက်စေရေးတို့အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ ပါပြဋ္ဌာန်းချက်အရဖွဲ့စည်းသည့် အောက်ပါတရားရုံးများကိုဆိုသည်-

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၊

(၂) စစ်ဘက်ဆိုင်ရာတရားရုံးများ၊

(၃) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

(ခ) **တရားရုံးများကို မထီမဲ့မြင်ပြုမှု** ဆိုသည်မှာ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကိုဆိုသည်။

(ဂ) **တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု** ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သော ဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကို ဆိုသည်။

(ဃ) **ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု** ဆိုသည်မှာ အောက်ပါ အပြုအမူတစ်ခုခုအတွက် အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ် ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်-

(၁) တရားရုံး၏ ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း သို့မဟုတ် သေးသိမ်ရန် ဖြစ်တန်စေခြင်း၊

(၂) တရားစီရင်သောမှုခင်းကိစ္စတွင် ဖြောင့်မှန်စွာ ဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(၃) မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

(င) **တရားလွှတ်တော်ဆိုသည်မှာ** တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို ဆိုသည်။

အခန်း(၂)
စီရင်ပိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်

၃။ တရားလွှတ်တော်သည် တရားရုံးကို မထီမဲ့မြင်ပြုမှုအား ဤဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

၄။ တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စစ်ဘက်ဆိုင်ရာတရားရုံး သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို မထီမဲ့မြင်ပြုမှုအတွက် သက်ဆိုင်ရာတရားရုံးမှ တာဝန်ရှိသူတစ်ဦး၏ လျှောက်ထားချက်အရ အရေးယူပိုင်ခွင့်ရှိသည်။

၅။ တရားလွှတ်တော်သည်-

(က) မိမိသဘောအလျောက်ဖြစ်စေ၊

(ခ) နစ်နာသူအမှုသည်တစ်ဦး၏ လျှောက်ထားချက်အရဖြစ်စေ၊

(ဂ) အခြားနည်းအရဖြစ်စေ၊ တရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်ရှိသည်။ သို့ရာတွင် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက အရေးယူခွင့်မရှိစေရ။

၆။ တရားလွှတ်တော်သည်-

(က) တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကို တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

(ခ) ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကို ပြစ်မှုဆိုင်ရာ အထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

အခန်း(၃)
ကင်းလွတ်ချက်များ

၇။ ဆောင်ရွက်ဆဲ တရားစီရင်သောမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ် ရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။

၈။ စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာသုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။

၉။ ဤဥပဒေတွင် မည်သို့ပါရှိစေကာမူ အောက်ဖော်ပြပါအကြောင်းအရာများမှအပ အများပြည်သူဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သောမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ခ) အများပြည်သူဆိုင်ရာ မူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ၊ တရားရုံးက အတိအလင်းတားမြစ်ပိတ်ပင်ထားသည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ သတင်းအချက်အလက်များနှင့် သရုပ်ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ဂ) တရားစီရင်သော မှုခင်းတစ်ရပ်တွင် အငြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့် လုပ်ငန်းစဉ် စူးစမ်းရှာဖွေတွေ့ရှိချက် သို့မဟုတ် တီထွင်မှု စသည်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း။

အခန်း(၄)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၀။ မည်သူမဆို တရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆိုတရားရုံးကို တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှုမရှိဟု ထင်မြင်ပါက သုံးလထက်မပိုသော တရားမထောင်ဒဏ်ကို ချမှတ်နိုင်သည်။

အခန်း(၅)
အယူခံဝင်ခွင့်

၁၂။ တရားလွှတ်တော်သည် တရားရုံးကို ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်သူကသော်လည်းကောင်း၊ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကျူးလွန်သူကသော်လည်းကောင်း ကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် ထိုသူအား သတိပေးပြီး အပြစ်မှလွှတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

၁၃။ တရားရုံးကို မထီမဲ့မြင်ပြုမှုနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ကချမှတ်သည့်အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိသည်။

အခန်း(၆)
အထွေထွေ

၁၄။ တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း အမှုကိုစွဲဆိုရမည်။ သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်းမပြုရ။

၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သောနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၆။ The Contempt of Courts Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအား ဘရာဇီး အမျိုးသားတရားရုံးချုပ် တရားသူကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းအား ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ အမျိုးသားတရားရုံးချုပ် တရားသူကြီး Mr. Antonio Herman Benjamin ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

မေးမြန်းဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် ခုံရုံး၏ဆောင်ရွက်ချက်များနှင့် ဘရာဇီးနိုင်ငံ၏ တရားရေးရာကိစ္စများကို မေးမြန်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဦးတင်မြင့်နှင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

Daewoo ကုမ္ပဏီ၊ ONGC ကုမ္ပဏီ၊ GAIL ကုမ္ပဏီ၊ KOGAS ကုမ္ပဏီ၊ POSCO ကုမ္ပဏီ၊ SEAGP ကုမ္ပဏီတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးနှင့် ကိုရီးယားနိုင်ငံမှ ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုအမှာစကားပြောကြားကာ CNPC ဥက္ကဋ္ဌက ပိုက်လိုင်းလုပ်ငန်းစတင်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ Daewoo ကုမ္ပဏီ၊ ONGC ကုမ္ပဏီ၊ GAIL ကုမ္ပဏီ၊ KOGAS ကုမ္ပဏီ၊ POSCO ကုမ္ပဏီ၊ SEAGP ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်အတူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား စက်ခလုတ်နှိပ်၍ သဘာဝဓာတ်ငွေ့များကို စတင်ပို့လွှတ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် Corporate Culture Showroom အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ Control Station ခန်းမမျက်နှာစာရှေ့၌ ပိတောက်ပင်နှင့် စကားဖြူပင်များကို ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် အရှည် ၇၉၃ ကီလိုမီတာနှင့် အချင်းလက်မ ၄၀ ရှိပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၁၂၀၀ ပို့လွှတ်နိုင်ကာ ဖိအား ၁၄၅၀ပေါင်အထိ ခံနိုင်ရည်ရှိကြောင်း။

ပို့လွှတ်သွားမည်

အဆိုပါ စီမံကိန်းသည် နိုင်ငံတကာအဆင့် စီမံကိန်းတစ်ခုဖြစ်ပြီး နိုင်ငံလေးနိုင်ငံမှ ကုမ္ပဏီ ခြောက်ခု၏ အကျိုးတူပူးပေါင်းဆောင်ရွက်မှုလည်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပိုက်လိုင်းအတွင်းသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ နှုန်းဖြင့် လိုင်းဖြည့်လျက်ရှိကြောင်း၊ ပိုက်လိုင်းတစ်ခုလုံး သဘာဝဓာတ်ငွေ့ဖြည့်ပြီးပါက သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀ ပို့လွှတ်မည်ဖြစ်ပြီး ကုဗပေသန်း ၄၀၀ ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ကုဗပေသန်း ၁၀၀ ကို ပြည်တွင်းသုံးအတွက်လည်းကောင်း ပို့လွှတ်သွားမည်ဖြစ်သည်။ ပြည်တွင်းသုံး ဓာတ်ငွေ့ဖြန့်ဖြူးရေးအနေဖြင့် ကျောက်ဖြူတွင် ကုဗပေသန်း ၂၀၊ ရေနံချောင်းတွင် ကုဗပေ ၂၃ သန်းနှင့် တောင်သာတွင် ကုဗပေ ၅၇ သန်း ဖြန့်ဝေသုံးစွဲရန် စီမံချက်ချထားကြောင်း၊ ယင်းစီမံချက်သည် နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၇-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ ကော်လံ ၅ ပါ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ သတင်းအညွှန်းတွင် စုစုပေါင်း မြေအကျယ်အဝန်းမှာ ၄၄ ဒသမ ၈၅၀ ဧကအစား ၄၄၈၅၀ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ပြင်သစ်တွင် ကျောက်မျက်ရတနာပြပွဲ၌ ဖောက်ထွင်းမှုဖြစ်

ပါရီ ဇူလိုင် ၂၉

ပြင်သစ်နိုင်ငံ ကမ်းရိုးတန်းဒေသ ကန်းမြို့တွင်းရှိ ကာလ်တန်အဆင့်မြင့် ဟိုတယ်တွင် ယူရိုသန်း ၄၀ (အမေရိကန်ဒေါ်လာ ၅၃သန်း)တန်ဖိုးရှိ စိန်နှင့် ကျောက်မျက်ရတနာများ ဇူလိုင် ၂၈ ရက်က ဖောက်ထွင်းခံခဲ့ရကြောင်း အေပီသတင်းတစ်ရပ်အရ သိရသည်။

လတ်တလောနှစ်များအတွင်း ဥရောပ၏ အကြီးဆုံး စိန်ဖောက်ထွင်းမှုကြီးတစ်မှုလည်းဖြစ်ကြောင်း ရဲဌာနကပြောသည်။ အထူးကျွမ်းကျင်ရဲတစ်ဦး၏ အဆိုအရ ကျော်ဇောစာရင်းဝင် Pink Panther စိန်ခိုးဂိုဏ်းမှ မကြာမီက အချုပ်မှလွတ်ခဲ့သည့် ဂိုဏ်းဝင်များ၏ လက်ချက်ဖြစ်နိုင်သည်ဟု ကောက်ချက်ချသည်။

အစ္စရေးဘီလျံနာသူဌေးကြီး လစ်လီဗိုင်းပိုင် လီဗိုင်းစိန်တိုက်မှ ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသခဲ့သည့် ဖောက်ထွင်းမှုဖြစ်ပွားခဲ့သော ကန်းမြို့တွင်းရှိ ကာလ်တန် အဆင့်မြင့် ဟိုတယ် အခင်းဖြစ်ပွားပြီးနောက်မြင်ကွင်း။

ယင်းဟိုတယ်တွင် အစ္စရေးဘီလျံနာသူဌေးကြီး လစ်လီဗိုင်းပိုင် နာမည်ကြီး လီဗိုင်းစိန်တိုက်က ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသနေခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖောက်ထွင်းခံရခြင်းဖြစ်သည်။ ပြပွဲကို ဩဂုတ်လကုန်အထိ ကျင်းပရန်စီစဉ်ထားသည်။

ရဲဌာနပြောခွင့်ရတစ်ဦးက ဖောက်ထွင်းမှုဖြစ်ပွားသည်မှာ ယင်းနေ့ နေ့လယ်ခင်း အချိန်ခန့်ကဖြစ်ကြောင်း၊ ဌာနေသတင်းဌာနများဖော်ပြသလို တစ်ကိုယ်တော် လက်နက်ကိုင်ဖောက်ထွင်းသမားက ရတနာတွေ သေတ္တာထဲ အပြည့်ထည့်သိမ်းပြီး ဖျတ်ခနဲထွက်ပြေးသွားသည်ဆိုသော သတင်းကိုမူ အတည်ပြုချက်မပေးနိုင်ကြောင်း ပြောကြားသည်။

စိန်တိုက်ပိုင်ရှင် ဘီလျံနာသူကြွယ်ကြီးလီဗိုင်းက "ကုမ္ပဏီတာဝန်ရှိသူများနဲ့ ဒေသဆိုင်ရာ ထောက်လှမ်းရေးအာဏာပိုင်များက ရတနာပျောက်ဆုံးမှုနောက် လိုက်နေပါပြီ။ စိတ်သက်သာစရာကောင်းတာက ဖောက်ထွင်းလုယက်မှုအတွင်း တစ်ဦးတစ်ယောက်မှဒဏ်ရာမရခဲ့တာပါပဲ"ဟု သတင်းတို ထုတ်ပြန်သည်။

အခင်းဖြစ်ပွားခဲ့ရာ ဟိုတယ်သည် နာမည်ကျော်ဒါရိုက်တာကြီး အဲဖရက်ဒ်ဟစ်ချ်ကော့၏ မင်းသားကြီး ကယ်ရီဂရန့်ပါဝင်သော To Catch a Thief (တောက်ပြားဖမ်းပွဲ) ရုပ်ရှင်ကားတွင် အသားပေးထည့်သွင်းရိုက်ကူးခဲ့ဖူးသည့် ဟိုတယ်ဖြစ်သည်။

ဥရောပတွင် ရတနာသူခိုးများ၏ ဒဏ်ကို ပြီးခဲ့သည့်နှစ်များအတွင်း ကြုံတွေ့ရင်ဆိုင်နေခဲ့ရသည်။ ဘယ်လ်ဂျီယံတွင် ဖေဖော်ဝါရီ ၁၈ ရက်က အန်တာဝပ် ကမ္ဘာ့စိန်ရတနာစင်တာမှ ဒေါ်လာသန်း ၅၀ တန်ဖိုးရှိစိန်များ ခိုးယူခံခဲ့ရသည်။ ခိုးရာပါရတနာများကို လေယာဉ်ပေါ်တင်၍ ဇူးရစ်သို့ ပျံသန်းထွက်ပြေးရန် ဖောက်ထွင်းခားပြများက စီစဉ်ထားသော်လည်း ဖမ်းဆီးခံရကာ ရတနာများ ပြန်လည်ရရှိခဲ့သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွင်းက အီတလီနိုင်ငံ မီလန်ရှိ ဒါမီယာနီ ရတနာကုမ္ပဏီကို ဖောက်ထွင်းသူခိုး ရုပ်ရှင်ကားဖြစ်သည့် The Italian Job ရုပ်ရှင်ထဲကအတိုင်း အတုယူ၍ ဥမင်တူး ဖောက်ထွင်းမှု ဖြစ်ပွားခဲ့သည်။ ဆောက်လက်စ အဆောက်အအုံမှနေ၍ ဒါမီယာနီစိန်တိုက်သို့ သီတင်းပတ်များစွာ ဥမင်တူးပြီး ဒေါ်လာ သန်း၂၀ဖိုးရှိ စိန်နှင့်ပတ္တမြားများကို ဖောက်ထွင်းခဲ့ကြခြင်းဖြစ်သည်။

(အေပီ)

ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်နိုင်ရေး နောက်ဆုံးဆွေးနွေးရန် တောင်ကိုရီးယားအဆိုပြု

ဆိုးလ် ဇူလိုင် ၂၉

ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ နောက်ဆုံးတွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်ရန် တောင်ကိုရီးယားတို့က အဆိုပြုလိုက်ကြောင်း ဇူလိုင် ၂၉ ရက်၌ တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ကီဆောင်စက်မှုဇုန်ကို ပြီးခဲ့သည့် ဧပြီလကတည်းကစတင်ကာ မြောက်ကိုရီးယားတို့က ၎င်းတို့၏ အလုပ်သမားများကို ရုပ်သိမ်းစေခဲ့ပြီး စက်မှုဇုန်ကို ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နှစ်နိုင်ငံတို့၏ ခြောက်ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲကို ပြန်လည်ကျင်းပနိုင်ရန် တောင်ကိုရီးယားတို့က အဆိုပြုလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားတို့က ကီဆောင်စက်မှုဇုန်အပေါ် အကြိမ်ကြိမ်ပိတ်ပင်နေခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းသောအဖြေတစ်ရပ်ကို မိမိတို့သိရှိလိုကြောင်း တောင်ကိုရီးယားနိုင်ငံမှ ပေါင်းစည်းရေးဝန်ကြီးက မြောက်ကိုရီးယားသို့ စာရေးသား ပေးပို့ခဲ့သည်။

ကီဆောင်စက်မှုဇုန်တွင်ရှိသော မိမိတို့ကုမ္ပဏီများ၏ ထိခိုက်ပျက်စီးမှုကြီးမားစွာဖြစ်ပေါ်နေမှုအပေါ် မိမိတို့တားဆီးကာကွယ်ရန် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ရွေးချယ်ရန် အခြားနည်းလမ်းမရှိကြောင်း ၎င်း၏စာ၌ ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားတို့က အမေရိကန်နှင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်သည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားတို့က ကီဆောင်စက်မှုဇုန်အား ပိတ်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ဖြစ်သော ပန်မွန်ဂျုံကျေးရွာတွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့က ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်ပြီး နောက်ဆုံးဆွေးနွေးကြရန် တောင်ကိုရီးယားတို့က အဆိုပြုထားခြင်းဖြစ်သည်။ **(ဘီဘီစီ)**

တောင်အာဖရိကမှ အသက် ၁၁၉ နှစ်ရှိ အဘွားအိုကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်လာနိုင်

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၂၉

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၏ အနောက်တောင်ဘက် မြို့ငယ်တစ်မြို့တွင် နေထိုင်သော အဘွားအိုတစ်ဦးသည် အသက် ၁၁၉ နှစ်ရှိပြီဖြစ်၍ ကမ္ဘာ့အသက်အကြီးဆုံးသူဖြစ်လာနိုင်ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဂျိုဟန်နာမာတီဘူကို အမည်ရ အဘွားအိုမှာ ၁၉၈၆ ခုနှစ်က ထုတ်ပေးထားသော မှတ်ပုံတင်အရ မွေးသက္ကရာဇ်သည် ၁၈၉၄ ခုနှစ် မေလ ၁၁ရက်ဖြစ်ရာ အသက် ၁၁၉နှစ်ပြည့်ပြီးဖြစ်ကြောင်း တောင်အာဖရိကရှိ ဆိုဝီတန်သတင်းစာက ဖော်ပြသည်။

"ဘုရားသခင် ကောင်းချီးပေးထားခံရတဲ့ ကျွန်မဘဝဟာ လူ့ပြည်မှာ သက်တမ်းအကြာကြီးနေနေရပါတယ်"ဟု ကလေဒန်စဒေါ့မြို့ငယ်တွင် ပင်စင်စား အသက် ၇၇နှစ်ရှိ သားဖြစ်သူနှင့် အတူနေထိုင်လျက်ရှိသော အဘွားဂျိုဟန်နာက ဆိုသည်။

အဘွားဂျိုဟန်နာ၏ မှတ်ပုံတင်သည် အစစ်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုခြင်းမရှိသော်လည်း ယင်းမှတ်ပုံတင်သည် ဝန်ကြီးဌာနက ထုတ်ပေးထားသည့် အစစ်အမှန်ဖြစ်ဟန်ရှိကြောင်း အေအက်ဖ်ပီက သတင်းဖော်ပြသည်။

သားသမီး ခုနစ်ဦး၏ မိခင်ဖြစ်ခဲ့သူ၊ သားသမီးငါးဦးထက်ပင် လူ့ဘဝတွင် သက်တမ်းကြာကြာဖြင့် အသက်ရှင်ရပ်တည်နေနိုင်သူ အဘွားအို ဂျိုဟန်နာသည် အသက်ရှည်ရုံမျှမက ကျန်းမာရေးနှင့်လည်း ပြည့်စုံလျက်ရှိနေဆဲဖြစ်သည်။ ယခုထိတိုင် မီးဖိုချောင်ဝင်ဆဲဖြစ်ကြောင်း၊ အဝတ်အစားခေါက်သိမ်းလဲလှယ်ခြင်းကိုလည်း ကိုယ်တိုင်ပင် ပြုလုပ်ကြောင်း၊ အဝတ်အထည်များကို ကိုယ်တိုင်လျှော်ဖွပ် မီးပူတိုက်နေတုန်းပင်ဖြစ်ကြောင်း၊ တီဗွီလည်းကြည့်နိုင်ကြောင်း သိရသည်။

သက်ရှိထင်ရှား အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ဂျပန်နိုင်ငံမှ မီဆာအိုအိုကာဝါသည် အသက်၁၁၅နှစ်ရှိ၍ ဂင်းနက်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် လက်ရှိစံချိန်တင်ခံထားရသည်။ သမိုင်းတစ်လျှောက် ကမ္ဘာ့အသက် အကြီးဆုံးအဖြစ် မှတ်တမ်းတင်ထားသည်မှာ ပြင်သစ်နိုင်ငံမှ ဂျီအန်းနီကားမန့်ဖြစ်ပြီး အသက် ၁၂၂နှစ်ပြည့်ပြီးချိန် ၁၉၉၇ခုနှစ် ဩဂုတ် ၄ ရက်က တိမ်းပါးခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

လေယာဉ်များကို ပြန်လည်စစ်ဆေးမှုပြုလုပ်ရန် ဘိုးရင်းကုမ္ပဏီက မေတ္တာရပ်ခံ

ဟီသရိုးလေဆိပ်တွင် ဇူလိုင် ၁၂ ရက်က ခရီးသည်များ တင်ဆောင်ထားခြင်းမရှိသည့်အချိန် မီးလောင်မှုဖြစ်ခဲ့သည့် Ethiopian လေကြောင်းလိုင်းမှ ဘိုးရင်း 787 Deamliner ဂျက်လေယာဉ်ကို တွေ့ရစဉ်။

လန်ဒန် ဇူလိုင် ၂၉

ဘိုးရင်းလေယာဉ်ကုမ္ပဏီက လေယာဉ်မတော်တဆမှုတစ်ရပ် ဖြစ်ပွားပြီးနောက် စက်ပစ္စည်းအစိတ်အပိုင်းကို ပြန်လည်စစ်ဆေးမှုများပြုလုပ်ရန် လေကြောင်းလိုင်းများကို မေတ္တာရပ်ခံလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ စစ်ဆေးမှုများပြုလုပ်ရေးကို ဗြိတိန်ရှိ ဘိုးရင်းလုပ်ငန်းအဖွဲ့အစည်းကလည်း အတည်ပြုလိုက်သည်။ ယခုလ အစောပိုင်းက ဟီသရိုးလေဆိပ်တွင် ဘိုးရင်း 787 Dreamliner ဂျက်လေယာဉ် မီးလောင်မှုဖြစ်ခဲ့၍ ယခုကဲ့သို့ အတည်ပြုချက်ပေးလိုက်ခြင်းလည်းဖြစ်သည်။

စစ်ဆေးမှုပြုလုပ်ရမည့် လေယာဉ်အစိတ်အပိုင်းမှာ Emergency Locator Transmitter (ELT) အရေးပေါ်အချက်ပြစက်တည်ရှိရာ လေယာဉ်အပေါ်အနောက်ဘက်ပိုင်းများကို စစ်ဆေးပေးရမည်ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီက တောင်းဆိုခြင်းဖြစ်သည်။

ဘိုးရင်း 717၊ Next Generation737၊ 747-400၊ 767 နှင့် 777 လေယာဉ်ပျံများ၏ အော်ပရေတာများကို ယင်းသို့လေယာဉ် စစ်ဆေးမှု ပြန်လည်ပြုလုပ်ကြရန် ဘိုးရင်းကုမ္ပဏီက တောင်းဆိုခဲ့သည်။

(ဘီဘီစီ)

မာဖီးယားဂိုဏ်းများကို အီတလီရဲများနှိမ်နင်း

ရောမ ဇူလိုင် ၂၉

အီတလီရဲတပ်ဖွဲ့ဝင်များသည် ရောမမြို့အနီး ကမ်းရိုးတန်းဒေသတွင် မာဖီးယားဂိုဏ်းများအား ချေမှုန်းစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ရာ မာဖီးယားဂိုဏ်းများနှင့် ဆက်စပ်လျက်ရှိသောလူ ၅၀ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အနံ့ခံခွေးများ၊ ရဟတ်ယာဉ်တစ်စင်းနှင့် ကင်းလှည့်ရေယာဉ်များအပါအဝင် ရဲတပ်ဖွဲ့ဝင် ၅၀၀ ခန့်တို့က စစ်ဆင်ရေးဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ အီတလီနိုင်ငံ ကာလက်ဘီးယားဒေသတွင်လည်း ရဲတပ်ဖွဲ့ဝင်များက မာဖီးယားဂိုဏ်းများကို စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့သည်။ ကိုလံဘီယာမှ မူးယစ်ဆေးဝါးများ မှောင်ခိုရောင်းဝယ်မှုသည် ဥရောပနိုင်ငံများတွင် တဖြည်းဖြည်းပျံ့နှံ့လာလျက်ရှိပြီး မာဖီးယားဂိုဏ်းများလည်းဩဇာကြီးထွားလာလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **ဘီဘီစီ**

မြင်းစီးလေ့ကျင့်နေသော ချစ်သူစုံတွဲ ပျားများ အုံဖွဲ့ပြီးဝိုင်းတုပ်ခံရ

ဟူစတန် ဇူလိုင် ၂၉

အမေရိကန် တက္ကဆက်ပြည်နယ်အတွင်း မြင်းစီးလေ့ကျင့်နေသော စုံတွဲတစ်တွဲကို ပျားကောင်ရေ ထောင်ပေါင်းများစွာ အုံလိုက်ကျင်းလိုက်ရောက်ရှိလာပြီး ဝိုင်းတုပ်ကြသဖြင့် အဆိုပါစုံတွဲကို ဆေးရုံတင်ပို့လိုက်ရသည်အထိဖြစ်ခဲ့ပြီး မြင်းနှစ်ကောင်မှာ ပျားများ ဝိုင်းတုပ်သည့်ဒဏ်ကြောင့် နေရာတွင်ပင် သေဆုံးခဲ့ကြောင်း ဌာနေမီဒီယာများက သတင်းဖော်ပြသည်။

ဖြစ်ပွားမှုမှာ ပြည်နယ်မြောက်ပိုင်း ပင်တီဂိုအရပ်တွင် အသက် ၄၄ နှစ်အရွယ်ရှိ ခရစ္စတင်းနှင့် ၎င်း၏ အမျိုးသားအဖော်တို့ မြင်းငယ်နှစ်ကောင်ကို လေ့ကျင့်စီးနေစဉ် တိမ်တိုက်ဖွဲ့ထားသလို ပျားကောင်ရေ များစွာ အုံကျင်းဖွဲ့ရောက်ရှိလာပြီး ဝိုင်းတုပ်ကြခြင်းဖြစ်သည်။

ခရစ္စတင်းမှာ အကြိမ် ၂၀၀ခန့် ပျားတုပ်ခံရပြီး သူ့ချစ်သူက အကြိမ် ၅၀ ခန့် ပျားတုပ်ခံရကြောင်း သိရသည်။ ပျားများဝိုင်းတုပ်မှုကို အများဆုံးခံရသည့် မြင်းငယ်နှစ်ကောင်မှာ ချမ်းသာရာမရခဲ့ဘဲ ပျားဆိပ်ကြောင့် ထိုနေရာ၌ပင် သေဆုံးသွားခဲ့သည်။

ခရစ္စတင်းတို့က အရေးပေါ် ၉၁၁ နှင့် မီးသတ်ဌာနသို့ ဖုန်းဆက်ခေါ်ခဲ့ကြောင်း၊ ရေမြှုပ်ကိရိယာဖြင့်မီးသတ်သမားများက ပျားများကို ရှင်းလင်းနှိမ်နင်းခဲ့ရကြောင်းသိရသည်။ မရှေးမနှောင်းမှာပင် ခရစ္စတင်းတို့စုံတွဲကို ဆေးရုံပို့ကာပျားတုပ်ခံရသည်ကို ကုသပေးခဲ့သည်။

ယခုလို အုံဖွဲ့ရောက်ရှိလာသော ပျားများမှာ ကောင်ရေ ၃၀၀၀၀ ခန့်ထိ ရှိမည်ဟု ခန့်မှန်းသည်။ ယင်းပျားများ၏ ရက်စက်ကြမ်းတမ်းစွာ တိုက်ခိုက်တတ်သည့် အပြုအမူအရ လူသတ်ပျားဟုခေါ်သော အာဖရိကပျားမျိုးရင်းဖြစ်မည်လားဆိုသည်ကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

✻ **ရှေ့ဖုံးမှ**

ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ထိုင်းရောက် မြန်မာအလုပ်သမားများ အနေဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်အကိုင်မပျက်ခြင်း၊ တရားဝင် အထောက်အထားရရှိစေခြင်းအပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား များအတွက် အထောက်အထားမဲ့ ဦးရေ နည်းပါးသွားစေခြင်းစသည့် အကျိုးတရားများ ရရှိစေမည်ဖြစ်သည်။

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတို့သည် အထောက်အထားမဲ့ အလုပ်သမား များအတွက် နှစ်နိုင်ငံပူးပေါင်း၍ အလုပ်သမားခန့်ထားခြင်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို ၂၀၀၃ ခုနှစ်ကပင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ကြောင့် ထိုင်းရောက် မြန်မာအလုပ်သမားများ အား နိုင်ငံသားစိစစ်ခြင်း၊ ယာယီ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေး ခြင်း၊ ပြည်ပအလုပ်သမားသက်သေခံ ကတ်ပြားထုတ်ပေးခြင်းတို့ကို ဆောင် ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

အခွန်ဆိုင်ရာ ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၉

အခြေခံပညာ အလယ်တန်း အဆင့် အခွန်ဆိုင်ရာ ပညာပေး ဟောပြောပွဲကို အလုံမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီနှင့် မွန်းလွဲ ၁၂ နာရီခွဲ တို့တွင် နှစ်ကြိမ်ကျင်းပရာ မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးနေလင်းအောင် က အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ တို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနှင့် ဩစတြေးလျအကူအညီပေးရေးအဖွဲ့ တို့အကြား ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အကူအညီပေးရေးအဖွဲ့ (AusAID) တို့အကြား ပထမအကြိမ် High Level Consultations (HLCs) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများနှင့် ဩစတြေးလျနိုင်ငံ အကူအညီပေးရေးအဖွဲ့မှ Deputy Director General Mr. James Batley ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်သည်။ (အပေါ်ပုံ)

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အရှိန်အဟုန် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မှု၊ ပေးအပ်သည့် အကူအညီ အထောက်အပံ့များကို စနစ်တကျ ထိရောက်စွာ အသုံးပြုရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (Sectoral Working Group)နှင့် ဩစတြေးလျနိုင်ငံ အကူအညီပေးရေးအဖွဲ့တို့ အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တိုးတက်မှု၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ ရွေးကောက်ပွဲကော်မရှင်သို့ အကူအညီပေးရေး၊ ငြိမ်းချမ်းရေးဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ သန်းခေါင်စာရင်းကောက်ယူရာတွင် အကူအညီပေးရေး၊ သတ္တုတွင်းတူးဖော်ရေး စသည့်လုပ်ငန်းနှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ စေလွှတ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် စပ်လျဉ်း၍ကျွမ်းကျင်သူစေလွှတ်ရေး၊ လူသားချင်း စာနာထောက်ထားမှု၊ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဖြစ်ပေါ်ရေး၊ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ဩစတြေးလျနိုင်ငံက အထောက်အပံ့ပေးမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေး

ထို့အပြင် ဆွေးနွေးပွဲတွင် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ၂၀၁၃-၂၀၁၄ခုနှစ်မှ ၂၀၁၅-၂၀၁၆ခုနှစ်ထိ သုံးနှစ်တာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေးအပ်မည့် အကူအညီများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ သမ္မတရုံးဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဩစတြေးလျနိုင်ငံသံရုံးနှင့် Aus AID တို့မှ တာဝန်ခံနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၉

မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ မြန်မာနိုင်ငံဆိုင်ရာ ရုံးအကြီးအကဲ Mrs. Mariko Tomiyama သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

(သတင်းစဉ်)

မော်တော်ယာဉ်သက်တမ်းတိုး ဆောင်ရွက်ရမည့် ခရိုင်နှင့်မြို့နယ်များ ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံးက မော်တော်ယာဉ်ပိုင်ရှင်များသိရှိရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်သက်တမ်းတိုး ဆောင်ရွက်ရမည့် ခရိုင်လေးခရိုင်၏ ဖုန်းနံပါတ်များနှင့် မြို့နယ်များကိုထုတ်ပြန်ထားသည်။

အဆိုပါမော်တော်ယာဉ်သက်တမ်းတိုးဆောင်ရွက်ရမည့် ခရိုင်လေးခရိုင်နှင့် မြို့နယ်များမှာ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဒဂုံ၊ ဗဟန်း၊ ဆိပ်ကမ်း၊ တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်းမြို့နယ်များရှိ ယာဉ်ပိုင်ရှင်များအနေဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး(မြင်သာ)ဖုန်း-၀၁-၅၆၅၃၂၃ သို့ လည်းကောင်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ မြောက်ဥက္ကလာမြို့နယ်များရှိ ယာဉ်ပိုင်ရှင်များ အနေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်) ဖုန်း-၀၁- ၆၄၄၄၁၀ သို့လည်းကောင်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ တာမွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်များရှိ ယာဉ်ပိုင်ရှင်များအနေဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး (တောင်ဒဂုံ)ဖုန်း-၀၁-၅၉၀၁၀၇ သို့လည်းကောင်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကိုကိုးကျွန်း၊ ဒေါပုံ၊ သာကေတ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်များရှိ ယာဉ်ပိုင်ရှင်များအနေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်) ဖုန်း- ၀၅၆-၂၂၀၀၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

အေးကို(သတင်းစဉ်)

ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်း ကွင်းဆင်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ၂၀၁၃ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထု အခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့်သွား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာဂျိုဂျိုစန်း၊ အသင်း၏ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ခုတင် ၁၀၀၀ နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာမများသည် ဇူလိုင် ၂၇ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်သို့ ကွင်းဆင်း၍ ရွှေ့လျားကျန်းမာရေး ဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က ရွှေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်းကို လည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာလင်းလင်းခက်က ကိုယ်ဝန်စောင့်ရှောက်ခြင်းနှင့် ကျွမ်းကျင်သူများနှင့် မွေးဖွားခြင်းအကြောင်းကို လည်းကောင်း ဒေါက်တာထွေးယဉ်အေးက အာဟာရဖွံ့ဖြိုးရေးနှင့် ဖြည့်စွက်အစာကျွေးခြင်းအကြောင်းကို လည်းကောင်းပြောကြားခဲ့သည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး(၂)တို့က အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အို ဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများအား ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများအား နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသုတေသန စာတမ်းဖတ်ပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၉

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကကြီးမှူး ကျင်းပသည့် သစ်တောသုတေသန စာတမ်းဖတ်ပွဲကို ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်၍နေပြည်တော် ရုံးအမှတ်(၃၉) ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သုတေသနစာတမ်းအစောင် ၂၀ ဖတ်ကြားဆွေးနွေးမည် ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဦးအောင်သူရ ဦးစီးအရာရှိ၊ သစ်တောသုတေသနဌာန၊ ရေဆင်း ဖုန်း-၀၉-၄၉၂၃၀၇၆၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးရေချိန်စံချိန်သစ်တင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါ စခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင် စံချိန်ကျိုး ခဲ့သည့်နှစ်	စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	မိုင်းဆတ်	၁၂၈	၅. ၀၄	၁၂၇	၅. ၀၀	၁၈-၇-၂၀၀၉	၄၇
၂။	ကော့ကရိတ်	၂၇၈	၁၀. ၉၄	၂၇၂	၁၀. ၇၁	၂၈-၇-၂၀၁၃	၃၆

(သတင်းစဉ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စပ်ဆေးအန္တရာယ်

ထွန်းအောင်လှ (လုပ်ငန်းခွင်ကျန်းမာရေး)

လူသားတွေဟာ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး စသည်တို့ နေ့စဉ်လှုပ်ရှားဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးကောင်းမွန်နေဖို့ လိုအပ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ဆန္ဒရှိရာတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အမြဲထာဝစဉ် ကျန်းမာတဲ့သူဆိုလို့ မရှိသလောက်ရှားပါတယ်။ မွေးဖွားလာသည်မှစ၍ ဘဝနိဂုံးချုပ်(သေဆုံးချိန်) အထိ ကျန်းမာရေးကိစ္စတစ်ခုခုကြောင့် ဆေးဝါးမှီဝဲသုံးစွဲရခြင်းတွေ ရှိတတ်ကြပါတယ်။ အထူးသဖြင့် ရာသီအကူးအပြောင်းကာလတွေမှာဆိုရင် ဆေးရုံတွေ၊ ဆေးခန်းတွေ၊ ဆေးဆိုင်တွေမှာ လူစည်ကားတတ်ပါတယ်။ ဒီလိုနေရာတွေမှာ လူစည်ကားတာဟာ အဲဒီလူတွေမှာ ကျန်းမာရေးပြဿနာတစ်ခုခုရှိနေလို့သာ ဖြစ်ပါတယ်။

လူတွေမှာ ကျန်းမာရေးနဲ့ဆိုင်တဲ့ ပြဿနာတွေရှိလာပြီဆိုရင် တတ်နိုင်တဲ့သူတွေက အထူးကုလို့ နာမည်တပ်ထားတဲ့ အခကြေးငွေ အထူးများပြားစွာပေးရတဲ့ ပုဂ္ဂလိက အထူးကုဆေးရုံ၊ ဆေးခန်းကြီးတွေကို သွားတတ်ကြပါတယ်။ အနည်းငယ်သော ပုဂ္ဂိုလ်တွေကတော့ နိုင်ငံခြားတိုင်းပြည်တွေကို သွားရောက်ကုသကြပါတယ်။ အချို့ကတော့ အစိုးရဆေးရုံ၊ ဆေးခန်းတွေမှာ သွားရောက်ကုသကြပါတယ်။ အချို့ကလည်း မိမိတို့ရပ်ကွက်ထဲက ဆေးခန်းတွေကို အားကိုးကြပါတယ်။

သို့သော်လည်း သာမန်လက်လုပ်လက်စား လူအများစုကတော့ ပုဂ္ဂလိက အထူးကုဆေးရုံ၊ ဆေးခန်းကြီးတွေဆိုတာ အနားတောင်မကပ်နိုင်၊ ရပ်ကွက်ထဲက ဆရာဝန်ထိုင်တဲ့ ဆေးခန်းကိုပင် မှန်မှန်မသွားနိုင်ဘဲ၊ ဈေးထဲနဲ့ ရပ်ကွက်ဆေးဆိုင်ဆိုတာတွေက စပ်ပေးလိုက်တဲ့ စပ်ဆေးဆိုတာနဲ့ပဲ ပြီးသွားကြရတာတွေ ရှိနေပါတယ်။

ကျန်းမာရေးဗဟုသုတရှိသူတွေ၊ နားလည်သူတွေက စပ်ဆေးဆိုတာ မကောင်းကြောင်း၊ မသောက်သင့်ကြောင်းပြောကြပေမယ့် သူတို့တစ်တွေရဲ့ အကြောင်းပြချက်က ငွေရေးကြေးရေးဖြစ်နေပါတယ်။ သူတို့အတွက် အရေးကြီးတာက သူတို့မှာရှိတဲ့ ငွေကြေးလေးနဲ့ ရောဂါအမြန်ပျောက်ဖို့ မဟုတ်လား။ ဒီထက်ပိုပြီး နောက်ဆက်တွဲဖြစ်လာမယ့် ပြဿနာတွေကို သူတို့တွေက မစဉ်းစားနိုင်ကြပါ။ လောလောဆယ်ဖြစ်နေတဲ့ ရောဂါမြန်မြန်သက်သာပြီး နောက်တစ်ရက်မှာ ဝမ်းရေးအတွက် ဆက်ပြီးလှုပ်ရှားရုန်းကန်နိုင်ဖို့က အဓိကဖြစ်နေတယ်လေ။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ သူတို့တွေရဲ့ဘဝက ဝမ်းရေးတောင်မှ အနိုင်နိုင်၊ မနည်းရုန်းကန်လှုပ်ရှားနေကြရတယ်လေ။

များသောအားဖြင့် ဈေးထဲက ဆေးဆိုင်တို့၊ ရပ်ကွက်ထဲက ဆေးဆိုင်တို့မှာ ဆေးရောင်းနေတဲ့သူတွေဟာ ဆေးဝါးကျွမ်းကျင်သူတွေ မဟုတ်ကြပါဘူး။ ဒီတော့ သူတို့စပ်ပေးတဲ့ စပ်ဆေးဆိုတာတွေက မှန်ကန်နိုင်ပါ့မလား။

ရောဂါဖြစ်တယ်ဆိုတာ ဖြစ်ရတဲ့အကြောင်းရင်း မျိုးစုံရှိတတ်ပါတယ်။ ရောဂါဖြစ်ရတဲ့အကြောင်းဇာစ်မြစ်ကို တတ်ကျွမ်းတဲ့ ဆေးပညာရှင်မှသာ စမ်းသပ်စစ်ဆေးပြီး ဆုံးဖြတ်ပေးနိုင်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ တစ်ဦးက ဒီဆေးနဲ့ ပျောက်တယ်ဆိုပြီး နောက်တစ်ဦးကို ဒီလိုရောဂါလက္ခဏာဖြစ်ရင် ပထမလူကို စပ်ပေးတဲ့ ဆေးကိုပဲ စပ်ပေးနေတာဆိုတော့ မခက်ပေဘူးလား၊ ဥပမာအားဖြင့် သွေးတက်ရင်လည်း ခေါင်းမူးတာပဲ၊ သွေးပေါင်ကျရင်လည်း ခေါင်းမူးတာပဲ၊ ဒါကိုခေါင်းမူးရင် ဒီဆေးစပ်ပေးရတယ်လို့မှတ်ထားပြီး သွေးပေါင်ကျလို့ ခေါင်းမူးနေတဲ့သူကို သွေးကျဆေးတွေ စပ်ပေးလိုက်မိလို့ကတော့ ကိစ္စပြီးရော ဖြစ်သွားလိမ့်မယ်။

စပ်ဆေးဝယ်သောက်တဲ့သူ အများစုဟာ ဆေးတစ်ခွက် နှစ်ခွက်လောက်သောက်ပြီးလို့ ရောဂါသက်သာသွားပြီဆိုရင် ပျောက်ပြီဆိုပြီး နေတော့တာပဲ။ ဆေးဝါးဆိုတာမျိုးက ဆေးပတ်လည်အောင် သောက်ရတာဖြစ်ပါတယ်။ ရောဂါသက်သာလာပြီဆိုပြီး ဆေးပတ်လည်အောင် မသောက်တော့ဘဲ ရပ်ထားလိုက်ရင် ခန္ဓာကိုယ်ထဲမှာ ဆေးပတ်မလည်တော့ဘဲ နောက်တစ်ခါ ရောဂါဖြစ်လာရင် ဆေးကဘယ်လိုမှ အစွမ်းပြတော့မှာ မဟုတ်ပါဘူး။

ဆေးဆိုတာ တတ်ကျွမ်းတဲ့ပညာရှင်က ညွှန်ပေးတဲ့ ဆေးကိုသာ သောက်သင့်ပါတယ်။ စပ်ဆေးက မသောက်သင့်တာဆိုတော့ စပ်ဆေးတွေသောက်ပြီး နောက်ဆက်တွဲပြဿနာတွေ ဘယ်လောက်ဖြစ်နေကြပြီလဲဆိုတာ စဉ်းစားစရာပဲ။ ဆေးဆိုတာမျိုးက ကိုယ်နဲ့တည့်တဲ့ဆေး၊ မတည့်တဲ့ဆေး စသည်ဖြင့် အမျိုးမျိုးရှိတတ်ပါတယ်။

ဆေးဝါးကုမ္ပဏီ၊ ဆေးဝါးစက်ရုံတွေကလည်း ဆေးဝါးမျိုးစုံတို့ကို သုတေသနပြုပြီး ထုတ်လုပ်ရောင်းချနေကြပါတယ်။ ဆေးဝါးမျိုးစုံတို့ကို ကုမ္ပဏီမျိုးစုံတို့က ထုတ်လုပ်နေကြရာ အာနိသင်ပြည့်စုံ၍ အစွမ်းထက်ပြီး ဈေးကြီးသောဆေးများလည်းရှိသလို ဈေးသက်သာတာလည်း ရှိပါတယ်။ အချို့ဆေးဝါးတွေကတော့ အာနိသင်ပြည့်ဝမှု နည်းပါးပြီး ဈေးကလည်းကြီးလို့ သုံးစွဲသူတို့အတွက် အကျိုးသက်ရောက်မှု သိသိသာသာ မရှိတတ်ပါ။ မည်သည့် အကျိုးသက်ရောက်မှုမှ မရှိလျှင် တော်ပါသေးတယ်။ သို့ပေမယ့်လည်း တစ်ခါတစ်ရံမှာ ဆေးဝါးသုံးစွဲသူတွေကို ဆိုးကျိုးပေးတတ်တာတွေတောင် ရှိနေပါတယ်။

ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီများမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ကိုက်ညီပြီး အာနိသင်ပြည့်ဝတဲ့ ဆေးဝါးတွေကိုသာထုတ်လုပ်တဲ့ ကုမ္ပဏီတွေရှိသလို အချို့ကလည်း ထုတ်လုပ်မှု စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ မကိုက်ညီတဲ့ အာနိသင်မရှိတဲ့ ဆေးဝါးတွေကို ထုတ်လုပ်ကြတာတွေလည်း ရှိကြပါတယ်။

ဆေးဝါးထုတ်လုပ်ရောင်းချသူတွေအနေနဲ့လည်း သူတို့ရဲ့ ဆေးတွေကို ဝယ်ယူသုံးစွဲလာအောင် ကြော်ငြာမျိုးစုံနဲ့ ဆွဲဆောင်ကြပါတယ်။ ဆေးကုသပေးတဲ့ ဆရာဝန်တွေကိုလည်း သူတို့ဆေးကို သုံးစွဲစေဖို့ လက်ဆောင်ပစ္စည်းမျိုးစုံပေးပြီး ဆွဲဆောင်စည်းရုံးပြီး ကြော်ငြာကြတာတွေလည်း ရှိပါတယ်။

ရောဂါဖြစ်ပွားသူ အချို့ကလည်း ရောဂါပျောက်ချင်ဇောနဲ့ ပဋိဇီဝဆေးဝါး၏ ဘေးထွက်ဆိုးကျိုး (Side Effect) တွေကို သတိမပြုကြဘဲ ဆေးဝါးတွေကို မိမိသဘောနဲ့ ထင်သလို သောက်သုံးနေကြပါတယ်။

အဲဒီလိုဆေးဝါးတွေကို ကြော်ငြာကောင်းလို့ဖြစ်စေ၊ ဘေးလူတွေက လမ်းညွှန်လို့ဖြစ်စေ၊ တတ်ကျွမ်းသူ ဆေးပညာရှင်/ဆရာဝန်ရဲ့ ညွှန်ကြားချက်မပါဘဲ မိမိဘာသာသုံးစွဲနေတာတွေဟာ ရောဂါကို မသက်သာစေတဲ့အပြင် ပိုမိုဆိုးရွားစေပြီး ငွေကုန်ကြေးကျတွေလည်း များစေပါတယ်။ မလိုလားအပ်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကြောင့် တစ်ခါတစ်ရံမှာ အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်ပါတယ်။ တကယ်တော့ ကျွမ်းကျင်သူ ညွှန်ကြားချက်မရှိဘဲ မိမိဘာသာဆေးဝါးသုံးစွဲမှုတွေဟာ ခန္ဓာကိုယ်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်တယ်ဆိုတာကို လူတိုင်း သိရှိနားလည်သင့်ပါတယ်။

ယခုခေတ်မှာ ရောဂါတွေကလည်း တစ်ခုပြီးတစ်ခု မရိုးမထပ်ရအောင် ရောဂါအသစ်အဆန်းတွေ ပေါ်များလာသလို အစွမ်းထက်ဆေးဝါးအမယ်အသစ်မျိုးစုံတို့ကလည်း အံ့မခန်းပေါ်ထွက်လာလျက်ရှိနေပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲအစွမ်းထက်တဲ့ဆေးဝါးဖြစ်ပေမယ့်လည်း ကျွမ်းကျင်သူ ဆေးပညာရှင်ဆရာဝန်တွေက ဆေးကို ဘယ်လိုအသုံးပြုရတယ်ဆိုတဲ့ ပညာရပ်ဆိုင်ရာအတိုင်းအဆနဲ့ သင့်တော်သလိုချိန်ဆပေးမှု၊ သုံးစွဲသောဆေး၏ ဘေးထွက်ဆိုးကျိုး (Side Effect)ကို သိရှိနားလည်မှုတို့အပေါ် မူတည်ပြီး သက်ဆိုင်ရာဆရာဝန်ရဲ့ ညွှန်ကြားမှုနဲ့သာ ဆေးဝါးတွေကို သုံးစွဲသင့်ပါတယ်။

ဆရာဝန်ညွှန်ကြားမှုမပါဘဲ ဆေးဝါးတွေကို သုံးစွဲခြင်းဟာ အလွန်အန္တရာယ်ကြီးမားပါတယ်။ ယခုအခါ ဆေးဈေးကွက်များမှာ ဆေးဝါးအတုတွေ၊ စံမမီ ဆေးဝါးတွေ၊ ရက်ကျော်ဆေးတွေကို ရက်စွဲပြင်ပြီး ပြန်ရောင်းတာတွေ စတဲ့ လူသားမဆန်တဲ့ လုပ်ရပ်တွေရှိနေတော့ ဆေးဝါးသုံးစွဲရာမှာ ပိုပြီးတော့ သတိရှိရမှာ ဖြစ်ပါတယ်။ မြန်မာစကားပုံမှာ "ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးကြောင့်လေး"ဆိုတာရှိပါတယ်။ ဒါကြောင့် ဆေးကြောင့် မလေးရအောင် ဆေးဝါးသုံးစွဲရာမှာ ဆင်ခြင်သင့်ပါတယ်။

အထူးသဖြင့် ယနေ့ကာလမှာ ခေတ်စားနေတဲ့ စပ်ဆေးဆိုတာကိုတော့ လုံးဝရှောင်ကြဉ်သင့်ပါတယ်။ အထက်မှာဆိုခဲ့သလို ဆေးဆိုင်တွေမှာ စပ်ဆေးစပ်ပေးနေသူတွေဟာ ဆေးဝါးကျွမ်းကျင်သူတွေမဟုတ်ကြပါဘူး။ စာရေးသူ ဟိုတစ်လောက ဈေးတစ်ခုသို့ရောက်စဉ်မှာ ဆေးဆိုင်တစ်ခုရှေ့မှာ သတိထားကြည့်မိတော့ ဈေးဝယ်သူက ဆေးဆိုင်က ဆေးရောင်းသူကို "ချောင်းဆိုးနေလို့ ဆေးလေး စပ်ပေးပါ"လို့ ပြောနေသံကြားလိုက်ရပါတယ်။ ဆေးရောင်းသူက ဆေးဝယ်မယ့်သူကို " ဖျားကောဖျားသေးလား"လို့ ပြန်မေးတာတွေလည်း ကြားလိုက်ရပါတယ်။ ပြီးတော့ ပုလင်းထဲက ဆေးတွေကို ရောစပ်ပေးပြီး "ဒီဆေးကို တစ်နေ့သုံးကြိမ်သောက်" ဆိုပြီးတော့ ရောင်းပေးလိုက်တာတွေ့ရပါတယ်။ လောလောဆယ်မှာတော့ ရောင်းသူ ဝယ်သူ အဆင်ပြေသွားကြပါတယ်။ ဒါပေမယ့် ရေရှည်မှာကော အဆင်ပြေနိုင်ပါ့မလား။

မြန်မာ့ရုပ်သံတွေမှာလည်း စပ်ဆေးနဲ့ပတ်သက်ပြီး ပညာပေးထားတာတွေ ပြသနေပါတယ်။ မီဒီယာတွေကလည်း အလျဉ်းသင့်သလို ပညာပေးရေးသားနေကြပါတယ်။ ဒါပေမယ့် စပ်ဆေးဆိုတာတွေကတော့ ရောင်းသူရော ဝယ်ယူသုံးစွဲသူရော ရှိနေကြဆဲပါ။ ကျေးလက်တောရွာတို့၊ မြို့သေးမြို့ငယ်တို့မဆိုထားနဲ့ မြို့ကြီးတွေမှာတောင် စပ်ဆေးပြဿနာက ရှိနေဆဲပါ။

စပ်ဆေးဝယ်ယူသုံးစွဲသူတွေမှာလည်း သူတို့အကြောင်းပြချက်နဲ့သူတို့ အသီးသီးရှိကြပါလိမ့်မယ်။ ဒါပေမယ့် စပ်ဆေးဆိုတာမျိုးက အန္တရာယ်မျိုးစုံရှိလို့ မသောက်သင့်ဘူးဆိုတာကိုတော့ သိရှိနားလည်အောင် အသိပညာပေးမှုတွေကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ စပ်ဆေးတွေကို သုံးစွဲရတာဟာ ငွေကြေးကြောင့်ဆိုတဲ့ အကြောင်းပြချက်ပေးလာမယ်ဆိုရင်တော့ ရောဂါတစ်ခုခုဖြစ်လာရင် စပ်ဆေးဝယ်မသောက်ဘဲ ဆေးရုံ ဆေးခန်းတွေကို သွားပြကြပါလို့ အကြံပြုလိုပါတယ်။ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး၊ ကွမ်းယာဖိုးနဲ့ ဘာဖိုး ညာဖိုး စတဲ့အကျိုးမရှိတဲ့ အပိုအသုံးစရိတ်တွေကို မသုံးစွဲဘဲ ရောဂါဖြစ်လာရင် ကျန်းမာရေးအသုံးစရိတ်ကို ထိထိရောက်ရောက် သုံးစွဲသင့်ပါတယ်။ ဒီလိုမဟုတ်ရင်တော့ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ပေါက်ရမယ့်အဖြစ် ရောက်သွားနိုင်ပါတယ်။

နိုင်ငံတော်ကလည်း ကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်ပေးထားပြီဆိုတော့ အစိုးရဆေးရုံ၊ ဆေးခန်းတွေဟာ ပြည်သူတွေ အားကိုးနိုင်တဲ့ အခြေအနေကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရောက်ရှိနေပါပြီဆိုတာ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ မိဘပြည်သူတွေအနေနဲ့ ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပြီဆိုရင် အလွယ်တကူနီးစပ်ရာမှ ဝယ်ယူရရှိတဲ့ စပ်ဆေးဆိုတာတွေကို အသုံးမပြုကြဘဲ ကျွမ်းကျင်သူဆေးပညာရှင်တွေနဲ့သာ စနစ်တကျ ကုသမှုခံယူသင့်ပါတယ်လို့ စပ်ဆေးသုံးစွဲနေကြသူတွေကို အဓိကရည်ရွယ်ပြီး ရေးသားတင်ပြလိုက်ရပါတယ်။ ။

လမ်းတိုးချဲ့ဖောက်လုပ်ရန် မြေတူးဖော်နေစဉ် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

ရန်ကုန် ဇူလိုင် ၂၉

မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး ကျေးရွာ ကာယရပ်ကွက် အမှတ်(၃) လမ်းမကြီးဘေး ရွှေမင်းဝံတောရဘုန်းကြီး ကျောင်းရှေ့ တံတားတိုးချဲ့ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီခွဲက လမ်းတိုးချဲ့ဖောက်လုပ်ရန် မြေကြီးတူးဖော်နေစဉ် မြေကြီး ခုနစ်ပေခန့်အရောက် အချင်းတစ်လက်မ၊ လုံးပတ် သုံးလက်မ၊ အရှည် ရှစ်လက်မရှိ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကြပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ဘိုကလေးမြို့နယ် မြို့သစ်ကျောင်း၌ နွားနို့တိုက်ကျွေး

ဘိုကလေး ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့ မြို့သစ်အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည် ထက်မြက်စေရေးအတွက် နွားနို့တိုက်ကျွေးပွဲကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက ဘိုကလေးမြို့ မြို့သစ် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်နွားနို့တိုက်ကျွေးရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်စိုးက အမှာစကားပြောကြားပြီး တိမွေး/ကု ကုသရေးဦးစီးအရာရှိ ဒေါက်တာ အောင်သူမျိုးက နွားနို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များနှင့် နို့မှရရှိသော အာဟာရတန်ဖိုးများကို ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ ၁၆၀အား နွားနို့တိုက်ကျွေးခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

မော်ကျွန်း(မြင့်အောင်)

လက်ပံတန်း ကျေးနီရွာ၌ ယာဉ်တိုက်မှုဖြစ်ပွား

လက်ပံတန်း ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျေးနီရွာ၌ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခန့်က ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်းဝင်းနိုင်ထွန်း (၃၆ နှစ်)၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၃င/. . . SWIFTအမျိုးအစား အဖြူရောင်မော်တော်ယာဉ်မှာ မိုင်တိုင်အမှတ် ၈၉/၃နှင့် ၈၉/၄အကြား ကျေးနီကျေးရွာအရောက် ဦးမြင့်စိန် (၅၄ နှစ်)ကျေးနီကျေးရွာ ကွမ်းခြံကျေးရွာအုပ်စုနေသူ စီးနင်းလာသည့် မော်တော်ဆိုင်ကယ်ကို နောက်မှ ဝင်ရောက်တိုက်မိသဖြင့် ဦးမြင့်စိန်တွင် ဒဏ်ရာများရရှိခဲ့ကာ ဆေးရုံသို့တင်ပို့ကုသပြီး ယာဉ်မောင်းကို လက်ပံတန်း ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဇာ)**

ညလုံးပေါက်ဖွင့်သည့်ပန်ကာ အပူရှိန်လွန်ကဲ၍ မီးလောင်မှုကြောင့် ခုနစ်ဦးဒဏ်ရာရ

ရန်ကုန် ဇူလိုင် ၂၉

ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၁၀) ရပ်ကွက် အောင်ချမ်းသာလမ်းနေ ဦးဝေလွင်၏ နေအိမ်၌ ညလုံးပေါက်ဖွင့်ထားသော စားပွဲတင်ပန်ကာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ရာ ဦးဝင်းထွန်းအောင်၏ မိသားစု အိပ်နေသော ခြင်ထောင်နှင့် အနီး၌ထားရှိသော ရေသန့်ဘူးဖြင့်ထည့်ထားသည့် ဓာတ်ဆီဘူးကို ဆက်လက် ကူးစက်လောင်ကျွမ်းခဲ့ရာ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ငါးမိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုတွင် ဦးဝင်းထွန်းအောင်၌ မီးလောင်ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့ပြီး ကျန်မိသားစုများဖြစ်သည့် ဦးဝေလွင်၊ ဒေါ်အေးမြင့်၊ မောင်ဝေမိုးလွင်၊ မောင်ဥက္ကာ၊ မောင်ရဲဝင်းထွန်းနှင့် မအိသက်မွန်တို့ ခြောက်ဦးမှာ သာမန်မီးဟပ်သည့် ဒဏ်ရာများရရှိခဲ့ကြသဖြင့် အင်းစိန်ဆေးရုံသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

အရေးယူ

မီးလောင်မှုကြောင့် လူအများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသဖြင့် အိမ်ရှင် ဦးဝေလွင်ကို ရွှေပြည်သာ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(SP)**

❀ ပြည်သူ့လွှတ်တော်မှ

ကောက်ခံမည်ဆိုပါက လမ်း၊ တံတားကြေးများမြင့်တက်၍ သယ်ယူပို့ဆောင်နှုန်းထားများ မြင့်တက်ကာ ကုန်ဈေးနှုန်းများလည်း ကြီးမြင့်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အရင်းကျေကာလအား ၂၅ နှစ်မှ ၃၀ နှစ်အတွင်း တွက်ချက်၍ လမ်းကြေးသတ်မှတ်ကောက်ခံခွင့်ပြုခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိ ကောက်ခံခွင့်ပြုထားသည့် နှုန်းထားများမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုထားသည့် ကောက်ခံနှုန်းထားများဖြစ်ပါကြောင်း၊ BOT လုပ်ငန်းများအား လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုတင်ပြစဉ်ကအတိုင်း မဆောင်ရွက်နိုင်တော့၍ နိုင်ငံတော်သို့ ပြန်လည်အပ်နှံပါက ကျိုးကြောင်းဆီလျော်မှုရှိလျှင် လုပ်ငန်းရှင်များ မနစ်နာစေရန် လုပ်ငန်းပြန်လည်အပ်နှံခွင့်ပြုပါကြောင်း၊ ယခင်က BOT စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းရှင်များမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့သည့် လုပ်ငန်းအချို့ရှိခဲ့သော်လည်း အဆိုပါလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများအား BOT စနစ်၏ မူဝါဒအရ နိုင်ငံတော်မှ ပြန်လည်ပေးချေခဲ့ခြင်း မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၏ **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ အပိုဒ်ခွဲ(၁)တွင် မည်ကဲ့သို့သော အကျဉ်းသားများ အကျုံးဝင်သည်(သို့မဟုတ်) အကျုံးမဝင်သည်၊ ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်မှခံစားခွင့်(သို့မဟုတ်) ကင်းလွတ်ခွင့်ရှိသည်ကို သိလိုသည့်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အကျဉ်းသားများ၏ ပြစ်ဒဏ်များကို ဆိုင်းငံ့ထားခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းနှင့် လျှော့ပေါ့ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)တွင် ပြစ်မှုတစ်စုံတစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူသည့် စည်းကမ်းချက်တစ်ခုခုထား၍ဖြစ်စေ၎င်းအပေါ် ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ၎င်းကို စီရင်သည့်ပြစ်ဒဏ်အားလုံး သို့မဟုတ် အစိတ်အပိုင်း တစ်စုံတစ်ရာကို လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်သည်ဟူ၍ပြဋ္ဌာန်းထားရာ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အကျဉ်းထောင် အသီးသီးတွင် အကြောင်းအမျိုးမျိုးကြောင့် တည်ဆဲဥပဒေများအရ ပြစ်ဒဏ်ကျခံလျက်ရှိသည့် မည်သည့်အကျဉ်းသားများမဆို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)နှင့် အကျုံးဝင်ပါကြောင်း၊ မည်သည့်အကျဉ်းသားများသည် အကျုံးမဝင်ကြောင်းနှင့်ပြစ်ဒဏ်အမျိုးအစား ခွဲခြားသတ်မှတ်ပြဋ္ဌာန်းခြင်းမရှိပါကြောင်း၊ တည်ဆဲဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း ထိုက်သင့်သောပြစ်ဒဏ်များကိုကျခံပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့်နိုင်ငံ့အကျိုးအတွက် အများပြည်သူနှင့်အတူ တစ်ဖက်တစ်လမ်းမှ တာဝန် ထမ်းဆောင်သွားနိုင်စေရန် ရည်ရွယ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)တွင် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် စီမံကိန်းများနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီက **“မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်း”**ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပြဋ္ဌာန်းပြီးပါက ဥပဒေပါပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများအရ မြန်မာအင်ဂျင်နီယာ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးကို စိစစ်၍ အရည်အသွေးအဆင့်အတန်း သတ်မှတ်ပေးနိုင်မည် ဖြစ်သဖြင့် အခြားအင်ဂျင်နီယာများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွင်း တည်ဆောက်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ခြင်း၊ စံချိန် စံညွှန်းနှင့်အညီ တည်ဆောက်ထိန်းသိမ်းနိုင်ခြင်း၊ အင်ဂျင်နီယာ၊ နည်းပညာ ကျွမ်းကျင်သူတို့၏ အလုပ်အကိုင်ရရှိရေး၊ ထိုက်တန်သောလစာများရရှိရေးတို့အတွက် များစွာအထောက်အကူ ဖြစ်နိုင်သကဲ့သို့ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းအသီးသီးကို နိုင်ငံတကာတိုးတက်မှုနှင့်အညီ ဆောင်ရွက်နိုင်ရန် ပံ့ပိုးဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများအား မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း လေ့လာရေးအဖွဲ့နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၁ နာရီတွင် လွှတ်တော်သို့လာရောက်လေ့လာသည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း ဦးဆောင်သော လေ့လာရေးအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးမောင်မောင်ဆွေ၊ ကော်မတီအဖွဲ့ဝင် ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လွှတ်တော်အရည်အသွေးမြှင့်တင်မှု ကြီးကြပ်ရေးအဖွဲ့နှင့် UNDP တို့ ပူးပေါင်းကျင်းပသော Law Making Seminar ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

လွှတ်တော်အရည်အသွေးမြှင့်တင်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း ကြီးမှူးကျင်းပသော Law Making Seminar ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရုံး ရုံးအမှတ်(၂၀)၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော် အရည်အသွေးမြှင့်တင်မှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) Senior Programme Manager Ms. Oksana Remiga နှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာ ၈၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇူလိုင် ၂၉

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၅ ရွာ၊ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၄၅ ရွာနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၂၇ ရွာ စုစုပေါင်း ကျေးရွာ ၈၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများတွင် အသုံးပြုမည့် ဂျပန်ယမ်း ၄၀၅၄၂ ဒသမ ၈၆၃ သန်း တန်ဖိုးရှိ Riser Pipe ၇၀၄ လုံးနှင့် Submersible Motor ၈၇ လုံးသည် ဒုတိယအကြိမ်အဖြစ် Everable နိုင်ငံခြားကုန်တင်သင်္ဘောဖြင့် ရန်ကုန်မြို့ ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပစ္စည်းများ စစ်ဆေးထုတ်ယူမှုနှင့် သက်ဆိုင်ရာ သိုလှောင်ရုံနှင့် လုပ်ငန်းခွင်များသို့ ဆက်လက်ပို့ဆောင်ပေးရေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်မည့် ငါးနှစ်စီမံကိန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၈၇ ရွာတွင် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဩဂုတ်လတွင် Casing Pipe များ ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

■ အမျိုးသားလွှတ်တော်မှ

စည်းကမ်းမဲ့ အပင်ခုတ်လှဲခြင်းတို့ မရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဗွေပါးတောင်နယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ခွင့်ပြုချက်မရှိဘဲ အမဲလိုက်သတ်ဖြတ်ခြင်း၊ စုဆောင်းခြင်းတို့မှာ တည်ဆဲဥပဒေများအရ တရားမဝင်လုပ်ရပ်များဖြစ်သောကြောင့် ဒေသခံပြည်သူများ ဥပဒေပါပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်လိုက်နာစေရန် သက်ဆိုင်ရာသစ်တောဦးစီးဌာနဝန်ထမ်းများက ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပညာပေးစည်းရုံးဟောပြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗွေပါးတောင်ဒေသကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်သွားနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသခံပြည်သူတို့၏ သဘောထားများကိုရယူ၍ ၎င်းတို့၏ ဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုတင်သွင်းရာ ယင်းအဆိုကိုလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်းအမျိုးမျိုးပြ၍ မြေနေရာရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအားချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှဦးတိုးဝင်းက အချို့ကုမ္ပဏီများတွင် စိုက်ပျိုးရန်ခွင့်ပြုထားသော စိုက်ပျိုးမြေများပေါ်တွင် လုံးဝစိုက်ပျိုးမှုမရှိသေးခြင်း၊ ရာနှုန်းအနည်းငယ်သာ စိုက်ပျိုးထားခြင်း၊ နှစ်စဉ်စိုက်ပျိုးရန် သတ်မှတ်ထားသောမြေဧကကို ပြည့်မီအောင် မစိုက်ပျိုးနိုင်ခြင်း၊ နောက်ဆုံးသတ်မှတ်ထားသည့်နှစ်အထိ ပြီးစီးအောင် မစိုက်ပျိုးနိုင်ခြင်း၊ မိမိတို့ စိုက်ပျိုးခွင့်ရှိသော မြေများပေါ်မှ သစ်များကိုသာ ထုတ်ယူရောင်းချပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက်မဆောင်ရွက်ခြင်း စသည်ဖြင့် ကုမ္ပဏီများ အမျိုးမျိုးရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေခြင်းမျိုးကို သက်ဆိုင်ရာမှ စနစ်တကျ အရေးယူဆောင်ရွက်ခြင်း ပြုလုပ်ပေးနိုင်ရန် အကြံပြုတင်ပြလိုပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီ ၄၀ နှင့် စိုက်ပျိုးဧကသုံးသိန်းခွဲကျော်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်သော ကုမ္ပဏီများ၊ လုံးဝအကောင်အထည်ဖော်ခြင်းမရှိသေးသော ကုမ္ပဏီများအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေခြင်း၊ နှစ်အလိုက် စိုက်ပျိုးဧကပြည့်မီအောင် စိုက်ပျိုးရန်အတွက် တွန်းအားပေးခြင်း၊ လက်ရှိလုပ်ကိုင်နေသောကုမ္ပဏီများအား ဥပဒေနှင့်အညီ စိုက်ပျိုးကာလတိုးမြှင့်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က “ဒါကတော့ စီမံကိန်းတစ်ခုလုပ်တယ်၊ အကောင်အထည်မဖော်ဘူးဆိုရင် အသိမ်းခံရတဲ့လယ်သမားတွေအတွက်လည်း မကောင်းဘူး၊ နိုင်ငံတော်အနေနဲ့လည်း အမှုတွဲဖွင့်ပြီးခါမှ တရားဝင်ဖြစ်အောင်လုပ်ပေးရတယ်၊ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ပေးတာပေါ့၊ မြေယာပိုင်ဆိုင်မှု အထောက်အထားတွေနဲ့ စိစစ်ပေးဖို့လိုမယ်၊ သမ္မတကြီးတို့၊ ကာကွယ်ရေးဦးစီးချုပ်တို့၊ ကာကွယ်ရေးဝန်ကြီးတို့ရဲ့ လယ်ယာမြေနဲ့ ပတ်သက်တဲ့ သဘောထားမှတ်ချက်တွေရှိပါတယ်၊ ဒါတွေကို ပြန်လည်စိစစ်ပြီးတော့ ဆောင်ရွက်ပေးဖို့လိုပါတယ်”ဟု ပြောပြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက “မြေလွတ်မြေရိုင်းတွေနဲ့ပတ်သက်လို့ စီမံကိန်းတွေအကောင်အထည်မဖော်ဖြစ်လို့ရှိရင် မူလပိုင်ရှင်တွေကို ပြန်လည်အပ်နှံဖို့ ဆွေးနွေးသွားတာပါ၊ ဒီကိစ္စဟာ အမှန်တကယ်လည်း ဖြစ်သင့်ပါတယ်၊ စီမံကိန်းအတွက် မြေတွေသိမ်းထားပြီး အကောင်အထည်မဖော်ဖြစ်ရင် ဒေသခံတောင်သူလယ်သမားတွေနစ်နာတာပေါ့၊ ဒေသခံတွေမှာလည်း တကယ်အကောင်အထည်ဖော်တကယ်လုပ်ချင်တဲ့သူတွေရှိပါတယ်၊ ဒါကို နိုင်ငံတော်က သေချာစိစစ်ပြီးတော့ အမှန်တကယ် အကောင်အထည်ဖော် လုပ်ကိုင်မယ့် ကုမ္ပဏီပဲဖြစ်ဖြစ်၊ ဒေသခံတောင်သူလယ်သမားတွေကိုပဲဖြစ်ဖြစ် ပြန်လည်အပ်နှံသွားသင့်ပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကလည်း သူ့ဒေသနဲ့သူယှဉ်ပြီး ထောက်ခံဆွေးနွေးသွားကြတာကောင်းပါတယ်” ဟု ပြောသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တစ်နိုင်ငံလုံးအချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နောက်ဆက်တွဲအစီအစဉ်အရ မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်သောကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (Sectoral Working Group) နှင့် နှစ်ဝက်အစည်းအဝေး (Mid-Term Meeting) ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ လူမှုစီးပွားအကြံပေးကောင်စီ (National Economic and Social Advisory Council)မှ ဦးတင်ထွဋ်ဦး၊ Myanmar Development Resource Institute မှ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦး၊ ပြည်ထောင်စုဝန်ကြီး ဌာနများမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ ADB၊ UNDP၊ EU၊ JICA၊ UN၊ USAID၊ IMF၊ KOICA၊ UNESCO၊ Aus Aid၊ DFID နှင့် သံမှူးများ၊ သံရုံးတာဝန်ခံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st Myanmar Development Cooperation Forum-MDCF) ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့ပြီးနောက် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ကတိကဝတ်များ၊ အကူအညီများနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိပါကြောင်း၊ ပါရီကြေငြာချက် (Paris Declaration) အရ ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးမှု၊ အကူအညီရရှိမှုများကို အဓိကထားဆောင်ရွက်နေခြင်း၊ ပါရီကြေငြာချက်တွင် နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီအထောက်အပံ့များနှင့်ပတ်သက်၍ ထိရောက်သော အကျိုးသက်ရောက်မှုရှိစေရန်နှင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ (MDGs) ပြည့်မီစေရန် အဓိကထားခြင်းဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အလေးထားကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးသတိပြုမိမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်ရရှိရေး၊ သင့်တင့်သောဝင်ငွေရရှိရေးနှင့် ပြည်သူတို့၏ အခြေခံ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောရေရရှိရေး၊ လျှပ်စစ်နှင့် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးများရရှိအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးနှစ်စီမံကိန်း လေးကြိမ် ပါဝင်သည့် (၂၀၁၁ ခုနှစ်မှ ၂၀၃၁ ခုနှစ်အထိ) နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan -NCDP) အား ရေးဆွဲအကောင်အထည်ဖော် လျက်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာ ဆောင်ရွက်နေသည့်ကာလတွင် အလှူရှင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်နေမှုများသည် မိမိတို့အတွက် နိုင်ငံအတွက် စိန်ခေါ်မှုများဖြစ်ကြောင်း၊ ယခင်ကာလနှင့် ပြန်လည်နှိုင်းယှဉ်ပါက ကောင်းမွန်သောတိုးတက်မှုများကို မြင်လာရပြီဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်သော ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့၏ဆွေးနွေးဆောင်ရွက်မှုများမှ အကျိုးကျေးဇူးများရရှိခဲ့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများနှင့်အကူအညီပေးမှုများကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှု(၄)ရပ်သည် အားလုံးပါဝင်ဆောင်ရွက်ရေးနှင့် တစ်နိုင်ငံလုံးအချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု (People Centered Development) ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အမှန်တကယ်လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အစိုးရသစ်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်နေရပြီဖြစ်ကြောင်း၊ ယနေ့ကာလတွင် ကမ္ဘာတွင် ထိရောက်သောအကူအညီများမှ ထိရောက်သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးမူဝါဒတစ်ခုဖြစ်သည့် ကျေးရွာ၊ မြို့နယ်အဆင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ပြည့်ဝလာခြင်းဖြင့် ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချရေး (Decentralization)ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များကို လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျှော့ချရေးကိုအဓိကထား၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP နှင့် ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ UNDP နှင့် ဝန်ကြီးဌာနများ နီးကပ်စွာပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းသည် ဆင်းရဲမှုလျှော့ချရေး၊ ဒေသန္တရအဖွဲ့အစည်းများ ပိုမိုစွမ်းဆောင်ရည် ပြည့်ဝအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် ဟိုတယ်နှင့်ခရီးသွားလာမှုလုပ်ငန်း မြင့်တင်နေမှုအခြေအနေများနှင့်မူဝါဒများကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဆောင်ရွက်မည့် နေပြည်တော် သဘောတူညီချက်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ် (Action Plan)များကို စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက် အခြေခံမူဘောင်နှင့်အညီ အပြီးသတ်ရေးဆွဲနိုင်ရေး၊ လုပ်ငန်းညွှန်းတမ်း၊ လုပ်ငန်းကဏ္ဍအဖွဲ့များမှ ဆောင်ရွက်ပြီးစီးခဲ့မှုများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပေးအပ်လာမည့်အကူအညီများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အကူအညီ အထောက်အပံ့ဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများအကြား စီမံချက်များဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုဖြစ်တည်ပေါ်ပေါက်ရေးအတွက် စီမံချက်များကိုဆောင်ရွက်ရာတွင် အကျိုးရှိပြီး ထိရောက်စေရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီအုပ်ချုပ်မှုလမ်းစဉ် ဖြစ်ပေါ်ရေးတို့အတွက် လိုအပ်လျက်ရှိသည့် အကူအညီ အထောက်အပံ့များကို အချိန်မီထိရောက်သည့် ရလဒ်များဖြစ်ပေါ်စေရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှလည်း အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေးအတွက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငါးနှစ်စီမံကိန်းနှင့်စပ်လျဉ်းသည့်အချက်များကိုလည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသို့ စီးဝင်လာသည့်အကူအညီ အထောက်အပံ့ စာရင်းအင်းများနှင့် မြန်မာနိုင်ငံလူမှုစီးပွားညွှန်းကိန်းများနှင့်စပ်လျဉ်းသည့် အချက်များကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ကျွမ်းကျင်သူက လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးများတွင် ဆွေးနွေးမှုရလဒ်များနှင့် တိုးတက်ဖြစ်ပေါ်နေမှုများကိုလည်းကောင်း၊ AIMS မှ အကူအညီအထောက်အပံ့နှင့် သတင်းအချက်အလက်ဆိုင်ရာ စနစ်တစ်ရပ်ကို ထူထောင်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့အပြင် လူမှုစီးပွား အကြံပေးကောင်စီမှ ဦးတင်ထွဋ်ဦးက အကောင်အထည်ဖော်ရေးဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် အဆိုပြုလာသည့် စီမံချက်များနှင့်သော်လည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပူးပေါင်းလိုသည့်ကဏ္ဍများနှင့် သော်လည်းကောင်း၊ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် တာဝန်ယူမှုတို့မှာ အလွန်အရေးပါကြောင်း ဆွေးနွေးခဲ့ပါသည်။ Myanmar Development Resource Institute မှ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးက မိတ်ဖက်အဖွဲ့အစည်းများမှလည်း နိုင်ငံတော်အစိုးရသို့ ပုံမှန်သတင်းပို့ရန် လိုအပ်ကြောင်းနှင့် နှစ်ဖက်စလုံး ပူးပေါင်းဆောင်ရွက်မှုကို ချီးကျူးလိုပါကြောင်း၊ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ တိုးတက်မှုများ ရှိနေပါကြောင်း၊ စီမံချက်များ ဆောင်ရွက်ရာတွင် ဘတ်ဂျက်ရေးဆွဲရေး အစီအစဉ်များကို စနစ်တကျဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်ဖြစ်လာတော့မည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဘဏ္ဍာကို စနစ်တကျ စီမံခန့်ခွဲသွားရန် ဆွေးနွေးသည်။

DFID က ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံက ခေါင်းဆောင်မှုပေးနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မူဝါဒများကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ထိရောက်သော အကူအညီမှ ထိရောက်သောဖွံ့ဖြိုးမှုဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်

ဇူလိုင် ၂၈ ရက်က ရွာသွန်းခဲ့သော မိုးကြောင့် ပဲခူးမြို့မှ ကျေးရွာငါးရွာသို့ သွားလာအသုံးပြု နေသော လမ်းမကြီးမှာ ရေပြွန်ပေါက် ရေများတိုက်စားပြီး ပြိုကျနေသည်ကို တွေ့ရစဉ်။

ပဲခူးမြို့မှ ရွာငါးရွာသွားရာလမ်း ရေတိုက်စားပြိုကျ

ပဲခူး ဇူလိုင် ၂၉

ပဲခူးမြို့တွင် ဇူလိုင် ၂၈ ရက်က ရွာသွန်းခဲ့သော မိုးကြောင့် ပဲခူးမြို့မှ ဝါးမရမ်းကျေးရွာ၊ အလိုင်နီကျေးရွာ၊ ပုဂံဗိုကျေးရွာ စသည့် ကျေးရွာငါးရွာသို့ သွားလာအသုံးပြုနေကြသောလမ်းမကြီးမှာ ဇူလိုင် ၂၈ ရက်က ရေပြွန်ပေါက်ရေများတိုက်စားပြီး ပြိုကျခဲ့သဖြင့် ရွာသူ ရွာသားများ သွားလာ၍မရတော့ဘဲရှိနေကြောင်း သိရသည်။ ယင်းရေပြွန်ပေါက်မှာ ပဲခူးမြို့နှင့် တစ်မိုင်ခန့်ဝေးပြီး လေယာဉ်ကွင်း၊ ဇလပ်ထော်ဆည်သို့လည်း သွားရာလမ်းမကြီးဖြစ်သကဲ့သို့ ပြိုကျခဲ့သည့် အနက်ပေ ၂၀ ခန့်ရှိပြီး လူများပင်သွားလာရန်ခက်ခဲကြောင်း သိရသည်။ **သန့်စင်**

မြဝတီမြို့နယ်တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်

မြဝတီ ဇူလိုင် ၂၉

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် မိုးများသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။ မြဝတီမြို့ပေါ် ရပ်ကွက်များတွင် အိမ်များရေနစ်မြုပ်လျက်ရှိရာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြဝတီမြို့၏ မြေနိမ့်ပိုင်းနေရာများတွင် အိမ်ခေါင်မိုးအထိ နစ်မြုပ်လျက်ရှိပြီး ကားလမ်းမကြီးပေါ်တွင်လည်း ရေများကျော်လျက်ရှိသည်။ ရေမြင့်တက်လာမှုကြောင့် ကြံခင်းဘုန်းတော်ကြီးကျောင်းအတွင်း ရပ်နားထားသောကားများ ရေနစ်မြုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ **(အောက်ပုံ)** မိုးများဆက်လက်ရွာသွန်းနေမှုကြောင့် မြဝတီမြို့တစ်မြို့လုံးနီးပါး ရေများဝင်ရောက်လျက်ရှိသည်။ **နဒီမြင့်မိုရ်(မြဝတီ)**

ပညာရေးနှင့် ကျန်းမာ ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကပံ့ပိုးလျက်ရှိကြောင်း၊ ADB က ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွေးနွေးသွားသကဲ့သို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်သွားရန် ရှိပါကြောင်း၊ UNICEF မှ လူမှုရေးကဏ္ဍဖွံ့ဖြိုးရေး၊ ကလေးသူငယ်များ ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ထိရောက်သောရလဒ်များ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ EuroAID မှ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကြိုဆိုပါကြောင်း၊ ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း လုပ်ငန်းရပ်များတွင် ကူညီဆောင်ရွက်ပေးလိုကြောင်း၊ World Bank မှ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ငွေကြေးတစ်ခုတည်းသာမက နည်းပညာနှင့် စီမံခန့်ခွဲမှု၊ လူထုဖော်ဆောင်သည့် ဖွံ့ဖြိုးမှုကို အားပေးလျက်ရှိကြောင်း၊ လုပ်ငန်းအဖွဲ့များနှင့် ဆွေးနွေးရာတွင် Project ကိုသာ အဓိကထား ဆွေးနွေးကြသော်လည်း မူဝါဒကိုပါ ဆွေးနွေးရန်လိုအပ်ကြောင်း၊ KOICA မှ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာလုပ်ငန်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ကြောင်း၊ JICA က Working Group အဖွဲ့များအနေဖြင့် ဦးစားပေးအစီအစဉ်များ အမြန်သတ်မှတ်ရွေးချယ်ပြီး ဆုံးဖြတ်ချက်ချရန်လိုအပ်ကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲနေသဖြင့် ချီးကျူးလိုကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်ဆန်စွာ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ USAID က လူထုအတွက် ထိရောက်သည့်အကျိုးရလဒ်များဖြစ်ပေါ်စေရန်၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်နေသည့် မိတ်ဖက်အဖွဲ့အစည်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ Aus Aid က

(သတင်းစဉ်)

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.John Bercow ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr.Matthew James Hedges၊ လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

သဘာဝဓာတ်ငွေ့ သန့်စင်ခွဲထုတ်သည့် ကိရိယာအစိတ်အပိုင်း ချွတ်ယွင်းမှုဖြစ်ပေါ် ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုအား ရပ်ဆိုင်းခဲ့ရ

နေပြည်တော် ဇူလိုင် ၂၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင် (Platform) ရှိ သဘာဝဓာတ်ငွေ့ သန့်စင်ခွဲထုတ်သည့် ကိရိယာအစိတ်အပိုင်းချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုအား ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ တွင် စတင်ရပ်ဆိုင်းခဲ့ရပြီး ပြုပြင်ခန့်မှန်းချိန် ၃၆ နာရီခန့် ကြာမြင့်မည်ဖြစ်သည်။ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ်(၄)နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံများတွင် ကုန်ထုတ်လုပ်မှုအား ရပ်ဆိုင်းထားပြီး လော်ကာသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ခန့်အား ဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များ မြို့နယ်/ရပ်ကွက်တွင်းရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းများအား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ဓာတ်အားစနစ် ညှိနှိုင်းမှုအရ ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်မှု အပြည့်အဝသုံးစွဲနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ မြို့နယ်/ရပ်ကွက်တွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား ဇွန် ၂၆ ရက်က စတင်၍ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့်အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန်ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သည့် အကြံပြုချက်များအပေါ်အရေးယူဆောင်ရွက်မှုအခြေအနေများ

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မော်တော်ယာဉ်များ ကုန်ပစ္စည်းသယ်ဆောင်သွားလာရာတွင် မလိုအပ်ဘဲ အခွန်များကို အကြိမ်ပေါင်းများစွာ ပေးဆောင်နေရခြင်း၊ လှိုင်သာယာစက်မှုဇုန်မှ သီလဝါဆိပ်ကမ်းသို့ သင်္ဘောတင်ရန်ပို့ဆောင်ရသော ဆန်၊ ပဲ စသည့် တင်ပို့ကုန်ပစ္စည်းတစ်ခုချင်းအပေါ်တွင် ငွေကျပ် ၅၀၀ခန့် ပိုမိုပေးဆောင်နေရခြင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြရာတွင် စီးပွားရေးလုပ်ငန်းသုံးများအတွက် မော်တော်ယာဉ်လိုင်စင်ခွန်အား ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနကကောက်ခံပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ လမ်းများအား အသုံးပြုမောင်းနှင်သော ကုန်ပါသည့်မော်တော်ယာဉ်များအတွက်သာ လမ်းအသုံးပြုခနှင့်ဘီးခွန်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကောက်ခံပါသည်။ တစ်နှစ်လျှင် မော်တော်ယာဉ်လိုင်စင်ဝင်သည့် တစ်ကြိမ်သာ ဘီးခွန်ကောက်ခံခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် မော်တော်ယာဉ်အရေအတွက်နှင့် လက်ရှိမော်တော်ယာဉ်အသုံးပြုမှုအရေအတွက်မှာ များစွာခြားနားတိုးတက်လာခြင်း၊ မြို့တော်နယ်နိမိတ်အတွင်း ဖောက်လုပ်ထားသော လမ်းမိုင်များမှာလည်း ယခင်အခြေအနေထက် များစွာကွာခြားခြင်းတို့ကြောင့် ဘီးခွန်အား တိုးမြှင့်ကောက်ခံရန်လိုအပ်သော်လည်း ၁-၉-၁၉၉၇ ရက်နေ့မှ ယနေ့အထိ ဘီးခွန်နှုန်းထားထပ်မံတိုးမြှင့်ခြင်းမပြုဘဲ အောက်ပါဈေးနှုန်းများအတိုင်း ကောက်ခံခဲ့ပါသည်-

စဉ်	မော်တော်ယာဉ်အမျိုးအစား	ကောက်ခံသည့် နှုန်း(တစ်နှစ်)
(က)	၃၀၀၁ မှ ၄၀၀၀ ကီလိုဂရမ်အထိ	၁၅၆၀/-ကျပ်
(ခ)	၄၀၀၁ မှ ၅၀၀၀	၂၂၈၀/-ကျပ်
(ဂ)	၅၀၀၁ မှ ၆၀၀၀	၂၅၂၀/-ကျပ်
(ဃ)	၆၀၀၁ မှ ၇၀၀၀	၃၀၀၀/-ကျပ်
(င)	၇၀၀၁ မှ ၈၀၀၀	၃၃၆၀/-ကျပ်
(စ)	၈၀၀၁ မှ ၉၀၀၀	၃၇၂၀/-ကျပ်
(ဆ)	၉၀၀၁ မှ ၁၀၀၀၀	၄၃၂၀/-ကျပ်

၂။ အကြံပြုချက်တွင် ကုန်တင်ယာဉ်တစ်စီးသည် ရန်ကုန်စည်ပင်နယ်နိမိတ်ဖြစ်သော အနောက်ဘက်လှိုင်သာယာ၊ ထန်းတပင်နှင့် အရှေ့ဘက်သန်လျင်မြို့များသို့ ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် မလိုအပ်ဘဲ အခွန်အခများကို အကြိမ်ပေါင်းများစွာ ပေးဆောင်နေရခြင်း၊ လှိုင်သာယာစက်မှုဇုန်မှ သီလဝါဆိပ်ကမ်းသို့ သင်္ဘောတင်ရန် ပို့ဆောင်ရသော ဆန်၊ ပဲ၊ တင်ပို့ကုန်ပစ္စည်းတစ်ခုချင်းအပေါ်တွင် ငွေကျပ် ၅၀၀ ခန့် ပိုမိုပေးဆောင်နေရခြင်းဟုတင်ပြထားရာ ယင်းကုန်ပစ္စည်းတစ်ခုချင်းအပေါ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အခွန်ငွေကောက်ခံခြင်းမပြုပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြထားပါသည်။

၃။ လှိုင်သာယာစက်မှုဇုန်မှ ထွက်ခွာလာသော ကုန်တင်မော်တော်ယာဉ်သည် လှိုင်သာယာမြို့နယ် ညောင်တုန်းလမ်း၊ ယင်းမှ အောင်ဇေယျတံတား၊ ယင်းမှ ဘုရင့်နောင်လမ်း၊ ယင်းမှ ကွန်ကရစ်ကမ်းနားလမ်း၊ ယင်းမှ မဟာဗန္ဓုလတံတား၊ ယင်းမှ ရှုခင်းသာမြို့ပတ်လမ်း၊ ယင်းမှ သံလျင်တံတားအမှတ်(၁)မှတစ်ဆင့် သန်လျင်မြို့သို့ သွားရောက်သကဲ့သို့ သန်လျင်တံတားအမှတ်(၁)ကိုအသုံးမပြုပါက မဟာဗန္ဓုလတံတားဖြတ်ပြီး ရှုခင်းသာမြို့ပတ်လမ်း၊ ဧရာဝဏ်လမ်း၊ ပဲခူးမြစ်လမ်း၊ ယင်းမှ ဒဂုံတံတား (သန်လျင်တံတားအမှတ်-၂)ကိုဖြတ်၍ သီလဝါဆိပ်ကမ်းသို့ သွားရောက်ပါသည်။ အဆိုပါဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များအား အောက်ပါအတိုင်းကောက်ခံပါသည်-

(က) အောင်ဇေယျတံတားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာကုမ္ပဏီမှ တံတားဖြတ်သန်းခ (ကုန်ပါ၊ ကုန်မပါယာဉ်အားလုံး)။

(ခ) ကွန်ကရစ်ကမ်းနားလမ်းတွင် ကောင်းမြတ်သောမြေကုမ္ပဏီမှ လမ်းအသုံးပြုခ။

(ဂ) ကျန်လမ်းများဖြစ်သော ဘုရင့်နောင်လမ်း၊ ရှုခင်းသာ မြို့ပတ်လမ်း၊ ဧရာဝဏ်လမ်း၊ ပဲခူးမြစ်လမ်း စသည်များ အသုံးပြုခြင်းအတွက် လမ်းအသုံးပြုခကို "ကုန်ပါသောမော်တော်ယာဉ်များအတွက်သာ" ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာနက သန်လျင်တံတားနှင့် ဒဂုံတံတားတို့ရှိ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်မှ ကောက်ခံပါသည်။

၄။ တံတားဖြတ်သန်းခ၊ လမ်းအသုံးပြုခများသည် ယင်းလမ်းအသုံးပြုမှုအပေါ်တွင် အခြေခံ၍ ကောက်ခံခြင်းဖြစ်ပြီး အောက်ပါအတိုင်း ခွဲခြားထားပါသည်-

(က) **ဆောက်လုပ်ရေးလမ်းများ။** ယင်းလမ်းသို့ ဖြတ်သန်းသည့် မည်သည့် ယာဉ်ကိုမဆို ဖြတ်သန်းသည့်အကြိမ်တိုင်း လမ်းအသုံးပြုခ ကောက်ခံခြင်း ဖြစ်ပါသည်။ ဥပမာ- ညောင်တုန်းမှ ရန်ကုန်သို့ မော်တော်ယာဉ်တစ်စီး မောင်းနှင်လာပါက ထန်းတပင်မြို့နယ်အတွင်းရှိ တူးချောင်းဂိတ်မှ ယင်းမော်တော်ယာဉ်အတွက် လမ်းအသုံးပြုခကောက်ခံ၍ ယင်းလမ်းအသုံးပြုခသည် တူးချောင်းမှ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားအထိ ဆောက်လုပ်ရေးလမ်းအတွက် ကောက်ခံခြင်းဖြစ်ပါသည်။

(ခ) **တံတားဖြတ်သန်းခ။** ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကောက်ခံခြင်းဖြစ်ပြီး တံတားဖြတ်သန်းသည့်အကြိမ်တိုင်း ယာဉ်အားလုံးကို ကောက်ခံပါသည်။

(ဂ) **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကောက်ခံသည့် လမ်းအသုံးပြုခ။** ကုန်ပါသောမော်တော်ယာဉ်များကို ကောက်ခံပြီး ကျန်လူစီးယာဉ်၊ ကိုယ်ပိုင်ယာဉ်နှင့် ကုန်မပါသော မော်တော်ယာဉ်များကို ကောက်ခံခြင်းမပြုပါ။ ၂၄ နာရီအတွင်း ဖြတ်သန်းခြင်းအတွက် တစ်ကြိမ်သာ ကောက်ခံပါသည်။ (ဂိတ်တစ်ဂိတ်တွင် ကောက်ခံပြီးသော ပြေစာအား ၂၄ နာရီအတွင်း ပြသနိုင်ပါက ကျန်ဂိတ်များတွင် ကောက်ခံခြင်းမပြုပါ။) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းများ၏ကွန်ရက်သည် များပြားသဖြင့် လမ်းအသုံးပြုခကောက်ခံရေးစခန်းများကို မြို့ဝင်လမ်းများတွင် မှော်ဘီ၊ အင်းတိုင်၊ သန်လျင်၊ လှိုင်သာယာ၊တည်းကုန်း၊ ဒဂုံတံတား၊ ရွာသာကြီး(ပုံသေဂိတ်)၊ အင်းစိန်(ပုံသေဂိတ်)၊ ဖောင်ကြီး(ပုံသေဂိတ်)ဟူ၍ ဂိတ်များခွဲ၍ ကောက်ခံပါသည်။

၅။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း သက်သေခံလက်မှတ် (B.C.C) စစ်ဆေးထောက်ခံချက်ပေးသည့် လုပ်ငန်းနှင့်အခွန်ဌာနနှစ်ခုတို့မှ မလိုအပ်သည့်အဆင့်များကို ဖြေလျှော့ပေးစေလိုပါကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြရာတွင်** ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၇-၈-၂၀၀၆)ရက်စွဲပါ စာအမှတ်၊ ဘခ-၂/၁၁ (၁၁၃၀/၂၀၀၆) ဖြင့် အကြောင်းကြားလာမှုအရ လည်းကောင်း၊ (၂၀-၁-၂၀၁၂)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးနှင့်လုံခြုံရေးညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စစိစစ်ပြီးကြောင်း ထောက်ခံချက်ပါရှိမှသာ သတ်မှတ်ထားသော စံနှုန်းနှင့်ကိုက်ညီမှု ရှိ/ မရှိ မြေပြင်တွင် ကွင်းဆင်းစစ်ဆေးပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း သက်သေခံလက်မှတ် (B.C.C) ခွင့်ပြုမိန့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အထပ်နိမ့်အဆောက်အအုံများ (B.C.C) လျှောက်ထားလာပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စစိစစ်ပြီးစီးကြောင်း ထောက်ခံချက်ပါရှိရန်မလိုဘဲ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း သက်သေခံလက်မှတ် (B.C.C) အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ သတ်မှတ်စံနှုန်းနှင့် ကိုက်ညီမှု ရှိ/မရှိ မြေပြင်တွင် ကွင်းဆင်းစစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၆။ **ရန်ကုန်မြို့တော်တွင် ဆိုင်ကယ်များမစီးရဟု အမိန့်ထုတ်ထားသော်လည်း ဆိုင်ကယ်များ သွားလာလျက်ရှိကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြရာတွင်** (၈-၆-၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးနှင့် လုံခြုံရေးညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များအတွင်း ဆိုင်ကယ်များစီးနင်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ဆိုင်ကယ်စီးနင်းသူများအား ပူးပေါင်းဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြထားပါသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ကျင်းပခဲ့သည့် ၂၀၁၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာမေးခွန်း နံပါတ်တစ်ခုသည် မှားယွင်းနေပါသဖြင့် ကျောင်းသားများနစ်နာမှုမရှိစေရေး စဉ်းစားပေးစေလိုကြောင်း အကြံပြု တင်ပြချက်အပေါ် ပညာရေးဝန်ကြီးဌာန၏ အရေးယူဆောင်ရွက်မှုအခြေအနေများ

၁။ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာမေးခွန်း နံပါတ်-၁၂-B မှ (၅)မှတ်တန်မေးခွန်းပုစ္ဆာ မပြည့်စုံခြင်းအပေါ် အမှတ်ပေးစည်းမျဉ်းရေးဆွဲစဉ်ကတည်းက စစ်ဆေးတွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါပုစ္ဆာဖြေဆိုသူတိုင်းကို အမှတ်(၅)မှတ်ပေးခဲ့ပြီး မေးခွန်းပြုစုသူအား ပြင်းထန်စွာ သတိပေးခဲ့ပြီးကြောင်း တင်ပြထားပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

ကောင်အထည် များမှ ဆောင် သည့် စီမံချက် ကောင်း၊ မိတ် မှ ပူးပေါင်းလို သော်လည်း နှင့် တစ်ဖက် လင်းမြင်သာမှု ဝန်ယူမှုတို့မှာ င်း ဆွေးနွေးခဲ့ ar Develop- Institute မှ ဒေါက်တာ ဖွဲ့အစည်းများမှ စိုးရသို့ ပံ့ပိုး ပ်ကြောင်းနှင့် ေါင်းဆောင်ရွက် ကြောင်း၊ စီမံခန့်ခွဲ တိုးတက်မှုများ ချက်များ ဆောင် ချက်ရေးဆွဲရေး စ်တကျဆောင် ကြောင်း၊ မြန်မာ အဖွဲ့ဝင်ဖြစ်လာ င်းနှင့် ပြည်သူ့ ၍ စီမံခန့်ခွဲသွား

ေါင်းဆောင်ရွက်မှု ာ ခေါင်းဆောင် င်းမြင်သာမှုရှိ ကြောင်း၊ မူဝါဒ အထည်ဖော်ရန် ထိရောက်သော က်သောဖွံ့ဖြိုးမှု ရွက်ရန်လိုအပ်

းဖြစ်ပေါ်

၉ ရက် နံနက် ရေဘေးသင့် ၏ မြေနိမ့်ပိုင်း လျက်ရှိသည်။ စ်မြုပ်လျက်ရှိ နီးပါး ရေများ င့်မိုရ်(မြဝတီ)



သတင်းဆောင်းပါးနှင့် ပြည်တွင်းသတင်း

စပါးစိုက်ဧက ၄၀၀၀ကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်း

စိန်လှိုင်ဗိုလ်

နိုင်ငံ၏လူဦးရေသန်း ၆၀ တို့အတွက် စားနပ်ရိက္ခာလောက်ငမှုလုံစေရန် နိုင်ငံတော်က ကြိုးပမ်းအားထုတ်နေသည်ကို သတင်းစာမျက်နှာများပေါ်တွင် ဝမ်းမြောက်အားရစွာ တွေ့မြင်ဖတ်ရှုနေရပါသည်။ ယနေ့ကာလတွင် စိုက်ဧကနှင့် အထွက်နှုန်းသည် လူဦးရေသန်း ၆၀ အတွက် လောက်ငမှုလုံနေသေးသော်လည်း နောင်ကာလတွင် တိုးပွားလာမည့် လူဦးရေသန်း ၈၀၊ သန်း ၁၀၀ ၏ ပါးစပ်ပေါက်များအတွက် လောက်ငမှုလုံရန်၊ စိုက်ဧကများ တိုးပွားရန် အထူးပင်လိုအပ်ပြီး အထွက်နှုန်းတိုးရန် အမှန်ပင်လိုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လယ်ကွင်းထဲဆင်း၍ စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး တစ်သီးစားမှ နှစ်သီးစား နွေစပါးအပြင် မိုးစပါး သီးထပ်သီးညှပ်စိုက်ပျိုးရန် ကြိုးပမ်းအားထုတ်နေသည်ကို ကျေနပ်အားရဖွယ်တွေ့မြင်ရပါသည်။ ယနေ့ကာလတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၏ ကားလမ်းနံဘေး ဝဲယာတို့တွင် စပါးစိုက်၍ ရပါလျက် စပါးမစိုက်တော့သော လယ်ကွင်းယာကွင်းများကို စိတ်မချမ်းမြေ့စွာ တွေ့မြင်နေရရာ စာရေးသူသည် **၂၀၁၃ ခုနှစ် မတ် ၉ ရက်၊ စနေနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ- ၁၅ တွင် “ စိုက်ဧကနည်းလာသည့်အရေး ပူပန်စရာ”** ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ဖူးပါသည်။ ကျင်းပနေဆဲ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကြီးတွင် ပဲခူးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ဦးကလည်း စိုက်ဧကများလျော့နည်းလာသည့်အရေးကို အရေးယူဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း အားတက်ဖွယ်ရာ တွေ့မြင် ကြားသိလိုက်ရပါသည်။ ယခုအခါ **လ/န (၃၉) မရရှိသေးသော လျှောက်ထားဆဲလယ်မြေတွင် ကျောက်တိုင်စိုက်၍ ကာရံထားသည်များကို ကျောက်တိုင်များနုတ်၍ စပါးပြန်စိုက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရများက စီမံဆောင်ရွက်နေ**ကြောင်း သတင်းကောင်းတစ်ရပ် ကြားသိရပါသည်။ ထိုသတင်းမှန်ပါက ဆောင်းပါးရေးသူ သတင်းသမားရော၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပါ ပီတိအမှန်ဖြစ်ကြရပါလိမ့်မည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနသည် နိုင်ငံတော်သမ္မတကြီးက နောင်တိုးပွားလာမည့် နိုင်ငံ့လူဦးရေသန်း ၁၀၀ သော ပါးစပ်ပေါက်များ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် လျော့ပါးသွားသော စိုက်ဧကများနေရာတွင် ဖြည့်စွက်ဖြည့်ဆည်းစိုက်ပျိုးနိုင်ရန် အချိန်ကိုက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရသော သတင်းကောင်းတစ်ခုကို တင်ပြလိုပါသည်။ မြန်မာ့လယ်ယာမြေများသည် နှစ်ကာလကြာညောင်းသည်နှင့် အမျှ ထိန်းသိမ်းပြုပြင်မှု အားနည်းခြင်းကြောင့် သဘာဝအလျောက်ပင်လျှင် ရေကြီးနစ်မြုပ်မှုကြောင့် စိုက်မရ၊ ပျိုးမရ ဖြစ်ခဲ့ရသည်များ ရှိသည်။ ထိုသို့စိုက်ပျိုးမရသော လယ်မြေများမှာ နိုင်ငံတစ်ဝန်းဒေသအသီးသီးတွင် အနည်းနှင့် အများရှိနေတတ်ကြပါသည်။ ဝေါမြို့နယ်ဦးမိုးပတ်တာကို ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်လိုက်ခြင်းဖြင့် ယခင်က စိုက်ပျိုး၍မရသော လယ်ဧက ၄၀၀၀ ပြန်လည်ပေါ်ထွန်းလာခြင်း သတင်းကောင်း ဖြစ်ပါသည်။

ဦးမိုးပတ်တာသည် ဝေါမြို့နယ်အတွင်းတည်ရှိပြီး ရှေးယခင်က ကိုယ်ထူကိုယ်ထပြုလုပ်ထားသော တာတစ်ခုဖြစ်ပြီး နှစ်စဉ်ပြုပြင်နိုင်မှု မရှိသဖြင့် ပျက်စီးယိုယွင်းခဲ့သည်။ ဒေသခံတောင်သူလယ်သမားများကလည်း ကျွဲ၊ နွားများ လွှတ်ကျောင်းခြင်းကို စနစ်တကျထိန်းချုပ်နိုင်မှု မရှိခြင်းကြောင့် ဦးမိုးပတ်တာ ပျက်စီးခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် ဆိုးရွားလာခဲ့ပြီး ရှိသင့်ရှိထိုက်သည့် အမြင့်ပေနှင့် တာလုံးကိုယ်ထည် မရှိခြင်းကြောင့် နေရာအနှံ့အပြား ကျိုးပေါက်မှုများဖြစ်ပေါ်ကာ စပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။ ဦးမိုးပတ်တာသည် ဝေါမြို့နယ် ကြာလဟာ ကျေးရွာအုပ်စုအနီး မိုးယွန်းကြီး ရေလှောင်ကန်၊ မိုးယွန်းကြီး ဖွဲ့ဘတ်တာရှိ နွေစပါးရာသီ ရေပေးပြွန်ပေါက်တစ်ခုဖြစ်သည့် ခြောက်မိုင်ပြွန်ပေါက်၏ ရေပေးမြောင်းဘေးတစ်လျှောက်တွင် တည်ရှိသည်။

ယခုအခါ အရှည်အားဖြင့် ၄ ဒသမ ၅ မိုင်၊ ထိပ်ဝအကျယ် ရှစ်ပေ၊ အမြင့် ၆ ဒသမ ၅ပေရှိသည့် ဦးမိုးပတ်တာအား ဆည်မြောင်းဦးစီးဌာနက အခိုင်အမာပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ အကျိုးသက်ရောက်မှုအနေဖြင့် ဝေါမြို့နယ်အတွင်း လယ်မြေဧက ၄၀၀၀ ကျော်အား နွေစပါး၊ မိုးစပါးရေသွင်းစိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသခံတောင်သူလယ်သမားများအတွက် မြေကြီးကရွှေသီးတော့မည်ဖြစ်သည်။ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်တော့မည်ဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ တင်ပြလိုက်ရပါသည်။ ။

ဦးမိုးပတ်တာအား ဆည်မြောင်းဦးစီးဌာန ပြန်လည်ဆောင်ရွက်စဉ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု

နေပြည်တော် ဇူလိုင် ၂၉

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကွန်ကရစ်လမ်း(၅/၀)မိုင်နှင့် ခနောင်ထော်-ကျောင်းရွာကျေးလက်ကွန်ကရစ်လမ်း (၂/၂)မိုင်တို့အား ဖောက်လုပ်ပြီးစီးခဲ့ရာ အိုင်ဝိုင်း၊ သိုက်ကုန်း၊ ခနောင်ထော်နှင့် ကျောင်းရွာကျေးရွာနေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ကောင်းမွန်လာကြောင်း သိရှိရပြီး အဆိုပါ လမ်းဖောက်လုပ်ပေးသည့်အတွက် အိုင်ဝိုင်း-သိုက်ကုန်းကျေးရွာအုပ်စုခြောက်အုပ်စုမှ ကျေးရွာပေါင်း ၃၄ ရွာ၊ အိမ်ခြေပေါင်း ၂၄၈၇ အိမ်၊ လူဦးရေပေါင်း ၁၁၅၄၁ ဦးနှင့် ခနောင်ထော်နှင့်ကျေးရွာအုပ်စု နှစ်အုပ်စုရှိ ကျေးရွာပေါင်း နှစ်ရွာ၊ အိမ်ခြေပေါင်း ၃၂၉ အိမ် လူဦးရေပေါင်း ၁၄၃၈ ဦးတို့သည် ယခင်က ရေလမ်းခရီးကိုသာ အဓိကအားထားသွားလာရပြီး စက်လှေဖြင့် မအူပင်မြို့သို့ သုံးနာရီကျော်သွားလာရကြောင်း၊ ယခုအခါ ကွန်ကရစ်လမ်းများ၊ ကျောက်ချောလမ်းများ ဆောင်ရွက်ပေးမှုကြောင့် ၄င်းကျေးရွာများမှ မအူပင်မြို့သို့ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီး၊ ဆိုက်ကားများဖြင့် ရာသီမရွေး အလွယ်တကူသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ပန်းတနော်မြို့နယ်အတွင်း ပသွယ်ကျေးရွာတွင် ပသွယ်ကျေးလက်တံတားနှင့် ချောင်းကလေးကျေးရွာ၊ အိုးဘိုကျေးရွာ၊ ကပိုင်ကျေးရွာအုပ်စုများသို့ ဆက်သွယ်သည့် ကျုံပတောချောင်းကူး (အိုးဘို) ကျေးလက်တံတား ကွန်ကရစ်၊ အုတ်ခုံခုံ၊ သံပေါင်သစ်သားခင်းတံတားတို့ကို ဆောက်လုပ်ပြီးစီးခဲ့ရာ အဆိုပါတံတားအား အသုံးပြုလျက် ၄င်းအိုးဘိုကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၄၅ ရွာ၊ အိမ်ခြေပေါင်း ၃၉၅၂ အိမ်၊ လူဦးရေပေါင်း ၁၈၄၄၀ နှင့် ပသွယ်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၄၀၊ အိမ်ခြေပေါင်း ၃၃၂၅ အိမ်၊ လူဦးရေပေါင်း ၁၅၆၈၇ ဦးတို့သည် အချိန်တိုအတွင်း ပုသိမ်၊ ရန်ကုန်၊ အိမ်မဲစသည့် မြို့ကြီးများသို့ စိတ်ချမ်းမြေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကတ္တရာလမ်း (၁၁/၆)မိုင်၊ ကျောက်လမ်း ၁၃ မိုင်၊ မြေသားလမ်း ၂၅ မိုင်နှင့် သစ်သားတံတား ပေ ၁၂၇၀၊ ရေပြွန် ၃၆၅ ပေ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(နယ်စပ်ရေးရာ)**

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူ့ဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့်အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနများကိုမှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @ gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

စာတည်းအဖွဲ့

ကျိုက်ထီးရိုးရင်ပြင်တော်ကားဂိတ်အနီး မိုးကြီး၍ မြေပြိုကျမှုဖြစ်ပွား

ကျိုက်ထို ဇူလိုင် ၂၉

ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ကားဂိတ်အနီး အလျှုခံမဏ္ဍပ်မှခြေကျင်လမ်းအဆင်း လေးဖာလုံခန့်တွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မိုးရွာသွန်းမှုများပြားပြီး မိုးသက်လေပြင်းများ ကျရောက်ခဲ့ရာ ကွန်ကရစ်လမ်းအကျယ် နှစ်ပေ၊ အရှည် လေးပေခန့်နှင့် မြေသားအရှည်ပေ ၂၀ ခန့် ပြိုကျခဲ့သည်။ ယာဉ်ရပ်နားစခန်းရှိ ကားပါကင် အဆောက်အအုံမှာ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများလန်ကာ လမ်းပေါ်သို့ ကျရောက်ခဲ့ပြီး ယင်းအဆောက်အအုံပေါ်သို့ပင် လျှပ်စစ်ဓာတ်တိုင်နှစ်တိုင် လဲပြိုကျခဲ့ရာ လျှပ်စစ်မီးများ ပြတ်တောက်ခြင်းနှင့် ကားလမ်းပိတ်ဆို့ခြင်းဖြစ်ပွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်စုံတစ်ဦးမျှ မရှိဘဲ ဂေါပကအဖွဲ့ တောင်တက်အသင်း၊ ရဲတပ်ဖွဲ့များနှင့်တာဝန်ရှိသူတို့က မြေပြိုကျရာအနီး နေထိုင်လျက်ရှိသည့် တဲအိမ်ရှစ်လုံးမှ လူဦးရေ ၂၉ ဦးတို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ကားလမ်းများ ရှင်းလင်းခြင်းနှင့် လျှပ်စစ်မီးများအမြန်ဆုံးပြန်လည်ရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သန့်ရှင်းရေးဝန်ထမ်းက ကားဘက်ထရီအိုးနှင့် ကား TV များကို ခိုးယူသဖြင့် အရေးယူ

ရန်ကုန် ဇူလိုင် ၂၉

ဇူလိုင် ၂၇ ရက် မွန်းလွဲ၂ နာရီက တာမွေမြို့နယ်နေ အောင်ကမ္ဘာ ကားအရောင်းပြခန်း မန်နေဂျာဖြစ်သူ ဦးကျော်မိုးထွန်းသည် အရောင်းပြခန်း၌ ရှိနေစဉ် တာဝန်ခံဖြစ်သူ ဒေါ်ဇာဇာစိန်က ကားအရောင်းပြခန်း ခြံဝင်းအတွင်း ရပ်ထားသော ကားများတွင်တပ်ဆင်ထားသည့် ဘက်ထရီအိုး ၂၃ လုံးနှင့် ကား TV နှစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၄၂၅၀၀ မှာ ပျောက်ဆုံးနေကြောင်း သိရသဖြင့် ဆိုင်ဝန်ထမ်းများကိုမေးမြန်းရာ ကားရေဆေး၊ သန့်ရှင်းရေးလုပ်သားမျိုးမြင့်စိန် (၂၉ နှစ်) မင်္ဂလာတောင်ညွန့်မြို့နယ်နေသူက ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီခွဲတွင် အရောင်းပြခန်းသို့ ရောက်ရှိပြီး ဘက်ထရီအိုး ၁၀ လုံးကို ဖြုတ်ယူခဲ့ကြောင်း ဝန်ခံကာ အခြားဝန်ထမ်းများအား ထပ်မံစစ်ဆေး မေးမြန်းနေစဉ် မျိုးမြင့်စိန်မှာ ထွက်ပြေးသွားသောကြောင့် အရေးယူပေးရန်တိုင်တန်းခဲ့၍ တာမွေမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-SP)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အနာဂတ်အလင်းရောင် စာကြည့်တိုက် ဖွင့်လှစ်

မြို့သစ် ဇူလိုင် ၂၉

မြို့သစ်မြို့နယ် ကံဆွယ်အုပ်စု ကံဆွယ်ကျေးရွာ အနာဂတ်အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသိန်းက စာကြည့်တိုက်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းနှင့် အလှူရှင်ဦးမိုးဝင်းနှင့် သိန်းဇော်ဦးတို့က ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

တည်ဆောက်ထားခဲ့

အဆိုပါ စာကြည့်တိုက်သည် အလျား ပေ ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၅ ပေ သွပ်မိုးနံကပ်တစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး လှူဒါန်းငွေကျပ် ၂၂ သိန်းဖြင့် တည်ဆောက်ထားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခွန်ပညာပေး ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံနေသော အခွန်များနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်းကို ဇူလိုင် ၂ ရက်က မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က ကျင်းပခဲ့ရာ ဗဟန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးနေရောင် (ဦးစီးအရာရှိ)က ရှင်းလင်းပညာပေးဆွေးနွေးသည်။ **(ပြည်တွင်းအခွန်)**

လှော်ကားဘူတာအနီးတွင် မီးရထားတွဲဘိုကီပြုတ်ကာ ဘီးချော်

ရန်ကုန် ဇူလိုင် ၂၉

ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က အမှတ်(၆၄)အစုန် ပြည်-ကြည့်မြင်တိုင်စာပို့ရထား၊ စက်ခေါင်းမောင်း ဦးကျော်စိုး မောင်းနှင်သည့် စက်ခေါင်းအမှတ် DF-၁၂၁၇မှာ လှော်ကားဘူတာအနီး မိုင်တိုင်အမှတ်(၁၄/၁၅)ကြားတွင် ဒုတိယတွဲချိတ်ဆက်ထားသော ဘိုကီပြုတ်ထွက်သွားပြီးနောက် ဘီးလေးဘီးမှာ သံလမ်းမှ နှစ်ပေခန့်အကွာသို့ ကျသွားခဲ့သဖြင့် ညနေ ၄ နာရီခွဲတွင် အင်းစိန်မီးရထားစက်ခေါင်းရုံမှ လက်ထောက်အင်ဂျင်နီယာမှူး ဦးသက်လွင်ပါ ၁၀ ဦးတို့ရောက်ရှိပြီး ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-SP)**

အငှားယာဉ် ခပ်များများ စီးမည့်သူ ခပ်ပါးပါး တက္ကစီယာဉ်မောင်းသူတို့၏ တစ်ဝမ်းတစ်ခါး

ရန်ကုန်မြို့၏ တစ်ခုသောလမ်းဆုံ မီးပွိုင့်အလယ်မှရပ်ကာ အရှေ့၊ အနောက်၊ တောင်နှင့်မြောက်၊ မည်သည့်အရပ်ကိုကြည့်ကြည့် မျက်စိတစ်ဆုံးမြင်တွေ့ရမည်မှာ ခရီးသည်တင်တက္ကစီအငှားယာဉ်များပင် ဖြစ်သည်။ ယာဉ်များတင်သွင်းခွင့်ရပြီးနောက်ပိုင်းသစ်လွင်လှပသော ယခင်ဇိမ်ခံစီးသော ကားအမျိုးအစားများပင် လမ်းများပေါ်၌ အငှားယာဉ်အဖြစ် ပြေးဆွဲနေကြသည်ကို တွေ့မြင်နိုင်ပေသည်။

သို့သော် မီးပွိုင့်တစ်ခု၌ ရပ်တန့်စောင့်ဆိုင်းနေသည့် ထိုထိုသောအငှားယာဉ်များအတွင်းသို့ စူးစမ်းကြည့်မိသည့်အခါတိုင်း အငှားယာဉ်ဆယ်စီးခန့်တွင် တစ်ဝက်ကျော်လောက်မှာ ခရီးသည်မပါ ဗလာသက်သက်တွေ့ရသည်။ တစ်နေရာတည်း၊ တစ်ပွိုင့်တည်းမှာသာမဟုတ်၊ နေရာအတော်များများကို အချိန်ကာလအတော်ကြာကြာအထိ သတိထားလေ့လာမိခဲ့သောကြောင့် ဆိုရခြင်းဖြစ်သည်။ ထို့အတူ အခြားအချက်အချာကျသော နေရာတို့၌လည်း ခရီးသည်ကိုမျှော်ကာ စောင့်ဆိုင်းနေသည့် တက္ကစီများသည်လည်း ရထားတွဲကြီးတစ်ခုပမာ ရှည်လျားစွာရှိနေသည်။

တက္ကစီအငှားယာဉ် တစ်စီး၏ အုံနာခသည် ဆီကားဖြစ်ပါက အုံနာကြေးတစ်နေ့ငွေကျပ် ၁၀၀၀၀ မျှရှိသည်။ စီအင်န်ဂျီကားဖြစ်ပါက အုံနာကြေး တစ်နေ့ငွေကျပ် ၁၅၀၀၀ မျှဖြစ်သည်။ ဆီကားမောင်းသူများအနေဖြင့် တစ်နေ့လျှင် အုံနာကြေးက ငွေကျပ် ၁၀၀၀၀၊ ဆီဖိုးကပျမ်းမျှအားဖြင့် ငွေကျပ် ၁၀၀၀၀ ခန့်ဖြစ်ကြောင်း၊ တစ်နေ့အတွက် မရမနေရှာဖွေရမည့် ငွေကြေးမှာ ငွေကျပ် ၂၀၀၀၀ ဖြစ်သည်။

စီအင်န်ဂျီအငှားယာဉ်မောင်းသူ တစ်ဦးအနေဖြင့် အုံနာကြေးက ငွေကျပ် ၁၅၀၀၀၊ ဂက်(စ်)က ငွေကျပ် ၅၀၀၀ ဝန်းကျင်ဖိုးခန့်ထည့်ရမည်ဖြစ်ရာ ၎င်းအနေဖြင့် တစ်နေ့အတွက် ကနဦးရှာဖွေရမည်မှာ ငွေကျပ်၂၀၀၀၀ ဖြစ်သည်။ ပိုရှာနိုင်မှသာလျှင် မိသားစုအတွက် ကျန်မည်ဖြစ်သည်။ အိမ်စရိတ်ရကြမည်ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း မုတ်သုံအားကြောင့် မိုးကကောင်းလွန်းလှသည်။ တစ်နေကုန်ရွာလိုက်၊ တိတ်လိုက်နှင့် တော်ရုံတန်ရုံကိစ္စလောက်နှင့်စီးမည့်သူများက အပြင်မထွက်ကြတော့။ ဘတ်(စ်)ကားကြီးများပင်လျှင် ယာဉ်နောက်လိုက်များပြောတတ်သော "ဝါသနာပါရင် ဘေးလုံးတောင်ကန်လို့ရတယ်" ဆိုသကဲ့သို့ ခရီးသည်မရှိဖြစ်နေသည်။

ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီးနှင့် တော်ဝင်လမ်းထောင့် ပန်းတည်းတန်းဓမ္မာရုံရှေ့၌ ဂိတ်ထိုးကြသော တက္ကစီယာဉ်မောင်းသူတို့နှင့် စကားဝိုင်းဖွဲ့ဖြစ်သည်။

အငှားယာဉ်မောင်းသက်တမ်း ၁၅ နှစ်ကျော်ရှိပြီဖြစ်သာ ကိုအောင်ညွန့်က "အခုမွန်းလွဲ ၂ နာရီရှိနေပြီ အိတ်ထဲမှာ ငွေကကျပ် ၁၀၀၀၀ မပြည့်သေးဘူး။ အုံနာကြေးနဲ့ ဆီဖိုးပြည့်အောင်ဆိုရင် နောက်ငွေကျပ် ၁၀၀၀၀ လောက်ရှာရဦးမယ်။ ဈေးဖိုးကတော့ ပြောနေကျအတိုင်းပဲ။ မိန်းမရေ ဒီနေ့လည်း ဆွဲမကောင်းလို့ ဈေးဖိုးခဏစိုက်ထားလိုက်ပါဦးလို့ပဲ ပြောရဦးမှာပဲ" ဟုဆိုလာသည်။ စာရေးသူ၏ သည်နေ့ဆွဲကောင်းလားဟု အမေးကို တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုခိုင်သက်ဝင်းက "တက္ကစီတွေက ရန်ကုန်မှာ စီးနိုင်တဲ့ခရီးသည်ထက် ပိုများနေပြီထင်တယ်။ ယာဉ်ကြောကျပ်လို့ ရပ်နေတဲ့နေရာတိုင်းကို ကြည့်လိုက် တက္ကစီအစီး ၅၀ ကျော်လောက် တစ်နေရာတည်းမှာ စုနေတာကိုတွေ့ရလိမ့်မယ်။ ကားဈေးတွေကျလာတော့ ငွေပေါတဲ့သူတွေက တက္ကစီထောင်ကြတယ်။ တစ်နေ့ ငွေကျပ် ၁၀၀၀၀၊ ၁၅၀၀၀ ပုံမှန်ဝင်ငွေရတယ်ဆိုပြီးတော့ လုပ်ကြတာ။ မောင်းတဲ့သူတွေအနေနဲ့ကတော့ တစ်ခါတစ်ခါ အုံနာကြေးမပြည့်လို့ မှတ်ထားပါဦးနဲ့တင်ထားတဲ့ စပေါ်ငွေလေးတောင် တဖြည်းဖြည်းနဲ့ပွဲလာပြီ" ဟု အတွေ့အကြုံရှင်းလင်းပွဲမှာ ပြောပြလာသည်။

ကိုမြင့်အေးက "အခုဘယ်နေရာသွားသွား ယာဉ်ကြောတွေက ကျပ်နေတယ်။ လှိုင်သာယာ၊ ဘုရင့်နောင်၊ တာမွေဘက်တွေဆို သိပ်မလိုက်တော့ဘူး။ ယာဉ်ကြောကျပ်လို့ အချိန်ကုန်လို့ဆိုပြီး ခရီးသည်ဆီက ပိုတောင်းလို့ရတာ မဟုတ်ဘူး။ ဘုရင့်နောင်လို ယာဉ်ကြောကျပ်ထဲ ဝင်သွားမိရင် အနည်းဆုံးနှစ်နာရီပဲ့သွားပြီ၊ အခုရက်တွေကမိုးကလည်းကောင်း၊ တက္ကစီတွေကလည်းများ ခရီးသည်ကလည်းပါးနဲ့ တက္ကစီတောင်ဆွဲမစားချင်တော့ပါဘူး" ဟု ငိုချင်းရှည်တစ်ပုဒ်လို ဆိုလာမှုကြောင့် ယနေ့တက္ကစီယာဉ်မောင်းသူများ၏ တစ်ဝမ်းတစ်ခါးရှာဖွေနေရမှုအပေါ် တစ်စိတ်တစ်ဒေသအားဖြင့် လှစ်ဟပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာစီနီယာပီဂျီအေက ကြီးမှူးကျင်းပသော "2nd Myanmar Senior PGA Championship 2013 " ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က မန္တလေးမြို့ရှိ Oriental House Restaurant ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ အမှုဆောင်များ၊ မြန်မာစီနီယာပီဂျီအေ ဥက္ကဋ္ဌ ဦးစန်းနောင် အတွင်းရေးမှူး ဦးချမ်းဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြန်မာစီနီယာပီဂျီအေ အထက်မြန်မာပြည် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က Senior Amateur အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၅၃ ချက်ဖြင့် ပဉ္စမရရှိသော ဦးဘေဘူး၊ စုစုပေါင်းရိုက်ချက် ၂၅၃ ချက်ဖြင့် စတုတ္ထရရှိသော ဦးဝင်းမောင်၊ စုစုပေါင်းရိုက်ချက် ၂၅၃ ချက်ဖြင့်တတိယရရှိသော ဒေါက်တာဝင်းသန့်၊ စုစုပေါင်းရိုက်ချက် ၂၄၂ ချက်ဖြင့် ဒုတိယရရှိသော ဦးအိုက်စံ၊ စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် ပထမဆုရရှိသော ဦးနေမျိုးသောင်းတို့အား ဆုများချီးမြှင့်ပြီး မြန်မာစီနီယာပီဂျီအေဥက္ကဋ္ဌ ဦးစန်းနောင်က Senior Professional အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၄ ချက်ဖြင့် ပဉ္စမရရှိသော Surachai Paraphon (Thailand)၊ စုစုပေါင်းရိုက်ချက် ၂၁၈ ချက်ဖြင့် စတုတ္ထရရှိသော ဦးမြင့်သောင်း P.R.G.R၊ စုစုပေါင်းရိုက်ချက် ၂၁၈ ချက်ဖြင့် တတိယရရှိသော ဦးအေးကိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယရရှိသော ဦးမြင့်သိန်း၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ပထမဆုရရှိသော ဦးမြင့်ရွှေ (Srixon) တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာစီနီယာပီဂျီအေ အမှုဆောင် ဦးချစ်စံက ပထမဆုရရှိသော ဦးမြင့်ရွှေ (Srixon)အား ဆုကြေးငွေ ကျပ်သိန်း ၂၀ တန် ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

ညီညီစိုးညွန့်

အာဆီယံဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ မြို့နယ်အဆင့်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

နေပြည်တော်ပညာရေးရုံးမှ ဦးဆောင်ကျင်းပသည့် 6th ASEAN Quiz ၏ National Level ၂၀၁၃ ဆဋ္ဌမအကြိမ် အာဆီယံဗဟုသုတဉာဏ်စမ်းပြိုင်ပွဲအတွက် နေပြည်တော် ပျဉ်းမနားမြို့၌ မြို့နယ်အဆင့် ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ ပျဉ်းမနားမြို့နယ်မှ အထက(၁)နှင့် အထက(၂)မှ ကျောင်းသူတစ်ဦးစီဖြေဆိုအောင်မြင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် အာဆီယံဗဟုသုတဉာဏ်စမ်းပြိုင်ပွဲကို မြန်မာနိုင်ငံမှတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး အသက် ၁၇ နှစ် မကျော်လွန်သူ အင်္ဂလိပ်စာကျွမ်းကျင်မှု၊ စိတ်နေစိတ်ထားနှင့် စည်းကမ်းလိုက်နာမှု၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်မှုနှင့် အာဆီယံဗဟုသုတရှိမှုများကို ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲ၌ အာဆီယံနိုင်ငံများဆိုင်ရာ အထွေထွေဗဟုသုတနှင့်ပတ်သက်၍ ရေးဖြေနှင့် နှုတ်ဖြေ နှစ်မျိုးစလုံးကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည်ဖြစ်သည်။ ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်မြို့နယ်အဆင့်ဟူ၍ အဆင့်နှစ်ဆင့်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇူလိုင် ၃၀ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်အဆင့် အောင်မြင်ခဲ့သူများ၊ တိုင်းဒေသကြီးအဆင့် အာဆီယံဗဟုသုတဉာဏ်စမ်းပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

ကာရန်ခ

နယ်လှည့်စာကြည့်တိုက် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နမ့်ခမ်း ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အသိပညာများ သိရှိတိုးပွားလာစေရေးအတွက် နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့နှင့်ပူးပေါင်း၍ အောင်မင်္ဂလာရပ်ကွက်(နေဝန်းနီလူမှုကယ်ဆယ်ရေးစခန်း)၌ ဇူလိုင် ၂၄ ရက်ကကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နေခြည်သွေးက စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

အယ်လ်စိုး(Iprd)

ပြည်တွင်းသတင်း

နယ်သတင်းတိုများ

ခတ်အား အပြည့်အဝရရှိရေး ကွန်ကရစ်ဓာတ်တိုင်များလဲလှယ်

ကျွန်းလှ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် သစ်သားဓာတ်မီးတိုင်များအစား ကွန်ကရစ်ဓာတ်မီးတိုင်များကို ဇူလိုင် ၂၈ ရက်က ပျဉ်းမမြိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှု၊ မြို့နယ်လျှပ်စစ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းပြီးလဲလှယ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထီးလင်းမြို့နယ်၌ ထူးချွန်ဆုများချီးမြှင့်

ထီးလင်း ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ဂုဏ်ထူးရှင်များနှင့် ဘာသာရပ်သင်ဆရာများဆုချီးမြှင့်ပေးအပ်ပွဲကို ပုံတောင်-ပုံညာကြားရှိ ကျင်းကျေးရွာ အထက်တန်းကျောင်း(ခွဲ) စိန်ရတနာခန်းမ၌ ဇူလိုင် ၂၇ ရက် နံနက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြံနှင့်ကျင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်တို့က တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော တစ်ဘာသာဂုဏ်ထူးရှင်ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး ဂုဏ်ထူးရှင် စုစုပေါင်း ၁၅ဦး နှင့်ဘာသာရပ်သင်ဆရာခြောက်ဦးတို့အား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ကျင်းကျေးရွာအထက်တန်းကျောင်းခွဲသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘာသာရပ်အတွဲ (၁)နှင့် အတွဲ (၂)တို့မှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၃၉ ဦးတွင် ၂၈ ဦးအောင်မြင်ရာ ၇၁ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း သိရသည်။

ဖိုးသားလေး(ယောမြေ)

ပန်းတနော်၌ ထရန်စဖော်မာအသစ်တပ်ဆင်

ပန်းတနော် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ပြည်သူများ ဗို့အားပြည့်မီစွာဓာတ်အားသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးကိုကိုနိုင်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝဏ္ဏတို့၏ ဦးဆောင်မှုနှင့်အညီ မြို့နယ် လျှပ်စစ်မှူးဦးရန်နိုင်ထွန်းနှင့် ဝန်ထမ်းများက ပန်းတနော်မြို့ မြို့ကွက်သစ်ရပ်ကွက်တွင် ၁၁/၀ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအစီအစဉ်ဖြင့် တိုးချဲ့တည်ဆောက်တပ်ဆင်ပေးခဲ့ရာ မြို့ကွက်သစ်နေပြည်သူများ ဗို့အားပြည့်မီစွာ ဓာတ်အားသုံးစွဲရသဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

ဆရာဝန်ညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေး

တောင်ငူ ဇူလိုင် ၂၉

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ပဲခူးတိုင်းဒေသကြီး) ဆရာဝန်ညီလာခံ တောင်ငူ ၂၀၁၃ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ ရက် နံနက်က တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်တောင်ငူကြီးခန်းမ၌ကျင်းပရာ ညှိနှိုင်းဆွေးနွေးပွဲတွင် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး)၏ ဆရာဝန်ညီလာခံ တောင်ငူ ၂၀၁၃ ကို တောင်ငူမြို့ကေတုမတီဟိုတယ်၌ ၂၀၁၃ ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် ကျင်းပရန်နှင့် ညီလာခံတွင် ဆေးနှင့်ဆေးပစ္စည်းပြခန်းပေါင်း ၄၀ ကျော်ပါဝင်ပြသမည်ဖြစ်ပြီး ညီလာခံသို့ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်နှင့်ပြည်ခရိုင်လေးခုတို့မှ ညီလာခံကိုယ်စားလှယ်အသင်းဝင် ဆရာဝန် ၃၀၀ ကျော် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

(၁၁၅)

သပြေညို ပညာဒါနနှစ်ပတ်လည်နှင့် စာရေးကိရိယာလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ သပြေညိုပညာဒါနအကျိုးဆောင်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးပွဲနှင့် စာရေးကိရိယာလှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက်က အသင်းတည်ရာ သပြေညိုခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးတင်ညွန့်က တစ်နှစ်တာအတွင်း အသင်း၏ပညာရေးဆိုင်ရာဆောင်ရွက်မှုများကို ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၄ ကျောင်းသို့ ငွေကျပ် ၂၇ သိန်း တန်ဖိုးရှိ စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၁၅)

သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၂၉

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအကြောင်း ပညာပေးဟောပြောပွဲကို ကျင်းပသည်။ ရှေးဦးစွာ ရန်အောင်မြေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က အမှာစကားပြောကြားပြီး ဒက္ခိဏသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ဇူလိုင် ၂၈ ရက်က မြန်မာနိုင်ငံဓာတ်ပုံအသင်းသားများနှင့် သင်တန်းသားများ ဓာတ်ပုံပြိုင်ပွဲနှင့် ပြင်ပရိုက်ကူးလေ့လာရေးခရီးစဉ်အဖြစ် ပဲခူးမြို့ သဘာဝရှုခင်းများနှင့် စေတီပုထိုးများကို ရိုက်ကူးခဲ့စဉ်။

မိုးဝင်းသူ(ပဲခူး)

အောင်ပန်းအာလူး ဈေးကျ၊ ကြက်သွန်ဈေးနှုန်းတန့်

ရန်ကုန် ဇူလိုင် ၂၉

ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်တွင် စားအုန်းဆီလက်ကားရောင်းဈေး တစ်ပိဿာငွေကျပ် ၄၀ မြင့်တက်လာပြီး အောင်ပန်းအာလူးဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀ ဈေးကျလာကြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးနှုန်းများ ပြောင်းလဲမှုမရှိကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် (စနေနေ့)တွင် စားအုန်းဆီလက်ကားရောင်းဈေး တစ်ပိဿာ ငွေကျပ် ၁၅၀၀ နှုန်းသာရှိရာမှ ဒိုင်ဖွင့်ရက် ဇူလိုင် ၂၉ ရက် (တနင်္လာနေ့)တွင် တစ်ပိဿာ ငွေကျပ် ၁၅၄၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ စနေနေ့ ဆီဈေးကွက်တွင် အဝယ်လိုက်ပြီး ဆီကန်များတွင် ဆီထုတ်ယူမှုများပြားကြောင်း၊ ဆီကန်များသို့ အသစ်ဆိုက်ကပ်လာသော စားအုန်းဆီတင်သင်္ဘောမှဆီများ အရည်အသွေးကွာဟမှုကြောင့်၊ မထည့်နိုင်ခြင်းကြောင့် ဆီလက်ငင်းဈေးကွက်မှ ဆီများ ဈေးနှုန်းမြင့်တင်လိုက်ကြောင်း ဆီအဝယ်တော်များက ဆိုသည်။

ဇူလိုင် ၁၅ ရက်တွင် စားအုန်းဆီလက်ကားရောင်းဈေးက တစ်ပိဿာ ငွေကျပ် ၁၅၃၅ ရှိရာမှ နေ့စဉ် ဈေးကျလာရာ ဇူလိုင် ၂၆ ရက်တွင် တစ်ပိဿာ ငွေကျပ် ၁၅၀၀ နှုန်းသာရှိကြောင်း၊ ပြည်ပစားအုန်းဆီဈေးနှုန်းမှာ မြင့်တက်မှုမရှိဘဲ အကျဘက်တွင် သာရှိသော်လည်း ပြည်ပမှဆီတင်သွင်းမှုအခက်အခဲအကြောင်းပြု၍ လက်ငင်းဈေးကွက်တွင် ဈေးအပြောင်းအလဲဖြစ်တတ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ထက်ပိုမို၍ လစဉ်တင်သွင်းထားသည့်အတွက် ပြည်တွင်းတွင် စားအုန်းဆီပြတ်လပ်မှုမဖြစ်နိုင်ကြောင်း ဇူလိုင် ၂၉ ရက် ပြည်ပစားအုန်းဆီ FOB တစ်တန်လျှင် ၈၀၅ ဒေါ်လာ၊ ငွေလဲနှုန်း ငွေကျပ် ၉၇၉ ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ငွေကျပ် ၁၅၃၅ သာရှိကြောင်း ဆီဈေးကွက်မှ သိရသည်။

အောင်ပန်းအာလူးများမှာ ဇူလိုင် ၂၉ ရက်က ပိဿာချိန် တစ်သိန်းလေးသောင်းလေးထောင်ထိဝင်ရောက်မှုများပြားလာရာ တစ်ပိဿာလျှင် အလုံးကြီး S2 အမျိုးအစား တစ်ပိဿာလေးဆယ်ကျပ် ကျဆင်းလာရာ ဇူလိုင် ၂၉ ရက်တွင် အောင်ပန်းအာလူး တစ်ပိဿာ ဈေးနှုန်းမှာ ၃၃၀-၅၀၀-၅၇၀- ၅၉၀-၅၉၀ နှုန်းဖြစ်ကြောင်း၊ ဆိပ်ဖြူ ကြက်သွန်နီ တစ်ပိဿာ ၅၀၀-၅၃၀-၅၃၀-၅၅၀ ကျပ်နှုန်း၊ အောင်ပန်းကြက်သွန်ဖြူ တစ်ပိဿာ ၁၁၅၀- ၁၄၀၀- ၁၆၀၀- ၁၈၀၀ ကျပ်နှုန်း၊ ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာ ၉၅၀-၉၇၅ ကျပ်နှုန်းဖြင့် ဈေးငြိမ်နေသည်ဟု နယ်ပို့အဝယ်တော်များက ဆိုသည်။

ယခင်နှစ် ၂၀၁၂ ဇူလိုင် ၂၈ ရက်တွင် စားအုန်းဆီ တစ်ပိဿာ ၁၇၀၀ ကျပ်၊ အာလူး တစ်ပိဿာ ၃၀၀-၄၀၀-၅၂၀-၅၇၀-၆၀၀ ကျပ်၊ ဆိပ်ဖြူ ကြက်သွန်နီတစ်ပိဿာ ၄၂၅-၅၂၅-၅၇၅-၆၂၅ကျပ်၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ၆၀၀- ၇၀၀- ၈၅၀- ၁၀၀၀ ကျပ်၊ ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာ ၁၈၇၅- ၁၉၅၀ ကျပ်နှုန်းရှိခဲ့သည့်အတွက် ယခုနှစ် ဇူလိုင် ၂၉ ရက် ဈေးနှုန်းများတွင် စားအုန်းဆီ၊ အာလူး၊ ကြူကုတ်တွင် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းနေပြီး ရှမ်းကြက်သွန်ဖြူ တစ်မျိုးတည်းသာ ဈေးမြင့်နေသည်ဟု ယခင်နှစ်ဈေးနှုန်းဟောင်းများနှင့် နှိုင်းယှဉ်မှုမှ သိရသည်။

(ခင်ဆိုင်)

ပန်းတနော်မြို့နယ် မျိုးသန့်ဇုန် ဧက ၁၀၀ တွင် မိုးစပါးစိုက်ပျိုး

ပန်းတနော် ဇူလိုင် ၂၉

ပန်းတနော်မြို့နယ် မျိုးသန့်ဇုန် ဧက၁၀၀စိုက်ကွင်းရှိတောင်သူ ဦးတင်ဟန်၏ လယ် ၁၅ ဧကတွင် ဇူလိုင် ၁၆ ရက်က ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ဆင်းသုခ မျိုးသန့်စပါး စိုက်ပျိုးပွဲကျင်းပရာ မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးခန့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာလေးအုပ်စုမှ အုပ်ချုပ်ရေးမှူးနှင့် တောင်သူ ၁၁၇ ဦးတို့တက်ရောက်ကြသည်။

စိုက်ပျိုးပွဲတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်က ပေါင်စနစ်ပျိုးခင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ၊ GAP စိုက်စနစ် ၁၄ ချက်အား ဆွေးနွေးပညာပေးကာ လက်သပ်ပျိုးနုတ်၍ ၁၀ တန်း တစ်တန်းလုပ်စနစ်ဆောင်ရွက်မှုကို ကွင်းဝန်ထမ်းများ လက်တွေ့သရုပ်ပြ စိုက်ပျိုးပညာပေး၍ စုပေါင်းစိုက်ပျိုးပွဲအား ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၉-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၀၂၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၀၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂ - ၉၈၂	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၆ - ၁၃၀၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၆ - ၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၉ - ၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၄၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၉ - ၃၁၄	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၇၀၀ - ၃၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀ - ၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀ - ၁၃၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။	ပေါ်ကြွ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၄၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၀၀-၅၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၉၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၃၀-၅၉၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၀၅၀-၂၁၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၄၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ဖြူးဆရာတော်တပည့် ဖြူးမဟာစည် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D(Thesis)သည်-

၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) ဝါဆိုလပြည့်ကျော် ၈ ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဓမ္မာရုံဓမ္မသဘင်။

၆-၈-၂၀၁၃ရက် (အင်္ဂါနေ့) ဝါဆိုလကွယ်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူး မဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်။

၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ဝါခေါင်လဆန်း ၈ ရက်၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ ဘန့်ဘွေ့ကုန်း ဓမ္မသဘင်။

၂၁-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ဝါခေါင်လပြည့်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ အမြန်လမ်းမကြီး၊ ဆည်မြောင်းဌာန ဓမ္မသဘင်။

၂၉-၈-၂၀၁၃ ရက် (ကြာသပတေးနေ့)၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အိမ်တော်ဘုရား ဓမ္မသဘင်။

၄-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ဝါခေါင်လကွယ်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်။

၁၂-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)၊ တော်သလင်းလဆန်း ၈ ရက်၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်။

၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့)၊ တော်သလင်းလပြည့်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရား ဓမ္မသဘင်။

၂၇-၉-၂၀၁၃ ရက် (သောကြာနေ့) တော်သလင်းလပြည့်ကျော် ၈ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်(ကမာရွတ်ဘူတာအနီး) ဓမ္မရက္ခိတဖြူးမဟာစည်ရိပ်သာ ဓမ္မသဘင်။

၄-၁၀-၂၀၁၃ ရက် (သောကြာနေ့) တော်သလင်းလကွယ်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ရွာတန်းရှည် ဓမ္မသဘင်။

၁၂-၁၀-၂၀၁၃ရက် (စနေနေ့) သီတင်းကျွတ်လဆန်း ၈ရက်၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ကျောင်းမကြီးကျောင်း၊ ဓမ္မာရုံ ဓမ္မသဘင်။

၁၉-၁၀-၂၀၁၃ရက် (စနေနေ့) သီတင်းကျွတ်လပြည့်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်။

၂၃-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်ဇီးကုန်း ဓမ္မသဘင်။

၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) သီတင်းကျွတ်လပြည့်ကျော် ၈ရက်၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်။

၂-၁၁-၂၀၁၃ ရက် (စနေနေ့) သီတင်းကျွတ်လကွယ်နေ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ဆွမ်းလောင်းအသင်း ဓမ္မသဘင်ပွဲများတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂တို့သို့ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်း

ဦးစိုးသူ၏သမီး အထက(၂) စမ်းချောင်း ဆဋ္ဌမတန်း(A)မှ မဟေမာန်စိုးသူအား ယနေ့မှစ၍ မစုနှင်းဝတ်မှုန်ဟု ပြောင်းလဲခေါ်ပါရန်။

မစုနှင်းဝတ်မှုန်

လုပ်ငန်းတံဆိပ်အမည်အမှတ်အသားအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၃၀၄ တွင် တည်ရှိသော **မြန်မာစည်းလုံးဟိုတယ်များနှင့် အပန်းဖြေစခန်းများကုမ္ပဏီလီမိတက်** (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၀၇၁/၂၀၁၁-၁၂)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မြန်မာစည်းလုံးဟိုတယ်များနှင့် အပန်းဖြေစခန်းများကုမ္ပဏီလီမိတက်သည် အောက်၌ ကပ်နှိပ်ဖော်ပြထားသော Emerald PALACE ဟူသော လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဟိုတယ်လုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင်အသုံးပြုနိုင်ရန်အတွက် အဆိုပါတံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၏ မှတ်ပုံတင်စာချုပ်အမှတ် ၂၄၃၈/၂၀၁၃ အရ ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်သွင်း ကြေညာထားပြီး ဖြစ်ပါသည်။

မြန်မာစည်းလုံးဟိုတယ်များနှင့် အပန်းဖြေစခန်းများကုမ္ပဏီလီမိတက်သည် အထက်ဖော်ပြပါ တရားဝင်မှတ်ပုံတင်သွင်းထားသော မိမိတစ်ဦးတည်းပိုင် တံဆိပ်အမည်အမှတ်အသားများကို မိမိကိုယ်တိုင် ဟိုတယ်လုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်ရာတွင် ကပ်နှိပ်အသုံးပြုသည့် တံဆိပ်အမည်အမှတ်အသားများကို ကြော်ငြာ၊ တံဆိပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ တံဆိပ်တုံး၊ စာရွက်စာတမ်း၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head, Web Site, Internet အစရှိသည်တို့တွင် အသုံးပြုဖော်ပြသွားမည့်အပြင် အထက်ဖော်ပြပါ ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်သည့် ကြော်ငြာ၊ တံဆိပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ စာရွက်စာတမ်း၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head, Web Site, Internet တို့တွင် ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ ဖိနှိပ်၍ ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုသွားမည် ဖြစ်ပါသည်။

မြန်မာစည်းလုံးဟိုတယ်များနှင့် အပန်းဖြေစခန်းများ ကုမ္ပဏီလီမိတက်အနေဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ကြေးငွေများအတွက် တောင်းခံနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ်-၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သူ့အတွေးသူ့အမြင်

ပရဟိတနဲ့ လှပတဲ့ကမ္ဘာ

ယမန်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ၌ "ခိုကိုးရာမဲ့ အမျိုးသမီးငယ် ဆူးလေရင်ပြင်၌ သမီးမိန်းကလေးမွေးဖွား" ဟူသည့် သတင်းဖော်ပြပါရှိပါသည်။ အသက် ၂၅ နှစ်အရွယ် ခိုကိုးရာမဲ့ အမျိုးသမီးတစ်ဦး ဆူးလေဘုရားရင်ပြင်ဝတ်ပြုဆောင်အတွင်း ကလေးမွေးဖွားသည်ကို ရင်ပြင်တော်တာဝန်ကျဝန်ထမ်းများက ဝိုင်းဝန်းပြုစုစောင့်ရှောက်ခဲ့ကြပြီး ဆက်လက်၍ မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံသို့ အကူအညီတောင်းခံရာ သူနာပြုဆရာမများ ချက်ချင်းလာရောက်ကူညီပေးပြီး ဆေးရုံသို့ စောင့်ရှောက်ရန် ခေါ်ဆောင်သွားပေးသည့် သတင်းဖြစ်ပါသည်။ ခိုကိုးရာမဲ့အမျိုးသမီးလေးနှင့် မွေးကင်းစ ကလေးငယ်တို့အတွက် ကရုဏာစိတ်ထားဖြင့် ကူညီပေးခဲ့သူများအားလုံး အလွန်ကျေးဇူးတင်စရာကောင်းလှပါသည်။

ကုလသမဂ္ဂ၏စစ်တမ်းများအရ ကမ္ဘာ့လူဦးရေအားလုံးတွင် သန်း ၂၀၀ ဝန်းကျင်ခန့် ခိုကိုးရာမဲ့များ ရှိနေနိုင်ကြောင်း၊ အဆိုပါခိုကိုးရာမဲ့များသည် တစ်နှစ်လျှင် တစ်သိန်းနှစ်သောင်းဝန်းကျင် ထပ်မံမွေးဖွားပြီး ထိုလူဦးရေ၏ ၁၂ ရာခိုင်နှုန်းသည် သေဆုံးနေကြရကြောင်း သိရသည်။

ထိုကဲ့သို့ အခြေအနေများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် လူသားအကျိုးပြု ပရဟိတလုပ်ငန်းများ လူမျိုးဘာသာမခွဲခြားဘဲ ဆောင်ရွက်နေကြသည်ကို ယခုသတင်းတွင် မြင်တွေ့ကြရမည် ဖြစ်သည်။

လူမျိုးဘာသာမရွေး ကုသပေးနေသည့် အာယုဒါနဆေးရုံပေါင်း ၂၀ ကျော် တည်ထောင်ထားခဲ့သူ သီတဂူဆရာတော်သည် ရဟန်းပျိုဘဝက ယခု မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံဟုခေါ်သည့် ဘားလမ်းဆေးရုံနှင့် ယခုအရှေ့ပိုင်းဆေးရုံဟုခေါ်ဆိုသည့် ဂန္ဒီဆေးရုံကြီးတို့တွင် တက်ရောက်ဆေးကုသခံခဲ့ရသဖြင့် အားကျအတုယူခဲ့ရဖူးကြောင်း ဆရာတော်အတ္ထုပ္ပတ္တိ၌ ဖတ်ရှုခဲ့ရသည်။

လူမျိုးအသီးသီး၊ ဘာသာအသီးသီးတို့က လူသားအကျိုးပြုလုပ်ငန်းများကို အများအကျိုးသယ်ပိုးလိုသည့် ပရဟိတစိတ်ဓာတ်နှင့် မေတ္တာတရား၊ ကရုဏာတရားတို့ကို လက်ကိုင်ထားပြီး ဆောင်ရွက်နေကြရာ ဓမ္မတရားတို့အားကောင်းလာသည်နှင့်အမျှ အစွန်းရောက်အပြုအမူများကြောင့် ဖြစ်ပေါ်လာသော အဓမ္မဖြစ်စဉ်များမှာ ပါးလျားပျောက်ကွယ်သွားရမည်သာ ဖြစ်သည်။ ခိုကိုးရာမဲ့ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို လူသားချင်းစာနာစိတ်ထားပြီး ဝိုင်းဝန်းကူညီဖေးမကြကာ ပရဟိတနှင့် လှပသော ကမ္ဘာတစ်ခုကို ဖန်တီးတည်ဆောက်နိုင်ကြမည်ဟုယုံကြည်မိပါသည်။

ခင်ရတနာ

ဇူလိုင် ၂၇ ရက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သန္တိသုခမ္မာရုံ၌ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများက စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ကြရာ ဂေါပက အဖွဲ့ဝင်များက ဆရာတော်များသို့ ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (ဝ၄၂)

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

တောင်ငူ ဇူလိုင် ၂၉

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့မ အမက(၁)မူလွန်ကျောင်းခန်းမ၌ကျင်းပရာ သဘာပတိဒေါက်တာ ခင်မောင်ချစ်(ပါရမီဆေးရုံ)က အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူးဒေါက်တာဘဆွေ (တော်ဝင်ဆေးရုံ)က ကြားဖြတ်အစည်း အဝေးမှတ်တမ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပညာရေးကွန်ရက် နာယကများဖြစ်ကြသော ခရိုင်ပညာရေးမှူး(ငြိမ်း) ဆရာကြီး ဦးစံတင်၊ ဆရာကြီး ဦးလှထွန်းနှင့် ဦးကျော်လှ(သမာဓိ)တို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြကာ ဆပ်ကော်မတီ ငါးခုတို့မှ အဖွဲ့ခေါင်းဆောင်များက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ မြို့နယ်ပညာရေးကွန်ရက် နာယကများ၊ အလုပ်အမှုဆောင်များ၊ ဆပ်ကော်မတီများမှ ပုဂ္ဂိုလ်များနှင့်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ကျော်လှ(တောင်ငူ)

ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

မော်လမြိုင်ကျွန်း၌ ဝါဆိုသင်္ကန်းဆက်ကပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့ ပြည့်လျှံဖြိုးစေ အသေးစားငွေကြေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က ကြီးမှူး၍ မြို့နယ်အတွင်း ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆက်ကပ်ပွဲကို ဇူလိုင် ၂၇ ရက် နံနက်ကကျင်းပရာ ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်မေဇင်လှိုင်နှင့်တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ ရပ်မိရပ်ဖများက ဝါဆိုသင်္ကန်းများနှင့်လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို မော်လမြိုင်ကျွန်းမြို့ သာသနာ့ကာရီကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

မြင့်အောင်(မော်ကျွန်း)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့က ကြီးမှူးကျင်းပသော (၃၂) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ ရက် နံနက်က မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိ ပါရဂူဘဒ္ဒန္တဇဋိလ (နေပြည်တော်-ပျဉ်းမနား)အမှူးပြုသော ပင့်သံဃာ ၁၀ ပါးတို့ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်ခိုင်နှင့် အသင်းသားများက ဆက်ကပ်လှူဒါန်းသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

ပုသိမ်မြို့လုံးကျွတ် သံဃာအရုဏ်ဆွမ်း လောင်းလှူ

ပုသိမ် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ပုသိမ်မြို့လုံးကျွတ် သံဃာတော်အပါး ၂၅၀၀ ကျော်တို့အား ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူပွဲကို ရွှေမုဋ္ဌောဘုရားအရှေ့မုခ်ဝိသာခါမ္မာရုံ၌ နေ့စဉ်လောင်းလှူလျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက်က ဝန်ကြီးချုပ် သီရိပျံချီဦးသိန်းအောင် အမှူးပြု၍ ဦးစိုးဟန်လင်း (ပုသိမ်/ငပုတော) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ဇနီး ဒေါ်နန္ဒာအောင်တို့က သံဃာတော်အပါး ၂၅၀၀ တို့အား အရုဏ်ဆွမ်းနှင့်ဆွမ်းဟင်းများလောင်းလှူပြီး ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးကို လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်၍ ရေစက်ချအခမ်းအနားကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ စုံလင်စွာတက်ရောက်လှူဒါန်းကြသည်။

ပုသိမ်လှကြည်

ဝါတွင်းသီလပေးတရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ဝါတွင်းကာလ သီလပေးတရားပွဲများကို ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရာဟုထောင့်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆိပ်ကမ်းမြို့နယ် ပရိယတ္တိကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကုန္ဒက သီလချီးမြှင့်မည်ဖြစ်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမေဓာနန္ဒကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ ဥတ္တရာဘိဝံသကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ဟောကြားချီးမြှင့်တော်မူမည် ဖြစ်သည်။

အောင်သူရ

တနင်္ဂနွေနေ့တိုင်း ဝါတွင်းဆွမ်းလောင်းလှူပွဲကျင်းပမည်

လောက်ကိုင် ဇူလိုင် ၂၉

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဝါဆိုသံဃာတော်များအား တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက လောက်ကိုင်မြို့ အမှတ်(၂) ရပ်ကွက်၌ ကျင်းပရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝါဆိုသံဃာတော် ၁၁၈ပါးတို့အား ဆွမ်းထမင်းနှင့်ဆွမ်းဟင်းများကို သဒ္ဓါထက်သန်စွာဖြင့် လောင်းလှူ ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

(၂၇)ကြိမ်မြောက် SEA Games Sponsor သတိပေးကြေညာချက်

(၂၇)ကြိမ်မြောက် SEA Games Sponsor များ ခန့်အပ်ရေးအတွက် (၂၇)ကြိမ်မြောက် SEA Games ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ(ကော်မတီ)အား တာဝန်ပေးအပ်ခဲ့ပါသည်။ တာဝန်ပေးအပ်ချက်အရ ကော်မတီသည် Sponsor ရှာဖွေရေးအတွက် Sponsorship Management Consultant ကို နိုင်ငံတကာ အကောင်းဆုံးကျင့်ထုံးများနှင့်အညီ တင်ဒါခေါ်ယူ၍ Dentsu-JK (ဂျပန်နိုင်ငံရှိ Dentsu Co.,Ltd နှင့် ထိုင်းနိုင်ငံရှိ JK Consultant Co.,Ltd တို့ ပူးပေါင်းအဖွဲ့)ကို ရွေးချယ်ခဲ့ပါသည်။

(၂၇)ကြိမ်မြောက် SEA Games အတွက် ကော်မတီမှ ခန့်အပ်သော တရားဝင် Sponsor များအား သီးသန့်ကြော်ငြာခွင့်(Exclusive Right)ကို နိုင်ငံတကာမူများနှင့်အညီ ပေးအပ်နိုင်ရေးအတွက် "An Official Main Sponsor For 27th SEA Games" "An Official Sponsor of the 27th SEA Games"ဟူသော စာသားနှင့် အလားတူ စာသားများ၊ (၂၇)ကြိမ်မြောက် SEA Games အမှတ်တံဆိပ် (Logo)နှင့် ကံကောင်းအဆောင်(Mascot) အစရှိသည်များကို မူပိုင်ခွင့်ဥပဒေနှင့်အညီ ကော်မတီမှ မူပိုင်ခွင့်ရယူပြီး ဖြစ်ပါသည်။ သို့ပါ၍ ကော်မတီနှင့်ယင်း၏ တရားဝင်ကိုယ်စားလှယ် Dentsu-JK တို့၏ ခွင့်ပြုချက်မပါဘဲ ယင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားသဘောသက်ရောက်စေရန်ဖြစ်စေ သုံးစွဲခြင်းမပြုရန်နှင့် သုံးစွဲပါက ဥပဒေအရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ယင်းတို့ကို တရားဝင်သုံးစွဲ၍ Official Sponsor For 27th SEA Games အဖြစ် ခံယူကြော်ငြာလိုသူများသည် အောက်ပါလိပ်စာတို့သို့ ဆက်သွယ်နိုင်ပါသည်-

ဘဏ္ဍာရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ
ရုံးအမှတ်(၂၆)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇ - ၄၁၀၀၁၈၅
၀၆၇- ၄၁၀၀၁၈၁

Dentsu-JK
အမှတ်(၂၉/ဘီ)၊ ရွှေတောင်ကြား(၂)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁ - ၅၂၄၉၂၇
၀၁- ၅၀၅၈၆၁
၀၉- ၄၃၀၈၅၁၀၀

ညွှန်ကြားချက်အရ

ဒေါ်ခင်ခင်ဌေး	ဒေါ်ဌေးဌေးဝင်း
တရားလွှတ်တော်ရှေ့နေကြီး	တရားလွှတ်တော်ရှေ့နေကြီး
(အမှတ်စဉ် ၂၁၇၀)	(အမှတ်စဉ် ၂၄၇၃)

ဦးသီဟ
ကုမ္ပဏီဥပဒေအတိုင်ပင်ခံ

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

(၉၁)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ခင်ရှိသောလေးစားရပါသော ကျေးဇူးရှင် မွေးသမိခင် မိခင်ကြီး ဒေါ်ချမ်းကြည် (ရွှေဥဒေါင်းတိုက် အလယ်ရပ် မုံရွာမြို့) ၏ ၁၃၇၅ခုနှစ်၊ဝါဆို လပြည့်ကျော်(၈)ရက် (၃၀-၇-၂၀၁၃) အင်္ဂါနေ့တွင် ကျရောက်သော (၉၁)နှစ်ပြည့် မွေးနေ့မင်္ဂလာရက် မြတ်မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး အမျိုးဘာသာသာသနာ၏ အကျိုးများကို ဆက်လက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်သော သား သမီး၊ မြေး မြစ် တို့များ
(ရွှေဥဒေါင်းမိသားစု)

တိုက်ခန်း(ကွန်ဒို)ငှားမည် (ပိုင်ရှင်ကိုယ်တိုင်)

ပုလဲကွန်ဒို တိုက် D (1450 Sq.FT) ၁၄ လွှာ (ထောင့်ခန်း) View ကောင်း (အင်းလျားမြိုင် Sedona)၊ ဗဟန်းမြို့နယ်၊ ပရိဘောဂအပြည့်အစုံ၊ ကားပါကင်ရှိ။

ဖုန်း-၀၉-၅၁၇၇၂၂၄၊ ၀၉-၄၂၁၁၁၂၅၄၇

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၇-၂၀၁၃ရက်နှင့် ၂၈-၇-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ကွန်ပျူတာတက္ကသိုလ် လားရှိုး၏ အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁၃)စာသားအား Plastic Chair (Armless)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၂၃၄၈ Toyota Toyoace L/T(4×2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မိုး ၉/မခန(နိုင်)၁၄၉၆၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

စာအုပ်စာပေ
လူ့မိတ်ဆွေ

နိုင်ငံတကာအားကစားသတင်း

ဆွာရက်ဇ်ကို မိုက်ကယ်အိုဝင်အံ့သြ

တိုက်စစ်မှူး ဆွာရက်ဇ်သည် လီဗာပူးမှထွက်ပြီး အာဆင်နယ်သို့ပြောင်းရန် ကြိုးပမ်းမှုအပေါ် အံ့သြမိကြောင်း မိုက်ကယ်အိုဝင်က ပြောကြားလိုက်သည်။ လွန်ခဲ့သော သီတင်းပတ်တွင် အသက် ၂၆နှစ်ရှိ ဆွာရက်ဇ်အား အာဆင်နယ်က ပေါင်သန်း ၄၀နှင့် ကစားသမားတစ်ဦးပေးပြီး စာချုပ်ရန် ကမ်းလှမ်းခဲ့ခြင်းကို လီဗာပူးက ပယ်ချလိုက်သည်။

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာသို့ ပြောင်းမည်ဆိုပါက သူ့အနေဖြင့် လက်ခံနိုင်သေးကြောင်း၊ သို့ရာတွင် အာဆင်နယ်သို့ ပြောင်းရန်ကြိုးစားခြင်းမှာ အံ့သြမိကြောင်း လီဗာပူးကစားသမားဟောင်း မိုက်ကယ်အိုဝင်က ပြောသည်။

\-

ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား မန်ယူမှ ထပ်မံကမ်းလှမ်းရန် ကြိုးစားနေ

မန်ယူနည်းပြဒေးဗစ်မိုယက်စ်က ယခုနှစ်နွေရာသီတွင် ၎င်း၏အသင်းတွင် လူသစ်များထပ်မံခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ သို့သော် ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ကို တတိယအကြိမ်မြောက် ခေါ်ယူမည်၊ မခေါ်ယူမည်ကို မဆုံးဖြတ်ရသေးဟု ဆိုသည်။

မန်ယူက အသက် ၂၆ နှစ်ရှိ ဖာဘရီဂတ်စ်ကို နှစ်ကြိမ်တိုင်တိုင်ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း ဘာစီလိုနာက ရောင်းရန်မဟုတ်ဟုဆိုကာ ပယ်ချခဲ့သည်။

မန်ယူက ဖာဘရီဂတ်စ်အား နောက်ဆုံးကမ်းလှမ်းမှုတွင် ပေါင်သန်း ၃၀နှင့် ကစားသမားတစ်ဦးပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ မန်ယူက ဥရုဂွေးနောက်တန်းကစားသမား မာရေးလာတစ်ဦးကို ခေါ်ယူထားသည်။

\-

ဗလင်စီယာတိုက်စစ်မှူး ဆိုဒါဒို စပါးအသင်းက စာချုပ်နိုင်ရေးစီစဉ်နေ

စပါးအသင်းက ဗလင်စီယာတိုက်စစ်မှူး ရော်ဘတ်တိုဆိုဒါဒိုအား စာချုပ်ရန် စီစဉ်နေသည်။ အသက် ၂၈နှစ်ရှိ ဆိုဒါဒိုအား စပါးက အရခေါ်ယူရန် ကြိုးပမ်းနေသည်။ ဆိုဒါဒိုသည် ပြီးခဲ့သည့်နှစ်က ဗလင်စီယာအသင်းအတွက် လာလီဂါပွဲ ၄၆ပွဲတွင် ဂိုး ၃၀ သွင်းယူခဲ့သည်။

ရီးရဲမက်ဒရစ်၊ အိုဆာဆူနာနှင့် ဂီတာဖေးလ်ကစားသမားဟောင်း ဆိုဒါဒိုသည် နွေရာသီတွင် စပါးအသင်းမှ ခေါ်ယူခဲ့သည့် တတိယမြောက်ကစားသမား ဖြစ်လာမည်ဖြစ်သည်။

စပါးအသင်းသည် ကိုရင်သီယန်မှ ကွင်းလယ်ကစားသမား ပေါ်လင်ဟိုနှင့် အက်ဖ်စီတွမ်တီးမှ နာဆာချက်ဒီတို့ကို ခေါ်ယူထားပြီးဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ကွန်ကာကပ်ဖ် Gold Cup အမေရိကန်တို့ ဆွတ်ခူး

မိုးမြင့်လင်းလက်

ကွန်ကာကပ်ဖ် Gold Cup ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဇူလိုင် ၂၈ ရက်က အမေရိကန်နဲ့ပနားမားတို့ ယှဉ်ပြိုင်ကစားတဲ့အခါ အိမ်ရှင်အမေရိကန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး ကွန်ကာကပ်ဖ် Gold Cup ကို ငါးကြိမ်မြောက် ဆွတ်ခူးကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့ကြပြီဖြစ်ပါတယ်။

၁၉၉၁၊ ၂၀၀၂၊ ၂၀၀၅နဲ့ ၂၀၀၇ ခုနှစ်တို့မှာ ကွန်ကာကပ်ဖ် Gold Cup ကို ဆွတ်ခူးနိုင်ခဲ့တဲ့ အမေရိကန်အသင်းဟာ ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ဖို့ ရေကုန်ရေခန်းကစားခဲ့ရပါတယ်။ အယ်လ်ဆာဗေဒိုနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး အဂ္ဂီလာကြီးကြပ်ခဲ့တဲ့ ဗိုလ်လုပွဲစဉ်မှာ အမေရိကန်အသင်းဟာ လူစုံထုတ်ကစားခဲ့ပါတယ်။ ဂျွန်ဆင်၊ ဒိုနိုဗင်၊ ဂျိုးကိုရိုနာ၊ ဘီဒိုယာ၊ ဟိုလ်ဒင်စတဲ့ အဓိကကစားသမားတွေက ပနားမားခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ပေမယ့် အခွင့်အရေးတွေကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်ခဲ့ပါဘူး။

ပနားမားဟာ အသင်းလိုက်စုစည်းမှုအားကောင်းပြီး နားလည်မှုရှိရှိနဲ့ ကစားနိုင်ခဲ့ကြလို့ အမေရိကန်တို့ ထင်တိုင်းမပေါက်ခဲ့တာဖြစ်ပါတယ်။ ပနားမားအသင်းမှာ တောရက်စ်၊ ပီရက်ဇ်၊ ကွင်တီရို၊ ဂိုမက်ဇ်၊ ဂိုဒွိုင်စတဲ့ ကစားသမားတွေက အမေရိကန်နောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ကြပါတယ်။

အမေရိကန်အသင်းဟာ ကွင်းလယ်ကစားအား ထိန်းချုပ်မှု ပိုမိုကောင်းအောင် ပွဲချိန် ၂၃ မိနစ်မှာ ဟိုလ်ဒင်အစား ဒစ်ကီရက်ကိုအစားထိုးကစားစေခဲ့ပါတယ်။ ဒါပေမယ့် နှစ်သင်းစလုံး အမှားအယွင်းနည်းအောင်ကစားခဲ့ကြလို့ ပထမပိုင်း ပွဲချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ကြပါဘူး။

ဒုတိယပိုင်းပွဲချိန် ၆၄ မိနစ်မှာ ပနားမားတို့ကလည်း တိုက်စစ်မှူး တောရက်စ်အစား ဂျိမီနက်ဇ်ကို ထည့်သွင်းကစားခဲ့ပေမယ့် ကစားကွက်ထူးခြားမလာခဲ့ပါဘူး။ အမေရိကန်တို့က ပွဲချိန် ၆၈ မိနစ်မှာ ကိုရိုနာအစား ဘရက် ရှီးရားကို အစားထိုးကစားစေခဲ့တာမို့ ဘရက်ရှီးရားက ပွဲချိန် ၆၉ မိနစ်မှာ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ပနားမားအသင်းဟာ ချေပဂိုးရရှိရေးအတွက် တိုက်စစ်မှူး ဘလက်ဘန်းကို အစားထိုးကစားစေခဲ့ပေမယ့် ပွဲချိန်ပြည့်တဲ့အထိ ဂိုးမသွင်းနိုင်ခဲ့တာမို့ တစ်ဂိုး-ဂိုးမရှိနဲ့ အမေရိကန်တို့ နိုင်ပွဲရပြီး ကွန်ကာကပ်ဖ် Gold Cup ကို ငါးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၃ ကွန်ကာကပ်ဖ် Gold Cup ပြိုင်ပွဲအပြီးမှာ ရွှေဖိနပ်ဆုကို ပြိုင်ပွဲတစ်လျှောက် ငါးဂိုးစီ သွင်းယူခဲ့ကြတဲ့ အမေရိကန်တိုက်စစ်မှူးတွေဖြစ်တဲ့ လန်ဒန်ဒိုနိုဗင်နဲ့ ဝမ်ဒိုလောစကီး၊ ပနားမားတိုက်စစ်မှူး တောရက်စ်တို့က ပူးတွဲရရှိခဲ့ကြပါတယ်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ရွှေလက်အိတ်ဆုကိုတော့ ပနားမား ဂိုးသမား ဂျိမ်းပီနေဒိုက ဆွတ်ခူးရရှိသွားပါတယ်။

ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

- * မိုနာကိုအသင်းနည်းပြ ရာနေးရီက မန်ယူကွင်းလယ်ကစားသမား နာနီကို စာချုပ်နိုင်ရေးကြိုးစားနေသည်။
- * နယူးကာဆယ်က လိုင်ယွန်တိုက်စစ်မှူးအသက် ၂၇နှစ်အရွယ်ရှိ ဂိုမက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင် ၆ ဒသမ ၉ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- * ဗီလာကွင်းလယ်ကစားသမား အသက် ၂၃ နှစ်အရွယ်ရှိ ဘန်နန်ကို ဘလက်ဘန်းအသင်းက ခေါ်ယူရန် ဆွေးနွေးနေသည်။
- * ဆန်းဒါးလန်းနောက်ခံလူ အသက် ၂၈ နှစ်အရွယ်ရှိ ဗိုလ်ဘက်စလေကို နယူးကာဆယ်က ကမ်းလှမ်းနေသည်။
- * မန်ယူတိုက်စစ်မှူး အသက် ၂၅ နှစ်အရွယ်ရှိဟာနန်ဒက်ဇ်က ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည်။
- * မန်ယူက နောက်တန်းခံစစ်မှူးတစ်ဦးကို ထပ်မံခေါ်ယူရန် စီစဉ်နေသည်။
- * ဆဲလ်တစ်အသင်းက ပေါ်တိုမှ ခရစ္စစတင်းအက်ဆူကို ခေါ်ယူရန် စီစဉ်နေသည်။
- * လီဗာပူးအသင်းကို ရောင်းချမည်ဆိုသောသတင်းအား အသင်းပိုင်ရှင် ဖန်ဝေးစပို့စ်အုပ်စုက ငြင်းဆိုလိုက်သည်။
- * မန်ယူတိုက်စစ်မှူး ရွန်းနေအား မန်ယူ၌သာဆက်လက်ကစားရန် ပေါလ်စခိုးက တိုက်တွန်းလိုက်သည်။
- * အာဆင်နယ်က လီဗာပူးတိုက်စစ်မှူးဆွာရက်ဇ်ကို ခေါ်ယူရန် လက်မလျှော့သေးကြောင်း ထုတ်ဖော်ပြောကြားသည်။
- * ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက တိုက်စစ်မှူးတစ်ဦး အမြန်ဖြည့်ဆည်းရန် ကြိုးစားနေကြောင်း ပြောကြားသည်။

ဝိဇာတမွေးနေ့မင်္ဂလာဖိတ်ကြားလွှာ

မဟာကျိန်သစ္စာရှင်ဘုရားကြီး၏ ပဓာနနာယကဆရာတော် ဖြစ်တော်မူသော ကမ္ဘာ့သာသနာပြု မဟာဗေယျာသိဒ္ဓိအဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တ ဦးကုလရက္ခိတ၏ (၆၆)နှစ်ပြည့်မွေးနေ့ မင်္ဂလာအခမ်းအနားကို(၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်)၄-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် မဟာကျိန်သစ္စာရှင်ဘုရားကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-ဒေါ်အေးအေးမော် ဖုန်း-၀၁-၅၄၈၇၀၈
ဦးတက်ဖြိုး ဖုန်း-၀၉-၄၂၀၁၂၃၄၅၆
ဒေါ်မခင်ဝင်း ဖုန်း-၀၉-၄၂၅၀၁၂၇၃၆
ဝိဇာတမွေးနေ့ပွဲဖြစ်မြောက်ရေးကော်မတီ

အရိပ်လည်းရ ဝန်းကျင်လှ သစ်တောသစ်ပင် စိုက်ပျိုးကြ

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဝင်းအေး ၆/ပလန(နိုင်)၀၃၄၇၆၃ ပိုင်အောင်ဆုပန် FKD/0048/09 အမည်ရှိ ရေယာဉ်မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာအတိုင်းပေးပို့ပါရန်နှင့် တွေ့ရှိသူများအား ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန် - အမှတ် ၅၅၊ ရွာမ ၁ လမ်း၊ ရွှေဟင်္သာရပ်ကွက်၊ ကော့သောင်းမြို့ ဖုန်း-၀၉-၄၂၂၂၀၁၀၄၂

ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ

JAPANESE LANGUAGE PROFICIENCY TEST (JLPT) 2013

၁။ **လျှောက်လွှာလက်ခံခြင်း(ရန်ကုန်)**
လျှောက်လွှာလက်ခံမည့်ကာလ - 12 - 8 - 2013 to 22- 8 -2013
နေရာ - MAJA ရုံးခန်း(9:30 AM to 4:30 PM)
ပုလဲကွန်ဒို၊ တိုက်(စီ)၊ အခန်း (၇၀၇)၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၆၁၂၁၅၁၊ ၀၉-၈၆၁၃၈၄၈

၂။ **လျှောက်လွှာလက်ခံခြင်း(မန္တလေး)**
လျှောက်လွှာလက်ခံမည့်ကာလ - 27 - 8 - 2013 (1:00 PM - 6:00 PM)
28- 8 - 2013 - 29- 8 -2013(8:00AM to 6:00 PM)
နေရာ - HITO Center
၁၂လမ်းနှင့် လမ်း၈၀ထောင့်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၃၁၇၆၂

လျှောက်လွှာပုံစံကြေး၊ စာမေးပွဲကြေးများနှင့်ပတ်သက်၍ အထက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များတွင် အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သမဝါယမဝန်ကြီးဌာန (သမဝါယမတက္ကသိုလ်/ကောလိပ်များညွှန်ကြားမှုအဖွဲ့) သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့်ယွန်းပညာကောလိပ်၏ ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်ပါမည်။
(က) သမဝါယမတက္ကသိုလ်(သန်လျင်/စစ်ကိုင်း)
B.BSc(Bachelor of Business Science) ဘွဲ့
(ခ) သမဝါယမကောလိပ်(ဖောင်ကြီး/မန္တလေး)
(၁) Diploma in Secretaryship for Enterprise (Dip S.E)
(၂) Diploma in Business Management (Dip B.M)
(၃) Diploma in Banking, Finance & Insurance (Dip B.F.I)
(၄) Diploma in Enterprise Development (Dip E.D)
(၅) Diploma in Financial Management (Dip F.M)
(၆) Diploma in Business Accounting. (Dip B.Acct)
(၇) Diploma in Marketing Management (Dip M.M)
(ဂ) ယွန်းပညာကောလိပ်(ပုဂံ)
(၁) Diploma in Lacquerware Technology (Dip L.T)

၂။ ဘွဲ့အတွက် သင်တန်းကာလမှာ လေးနှစ်စီဖြစ်ပြီး ဒီပလိုမာများအတွက် သင်တန်းကာလ နှစ်နှစ်စီ ဖြစ်ပါသည်။
၃။ အဆိုပါ သင်တန်းများသို့ တက်ရောက်ရန်အတွက် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်အပေါ်တွင်မူတည်၍ လိုအပ်ပါက လူတွေ့နှုတ်ဖြေစာမေးပွဲဖြင့် စိစစ်ရွေးချယ်လက်ခံသွားမည်ဖြစ်ပါသည်။
၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့်အမှတ်စာရင်းမိတ္တူ(ရွေးချယ်ခြင်းခံရပါက မူရင်းပေးအပ်ရမည်)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်မူရင်း
(ဂ) ကျန်းမာကြောင်း မြို့နယ်/ဒေသန္တရ ကျန်းမာရေးဌာန၏ ထောက်ခံချက်မူရင်း
၅။ လျှောက်လွှာနှင့်လမ်းညွှန်များကို သမဝါယမဦးစီးဌာန(ညွှန်ကြားရေးမှူးချုပ်ရုံး)အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန [ညွှန်ကြားရေးမှူးချုပ်ရုံး/အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)/အောက် မြန်မာပြည်ရုံးခွဲ(ရန်ကုန်)]တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာနများ၊ သမဝါယမ တက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့တွင် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၃၀-၈-၂၀၁၃ရက် ဖြစ်ပါသည်။ အသေးစိတ်သိလိုသော အချက်အလက်များကို လျှောက်လွှာဝယ်ယူရာဌာနများနှင့် ဖုန်း-၀၆၇-၄၁၀၃၄၃ နှင့် ၀၆၇-၄၁၀၂၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်
ကျွန်မ မဇိုင်ထန်နွမ်း ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ်အမှတ် A-263143မှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၉၀၂၃၄၅**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ ဖြိုးဝေလျှံ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ သွင်းကုန်လိုင်စင်အမှတ် MQIL 1 12-13(7033)(23/01/2013) (ID) အမှတ် (A 62971) မူရင်းသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၃၁၂၄၀၂

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ကျွန်တော် ဦးငွေအောင်-ဒေါ်အေးအေးမြိုင်တို့၏ ကိတ္တိမသမီး မယုယငွေ ၃/မဝတ(နိုင်)၀၄၃၉၂၈ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအားအမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို (လုံးဝ)တာဝန်မယူပါကြောင်း။

ဦးငွေအောင် ၃/မဝတ(နိုင်)၀၀၁၃၁၆-ဒေါ်အေးအေးမြိုင်

ဩဂုတ်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် ရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၅ ပေမှ ၇ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄ ပေမှ ၅ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၆ ပေမှ ၈ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ အလွတ်တန်းဘိလိယက်နှင့် စနူကာပြိုင်ပွဲကြီး ပြီးဆုံး

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံအားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ABC National Billiards of Snooker Open Championship ပြိုင်ပွဲကြီးကို ဇူလိုင် ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၅ ရက် ညနေ ၄နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာမွန်ဈေး ဒုတိယထပ်ရှိ New Word Billiards Club ၌ ကျင်းပခဲ့သည်။

ဘိလိယက် အလွတ်တန်းပြိုင်ပွဲများတွင် ပထမဆု ကိုပေါက်စ၊ ဒုတိယဆု ကိုဝင်းကို၊ တတိယဆု ကိုစန်းမြင့်၊ Higher Break ဆုကို ကိုဝင်းကိုတို့က ဆွတ်ခူးရရှိခဲ့ပြီး စနူကာအလွတ်တန်းပြိုင်ပွဲတွင် ပထမဆု ကိုရဲဇော်ထွန်း၊ ဒုတိယဆု ကိုဝင်းခိုင်၊ တတိယဆုကို ကိုဇော်ဝင်းချိုနှင့် Higher Break ဆု ကိုဝင်းခိုင်တို့က အသီးသီးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကြီး ဆုချီးမြှင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နာယက ဗိုလ်မှူးကြီး ကျော်ဇံလှ (ငြိမ်း)၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ Main Sponsor နှင့် Co-Sponsors များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။ ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာတိုးတက်မြင့်မားရန် ရည်ရွယ်၍ အဆိုပါအဖွဲ့ချုပ်သို့ Main Sponsor က ငွေကျပ် ငါးသိန်းကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) က ကြီးမှူး၍ ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Out-bound Tourism Development Workshop)ကို ဩဂုတ် ၃ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇန ဟိုတယ် (ရွှေဂုံတိုင်)၌ ကျင်းပမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် အသင်းဝင်ကုမ္ပဏီများသည် ဇူလိုင် ၃၀ ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း-၀၁-၂၁၄၉၄၁နှင့် ၀၁-၂၁၄၉၄၅ တို့သို့ ဆက်သွယ်စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

အဟံအဖွဲ့ သာသနာရေးဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်

တောင်ငူ ဇူလိုင် ၂၉

အဟံ. . . အလယ်ရိုးမတောင်ငူ ရှင်သာမဏေကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုအဖွဲ့သည်သံဃာတော်များနှင့်တောင်ငူမြို့ခံဆရာဝန်များ၊ သူနာပြုများ၊ ဝေယျာဝစ္စဒါနလူငယ်များဖြင့်ဖွဲ့စည်းထားပြီး ရှင်သာမဏေများ ပရိယတ္တိစာပေသင်ယူရာတွင် အနာရောဂါအမျိုးမျိုးကြောင့် အနှောင့်အယှက်မဖြစ်စေရန်နှင့် ဓမ္မရင်ခွင်၌ ခိုလှုံနေကြသည့် မိဘမဲ့ကလေးသူငယ်များ ကျန်းမာစွာပညာသင်ကြားစေရန်ရည်ရွယ်၍ ဖွဲ့စည်းထားသည့် ဘာသာရေးပရဟိတအဖွဲ့သက်သက်ဖြစ်သည်။

အဟံ. . . အဖွဲ့သည် သာမဏေငယ်များနှင့် မိဘမဲ့ကလေးငယ်များ၏ ဦးခေါင်းတွင် ပေါက်တတ်သည့် ဒက်နှင့်ခန္ဓာကိုယ်အရေပြားပေါ်တွင် ဖြစ်တတ်သော ပွေး၊ ဝဲညှင်း၊ ယားနာစသည့်ရောဂါများနှင့် အခြားသော ရောဂါများပါ ကုသစောင့်ရှောက်ပေးခြင်း၊ သက်န်း၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ မိဘမဲ့ကလေးငယ်များ၏ အင်္ကျီ၊ ဘောင်းဘီများကို Dettol ဆေးရည်စိမ်၍ ပိုးသတ်ပေးကာ လျှော်ဖွပ်သန့်စင်ခြင်းများပြုလုပ်ပေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် စားသောက်နေထိုင်မှုဆိုင်ရာများကိုလည်း ပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။ အဆိုပါအဖွဲ့သည် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂နာရီက တောင်ငူမြို့ (၂၀) ရပ်ကွက်ရှိ သိမ်ဦးကျောင်းတိုက်တွင် စတုတ္ထအကြိမ်မြောက် သံဃာအပါး ၁၂၀ကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ဦးခေါင်းရှိ ဒက်များကို ဆေးထည့်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သူရ(တောင်ငူ)**

ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ မီဒီယာခန်းသုံးပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၉-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါသွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၃၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ကလေး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကလေး)တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁)	Officer Table (L=6', B=4', H=2'6")	(၂၀) လုံး
(၂)	Book Case	(၂၀) လုံး
(၃)	File Shelfs	(၂၀) လုံး
(၄)	Cabinet (Leeco 4 Drawers)-Width 3', Height 6'	(၅) ခု
(၅)	ဗိုင်တင်စင် (Leeco/ Taiyo/ Standard)	(၂၀) လုံး
(၆)	Computer Table	(၃၀) လုံး
(၇)	လက်တင်ပါကုလားထိုင်	(၂၀) လုံး
(၈)	သစ်သားဆက်တီ	(၁) စုံ
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	(၅၀) လုံး
(၁၀)	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါ၊ နောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	(၁၀) လုံး
(၁၁)	စကားပြောစင်	(၃) လုံး
(၁၂)	Plastic Chair (Armed)	(၂၀) လုံး
(၁၃)	Plastic Chair (Armless)	(၃၀) လုံး
(၁၄)	Lab Table	(၂၀) လုံး
(၁၅)	Bed Stead (Single)	(၂) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ စီမံရေးရာဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကလေး)တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၁၃ရက် ညနေ(၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ခေတ္တ-ကျောင်းအုပ်ကြီး၊ ကွန်ပျူတာ တက္ကသိုလ်(ကလေး)၊ ကလေးမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၆၄၇၃၃၁၄၊ ၀၉-၄၇၀၇၃၅၆၅ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ကလေး)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ သက်ဆိုင်သူများမှ ငွေပေးသွင်းရန်အကြောင်းကြားခြင်း

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဧရာဝတီဌာနခွဲမှ ရေယာဉ်/တွဲယာဉ်များအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းရှင်များမှ နှစ်ဖက်အတည်ပြုထားသည့် ငှားရမ်းစာချုပ်များဖြင့် ငှားရမ်းအသုံးပြုခဲ့ပြီး ပူးတွဲပါငွေကြေးများ ပေးသွင်းရန် ကျန်ရှိနေပါသည်။ ငှားရမ်းခကြွေးကျန်များကို တရားဝင်စာဖြင့် အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း ပေးဆပ်ခြင်းမရှိသဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း သယ်ယူပို့ဆောင်ရေးဌာနသို့ လာရောက်ပေးသွင်းရန်နှင့် ပေးသွင်းရန်ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

စဉ်	အမည်	ကြွေးကျန်	နေရပ်လိပ်စာ
၁	ဦးမောင်ထွန်း	၁၁၃၆၄၂၀၀	အမှတ်(၁၁)၊ မြေညီထပ်၊ ဧရာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
၂	ဦးကျော်ထွန်းနိုင်	၃၅၅၀၀၀၀	အမှတ်(၆၇)၊ ၄၂×၄၃ လမ်းကြား မဟာမြိုင်(၁)ရပ်ကွက်၊ မန္တလေးမြို့
၃	ဦးဇင်မင်းကို	၅၃၈၆၅၀၀	အမှတ်(၇၉)၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သုတေသနဓာတ်ခွဲခန်းသုံး စက်နှင့်စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ E Government အတွက် လိုအပ်သောပစ္စည်းများနှင့် ရုံးသုံးမော်တော်ယာဉ်တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်-၀၉-၅၁၃၆၇၁၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်စက်ပစ္စည်းတစ်ခုချင်းအတွက်ဈေးနှုန်းတင်သွင်းလွှာ-

စတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၂၃-၈-၂၀၁၃ရက် ညနေ ၁၆း၀၀နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန်

မြောက်ဥက္ကလာပ အထက(၁)၊တက္ကသိုလ်ဝင်တန်း(L) တွင် ပညာသင်ကြားနေသော မောင်ဇော်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းထွန်း ဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ စတုတ္ထတန်း(ဂ)မှ မမေသန္တာမိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးဝင်း ၁၃/လရန(နိုင်) ၀၀၂၇၄၆ ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
အဆောက်အအုံများဆောက်လုပ်ရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံ၊ ကျန်းမာရေးဌာနအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများပြုလုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တောင်သာမြို့နယ်၊ ရုံးစည်ကြီး (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊
(ခ) မလှိုင်မြို့နယ်၊ ဆည်တို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊
(ဂ) တောင်သာမြို့နယ်၊ကျောဇီ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊
(ဃ) အမရပူရမြို့နယ်၊ ရဲလွန်းကျော် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊
(င) တောင်သာမြို့နယ်၊ တံတားကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံဆောက်လုပ်ခြင်း၊
(စ) မတ္တရာမြို့နယ်ဆေးရုံတွင် ခွဲစိတ်ခန်း၊ တိုးချဲ့လူနာဆောင် နှစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊
(ဆ) မတ္တရာမြို့နယ်၊ ရှင်လှကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံဆောက်လုပ်ခြင်း၊
(ဇ) မတ္တရာမြို့နယ်၊ အိုင့်ဒိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း၊
(ဈ) မတ္တရာမြို့နယ်၊ သဖန်းဒေါင့်တိုက်နယ်ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(ည) မိတ္ထီလာမြို့နယ်၊ သီးပင်ကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံဆောက်လုပ်ခြင်း၊
(ဋ) မတ္တရာမြို့နယ်၊ ကောက်ရိုးပုံကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း၊
(ဌ) သာစည်မြို့နယ်၊ ညောင်ရမ်း (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊
(ဍ) စဉ့်ကူးမြို့နယ်၊ ထုံးကြီးတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(ဎ) သာစည်မြို့နယ်၊ ရွှေလုံ(မြောက်)ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း။

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၈-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊
ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ မြေကွက်အမှတ် ပစ(B)-၆၈၅၊ ဧရိယာ ၀ဒသမ ၁၁၀၈ဧကရှိ ဒု-အရာခံဗိုလ်အောင်ဆန်း(ကွယ်လွန်)အမည်ဖြင့် ပိုင်ဆိုင်သောပါမစ်မြေကွက်အား အမည် ဒေါ်ခင်ညီညီ(ဒု-အရာခံဗိုလ်အောင်ဆန်း၏ဇနီး) ၁၀/သထန(နိုင်)၀၁၈၇၅၀ (ဘ) ဦးချစ်စိန်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းများနှင့် ကြော်ငြာ

စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၇၀ ကျော်ဖိုး ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၉

ဇူလိုင် ၂၁ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဖားကန့်သို့သွားသော မော်တော်ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကျော်ကို တရားခံနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲခန့်က မိုးညှင်းမြို့ရှိ ဂျိန်းဖော့မြေ မော်တော်ယာဉ်အသင်းမှ မော်တော်ယာဉ်တစ်စီးပေါ်တွင် လိုက်ပါစီးနင်းလာသော ကျော်မြင့်(ခ) အိုက်တီ(၃၁နှစ်)၊ မအားချင့် (ခ)ဆောက်ဆိုင်ချင် (၂၇နှစ်) တို့ကို မိုးကောင်းမြို့ ရှစ်မိုင်လမ်းဆုံ၌ မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ရှာဖွေစစ်ဆေးစဉ် WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၄၁၂ ပြား၊ ၈၈ စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၅၂၈၀၊ ဘိန်းဖြူဟုယူဆရသော ဘလောက်တုံး ၅ ဒသမ ၅ ဂရမ်တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၀၆၉၂ ပြားသည် ဒေသပေါက်ဈေးအရ ငွေကျပ်သိန်း ၃၇၀ ကျော်ခန့် တန်ဖိုးရှိကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

ဖားကန့်တွင် စိတ်ကြွဆေးပြား ၈၄၀၀ သိမ်းဆည်းရမိ

ဖားကန့် ဇူလိုင် ၂၉

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားကန့်ရဲစခန်း၏ အနောက်တောင်ဘက် လေးမိုင်ခန့်အကွာ ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကုန်းကျေးရွာရှိ နေအိမ်တစ်လုံးတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ဖားကန့်ရဲစခန်းမှ ရဲအုပ်ဝင်းရွှေနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကုန်းကျေးရွာနေ ယောဆိုက်(ခ) မောင်ဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မြောက်ဘက် ခြံစည်းရိုးဘေး မြေကျင်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသည့် ပန်းရောင်ဆေးပြား စုစုပေါင်း ၇၆၀၀၊ နောက်ဖေးဘက်ထွက်ပေါက်ဘေးနံရံတိုင်၌ ချိတ်ဆွဲထားသည့် အိတ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသည့် ပန်းရောင်ဆေးပြား ၈၀၀ ပြား စုစုပေါင်း ၈၄၀၀၊ အဖြူရောင်ပလတ်စတစ်အိတ်အတွင်းထည့်ထားသော ဘိန်းဆီခဲဟုယူဆရသည့် အမည်းရောင်အစေး ၁၆၃၃ ဂရမ်၊ အိပ်ခန်းအတွင်း သံသေတ္တာပေါ်မှ မူးယစ်ဆေးဝါးရောင်းချရငွေဟုယူဆရသော ငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ယောဆိုက်(ခ) မောင်ဝင်းနှင့် မလွန်းတို့ကို ဖားကန့်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၆၄)**

ကွင်းထိုးဖိနပ်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြားများ ၉၂ သိန်းဖိုး ဖမ်းဆီးရမိ

သီပေါ ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမူးယစ်(အထူး)အဖွဲ့သည် ဇူလိုင် ၂၅ရက် နံနက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် ၇၀/၅ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်း အောင်ကျော်ဦး မောင်းနှင်လာသည့် ဝင်းနားခရီးသည်တင်ယာဉ်အသင်းမှ မှန်လုံယာဉ် အမှတ် ၈၉/.... ယာဉ်ပေါ်ပါ ခရီးသည် နာမဟာ စီးထားသော ကွင်းထိုးခုံထူဖိနပ်နှစ်ဖက်အတွင်းမှ အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်ငယ် တစ်ထုပ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါ ၂၃ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ အလေးချိန် ၄၁၄ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တရုတ်ပြည် ဝမ်တိန်ပန်ဆိုင်းမှ ဝယ်ယူပြီး ကချင်ပြည်နယ် ဖားကန့်သို့ သယ်ဆောင်ကာ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်းသိရသဖြင့် နာမဟာ (၅၀နှစ်) အမှတ် (၃) ရပ်ကွက် ပန်ဆိုင်းမြို့နယ်ခွဲ မူဆယ်မြို့နေသူကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(ဝ၇၂)**

ဆိုင်ကယ်ကယ်ရီလိုက်ပို့သည့် အမျိုးသမီးကို ဓားဖြင့်ထိုးပြီး ကျောက်ခဲဖြင့် ထုသတ်သူများကို ဖမ်းမိ

ဘုတ်ပြင်း ဇူလိုင် ၂၉

ဇူလိုင် ၁၇ ရက် နံနက် ၁၁နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့နယ်ခွဲရှိ ပိုကောင်း ဆီအုန်းကုမ္ပဏီအလုပ်သမားလိုင်းခန်းနေ ဇင်မင်းမောင်(၂၄နှစ်) ၏ ဇနီးဖြစ်သူ မအေးသိန်း (၂၆နှစ်)သည် ၎င်းပိုင် ဆိုင်ကယ်ဖြင့် ကုမ္ပဏီ အလုပ်သမားများဖြစ်သော မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုက္ခမော့ကျေးရွာနေ ဇော်မင်းစိုး (၁၉နှစ်)၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာနေ စိုးနိုင် (၁၉နှစ်)နှင့် နတ်တလင်းမြို့နယ် ထန်းတပင်ကျေးရွာနေ အောင်ကို (၁၉နှစ်) တို့ သုံးဦးကို ကုမ္ပဏီမှ ကြို့ပင်ဆိပ်သို့ ဆိုင်ကယ်ဖြင့် အငှားလိုက်ပို့ပေးခဲ့ပြီး ထိုနေ့ညနေပိုင်းအထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသောကြောင့် ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကရသူရီနယ်မြေရဲစခန်းမှူးတို့ကို အကြောင်းကြားခဲ့ရာ ရဲတပ်ဖွဲ့က ဆိုင်ကယ်အငှားစီးနင်းခဲ့သူ ဇော်မင်းစိုးပါ သုံးဦးကို ဖမ်းဆီး၍ စစ်ဆေးခဲ့ရာ မအေးသိန်းအား ကြို့ပင်ဆိပ်သို့ အပြန်လမ်းတွင် စိုးနိုင်နှင့် အောင်ကိုတို့ နှစ်ဦးက ဓားဖြင့်ထိုး ကျောက်ခဲဖြင့်ထုကာ အလောင်းကို လမ်းဘေးတောတွင်းရှိ ချိုင့်ထဲတွင် ကျောက်ခဲ၊ ရွှံ့၊ သစ်ရွက်များဖြင့် ဖုံးအုပ်ထားခဲ့ကြောင်း၊ ဆိုင်ကယ်ကို ဝါးရုံအနီးတောထဲတွင် ဝှက်ထားခဲ့ကြောင်း ထွက်ဆိုသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ မအေးသိန်းအား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရပြီး အလောင်းအနီး ချုံထဲတွင်ဝှက်ထားသည့် ဆိုင်ကယ်ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ၏ခင်ပွန်းဖြစ်သူ ဇင်မင်းမောင်က အရေးယူပေးပါရန် တိုင်တန်းသောကြောင့် ပြစ်မှုကျူးလွန်ခဲ့သူများဖြစ်သည့် ဇော်မင်းစိုး၊ စိုးနိုင်နှင့် အောင်ကိုတို့ သုံးဦးကို ကရသူရီနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုရှုပ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Computer & Accessories	-	(11) Items
(ခ)	အိတ်ချိန်းစက်ပစ္စည်း	-	(12) Items
(ဂ)	Copier & Projector	-	(3) Items
(ဃ)	Camera & Voice Recorder	-	(5) Items
(င)	စက်ပစ္စည်း	-	(3) Items
(စ)	ရုံးသုံးပရိဘောဂ	-	(11) Items
(ဆ)	Carpet & Water Cooler	-	(2) Items
(ဇ)	Computer & Accessories	-	(9) Items
(ဈ)	Emboss Machine နှင့် Pressure Pump	-	(2) Items
(ည)	စက်ပစ္စည်း	-	(9) Items
(ဋ)	Language Lab Multimedia Unit for 24 Students နှင့် PA System	-	(2) Items
(ဌ)	Server & Accessories	-	(10) Items
(ဍ)	Fiber Cable & Accessories	-	(12) Items
(ဎ)	Transmission ပစ္စည်း	-	(17) Items
(ဏ)	Manhole Frame & Cover, Cement နှင့် MS Rod	-	(3) Items
(တ)	4" UPVC Pipe	-	(615) Nos
(ထ)	Cable နှင့် ဆက်စပ်ပစ္စည်း	-	(17) Items
(ဒ)	Computer & Accessories	-	(8) Items
(ဓ)	Fax Paper Roll (216mm x 30m)	-	(2000) Rolls
(န)	RT & Television	-	(2) Items
(ပ)	Laptop Computer & Printer	-	(2) Items
(ဖ)	Bandwidth Tester, E1 Tester, ODTR & Spare Parts	-	(4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အမည်မှန် ဖြစ်ကြောင်း

ဦးကိုကိုလေး၏သမီး သဃ်န်းကျွန်းမြို့နယ်၊ အထက(၁)၊ နဝမတန်း(I)မှ မသဉ္ဇာခိုင်၏အမည်မှန်မှာ မသဉ္ဇာခိုင် ၁၂/သဃက(နိုင်)၁၈၉၁၃၉ ဖြစ်ပါသည်။ **မသဉ္ဇာခိုင်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်) ရုံးချုပ်နှင့်ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရုံးခွဲ၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ အခြေခံပညာကျောင်းများတွင် (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်-

၁။	**စက်ပစ္စည်းများ**	**အရေအတွက်**
(1)	**Office Equipment**	
	(1) Computer (Intel Core i7-2600,3.4 GHZ, 4GB DDR3, 1TB HDD (Seagate),Graphic Card 1GB EA 5450 ASUS PCIE, 20" Monitor	156
	(2) Fax Machine	156
	(3) Digital Multifunction Copier Canon IR 1024, 128 MB, image memory 1x500 Sheets Universal Cassette 1x100 Sheets Stack Bypass (UFRLT II) (Copier, Scanner and Printer) 24 CPM, 50-200% Zoom, Legal 1200 x 600 dpi	25
	(4) UPS (650 VA)	150
	(5) Laptop Computer (Core i7, 2.1 GHz, DDR3 1 TB HDD, Graphic Card 1GB, 14" Display	156
၂။	**ပရိဘောဂ[ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရုံးခွဲ၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး]**	**အရေအတွက်**
(1)	Single Desk and Single Chair	35000
(2)	Single Desk and Single Chair	60000
(3)	လေးယောက်ထိုင်စာရေးခုံ(မြင့်)နှင့် ခုံတန်းရှည်(စုံ)	20000
(4)	Officer Table (5'x3'x2'6")	504
(5)	Officer Table (4'x2'x2'6")	1344
(6)	Office Chair (1' 8"x2'3"x1' 6")	504
(7)	Armless Chair(1' 5"x 1' 6"x1' 6")	1344
(8)	Cabinet (6'x 3'x1' 6")	504

၂။ အဆိုပါအိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများကို ၃၀-၇-၂၀၁၃ ရက် ၁၄-၈-၂၀၁၃ရက် နံနက် ၁၀း၀၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း နောက်ဆုံးထား၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ လက်ထောက်ညွှန်ကြားရေးမှူး(ဘဏ္ဍာ) အခန်းအမှတ်(၁၁၇)သို့အရောက် လုပ်ငန်းရှင်(သို့မဟုတ်)တရားဝင်ဆုံးဖြတ်ခွင့်ရှိသူကို ကိုယ်စားလှယ်က ကိုယ်တိုင်လာရောက်၍ ပေးပို့တင်သွင်းရပါမည်။ တင်ဒါဖွင့်မည့်ရက်ကို ထပ်မံကြော်ငြာပေးပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမှတ်(၁)အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ဖုန်း-၅၄၈၈၁၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အမှတ်(၁)အခြေခံပညာဦးစီးဌာန

ဖခင် အမည်မှန်

အထက(၄) မင်္ဂလာဒုံ၊ တက္ကသိုလ်ဝင်တန်း(B)မှ ကျောင်းဝင်အမှတ် ၂၀၃/၁၂ ဖြစ်သူ မခင်မေသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း(ခ)ဦးဂျေစီရီလာလ် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မုံရွာမြို့တွင် တိုင်းဒေသကြီးမန်နေဂျာရုံး၊ အဆောက်အအုံပေ(၈၀×၆၅) RC နှစ်ထပ်အဆောက်အအုံ [ရေသန့်လျှပ်စစ်မီး(အတွင်းအပြင်)၊ ထရန်စဖော်မာ၊ ဝင်းခြံကာရံခြင်း၊ အဝင်ကွန်ကရစ်လမ်း] အပါအဝင် ဆောက်လုပ်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (က) **တင်ဒါရောင်းချမည့်ရက်** - ၁-၈-၂၀၁၃ ရက်မှ ၃၀-၈-၂၀၁၃ ရက်အထိ
- (ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၃၁-၈-၂၀၁၃ ရက် ၁၆း၀၀ နာရီ
- (ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၀၊ ၂၄၃၁၅တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အောင်ဆန်းသူရိယလှသောင်းကျောင်းမှ ကျောင်းသားဟောင်းများ (ဘော်ဒါ ၁၉၆၂-၁၉၇၂)

သူငယ်ချင်းတို့ရေ-

ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ၏ လူမှုရေး၊ ကျန်းမာရေး၊ နာရေးကိစ္စများကို ပျော်ပျော်ပါးပါး တွေ့ဆုံတိုင်ပင်ညှိနှိုင်းလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။)

- **တွေ့ဆုံမည့်ရက်** - ၄-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
- **တွေ့ဆုံမည့်အချိန်** - နံနက် ၇း၃၀ နာရီမှ ၉း၃၀ နာရီ
- **တွေ့ဆုံမည့်နေရာ** - စိန်လျံကော်ဖီဆိုင်၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

ဆက်သွယ်ရန်

ဦးခင်ညိုလှိုင် ဖုန်း-၀၉-၄၀၀၄၀၆၁၄၀၊ ဦးသန်းဌေး ဖုန်း-၀၉-၄၉၂၂၀၈၃၆၊ ဦးထွန်းလှအောင် ဖုန်း-၀၉-၅၁၃၁၄၈၄၊ ဦးမောင်မောင်အေး ဖုန်း-၀၉-၄၃၁၈၉၈၆၁၊ ဦးသောင်းမြင့် ဖုန်း-၀၉-၃၁၅၆၀၄၃၄

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၁၀၆၅/က)၊ ဧရိယာ (၂၀ ပေ × ၆၀ ပေ) ရှိနှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၆-ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်-၁၀၆၅ ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကိုလက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက် ရှိသော ဒေါ်ဘိုသန်း (ခ) ဒေါ်ကျင်သန်း (၁၂/ဥကတ (နိုင်) ၀၅၀၉၁၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ် စာတမ်းများနှင့် တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ် (၅၆၅/၅၆၇)၊ MAC TOWER ၊ အခန်းအမှတ် (၄၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၉၃၀၆၅၅၀

မိုးသည်းထန်စွာရွာ၍ နမ့်ခမ်းမြို့လမ်းအချို့နှင့် ဈေးကြီးအတွင်းရေလျှံ

နမ့်ခမ်း ဇူလိုင် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ နမ့်ခမ်းမြို့တွင် ဇူလိုင်လဆန်းမှစ၍ နေ့စဉ် မိုးရွာသွန်းလျက်ရှိသည်။ မိုးသည်းသည့်နေ့ရှိသကဲ့သို့ တဖွဲဖွဲ ရွာသွန်းသည့်နေ့များလည်း ရှိနေရာ ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင်သည်းထန်စွာ ဆက်တိုက်ရွာသည့် မိုးကြောင့် ပြည်ထောင်စုလမ်းမ မီးပွိုင့်အနီး လမ်းဆုံဝန်းကျင်နေရာများ၊ဈေးမြောက်ဘက်လမ်းတွင် ရေလျှံနစ်မြုပ်သွားပြီးအထက်တန်း ကျောင်းလမ်းနှင့် ရပ်ကွက်အချို့နေရာများ၊စည်ပင်သာယာဈေးကြီးအတွင်း အနိမ့်ပိုင်းနေရာများ၌ နှစ်ပေကျော်ခန့်အထိ ရေနစ်မြုပ်လျှံတက်ခဲ့သည်။ **(ယာပုံ)**

နမ့်ခမ်းဈေးနေ့ဖြစ်သော်လည်း ဈေးအတွင်း ရေလျှံသဖြင့် ဝင်ထွက်သွားလာရန် ခက်ခဲကာ ဈေးဝယ်သူမရှိဘဲ ဈေးစောစောသိမ်းခဲ့ရသည်။ မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများက ပိတ်ဆို့နေသော နေရာများကို ဖောက်ထုတ်ခြင်း၊ ရေမြောင်းများကို အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးသဖြင့်ညပိုင်းတွင် ရေများ ကျဆင်းသွားပြီး ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိသွားကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်

ပျဉ်းမနား ဇူလိုင် ၂၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်အုပ်စု ပန်းခင်း (၂) ရပ်ကွက်တွင် ဇူလိုင် ၂၇ ရက်က ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားစေတတ်သော ခြင်ပေါက်ပွားမှု မရှိစေရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်လွင်ဦး၊ ရပ်မိရပ်ဖ ဦးခင်မောင်ကျော်နှင့်အဖွဲ့က မီးရထားလမ်းနှင့် ပန်းခင်းလမ်းမကြီးကြားရှိ သပြေ လမ်းမှ(၄)လမ်းအထိ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ကြသည်။

အဆိုပါ ရေမြောင်းကို ရပ်ကွက်နေသူများက ငွေကျပ် ငါးသိန်း အကုန်အကျခံကာ ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြေတူးစက် အကူအညီပေးမှုဖြင့် အရှည်ပေ ၅၂၀ရှိ ရေမြောင်းကို တူးဖော်နိုင်ခဲ့သည်။

ဆောင်ရွက်ခဲ့

အလားတူ ငုရွှေဝါလမ်းတွင်လည်း ငွေကျပ် နှစ်သိန်းခွဲအကုန်အကျခံကာ မြောင်းကူးကွန်ကရစ်တံတား (၁၆×၄)ပေ ကို တည်ဆောက်ခြင်း၊ ရပ်ကွက်အတွင်းရှိ ရေဝပ်သောလမ်းများတွင် မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝသန်(မကွေး)

တာမွေမြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးခြင်ဆေးဖျန်း

ရန်ကုန် ဇူလိုင် ၂၉

မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းများ ကာကွယ်တားဆီးရန်အတွက် တာမွေမြို့နယ်အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က တာမွေကြီး (ခ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဝင်း၊ မီးသတ်တပ်စုမှူး အောင်အောင်နှင့်အထောက်အကူပြုကော်မတီဝင်များက အဝေရာလမ်းတွင်းရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အတွင်းသို့ ခြင်အန္တရာယ်ကာကွယ်ရန် ခြင်ဆေးဖျန်းခဲ့သည်။ မိုးရာသီမကုန်မချင်း ဆက်လက်၍ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လှလှ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အိန္ဒိယ-မြန်မာ နယ်စပ်ဆွေးနွေးပွဲကျင်းပ

တမူး ဇူလိုင် ၂၉

အိန္ဒိယ-မြန်မာ နယ်စပ်ဒေသ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို အိန္ဒိယနိုင်ငံ အင်ဖာရ်မြို့တွင် ဇူလိုင် ၂၃ ရက်မှစတင်ကာ သုံးရက်ကြာ ကျင်းပခဲ့ကြပြီး မြန်မာဘက်မှ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင် ဦးဆောင်သည့် အကြီးတန်းအရာရှိ ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယဘက်မှ ဒုတိယဗိုလ်ချုပ် Arun Kumar Sahni ဦးဆောင်ကာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတာဝန်ခံ Sailesh Thangal လည်း တက်ရောက်ပြီး နယ်စပ်လုံခြုံရေးတွင် အရေးပါသည့်ကိစ္စရပ်များဖြစ်သည့် နှစ်နိုင်ငံ နယ်စပ်စီမံခန့်ခွဲမှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကိစ္စများ ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယဒေသခံသတင်းဌာနများက ရေးသားကြသည်။

သို့သော်လည်း ဇွန်လအတွင်းကဖြစ်ပွားခဲ့သည့် တမူးမြို့ နန့်ဖာလုံဈေးတွင် ငွေတောင်းခံမှုကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူနှင့် အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်မှသာ လုံခြုံရေးကိစ္စအဆင်ပြေမည်ဟု တမူးမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အမတ် ဦးမြင့်အောင်က ပြောကြားသည်။

အရေးယူဆောင်ရွက်

"ဘယ်လိုပုံစံ သူတို့ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ မသိနိုင်ဘူးပေါ့ဗျာ။ အစိုးရချင်း ဘယ်လိုပဲပူးပေါင်းနေနေ ပြည်သူမပါဘဲ မဖြစ်နိုင်ဘူး။ အခုဟာကလည်း ပြည်သူက သူတာဝန်ယူတဲ့အပိုင်းလေးတွေ ရှိလာတယ်။ စိုးရိမ်ကြောက်ရွံ့ပေမယ့်၊ သို့ပေမယ့် ပြောရမယ်ဆိုတဲ့ပုံစံ ဖြစ်ပေါ်လာတော့ အစိုးရကလည်း အရေးယူဆောင်ရွက်ရတာပေါ့။ အဲဒီတော့ ပြည်သူပါဖို့ လိုအပ်မယ်လို့ သုံးသပ်ပါတယ်"ဟုဒေသခံတစ်ဦးက ပြောကြားသည်။

သို့သော် အင်ဖာရ်ဆွေးနွေးပွဲ သဘောတူညီချက်များကို ထုတ်ပြန်ထားခြင်းမရှိပေ။ တံတားခုနစ်စင်း ဆောက်လုပ်ရန် လိုအပ်သည့် ပစ္စည်းများကို တိုင်းမှူးဗိုလ်ချုပ်စိုးလွင်ထံ အိန္ဒိယဘက်က လွှဲပြောင်းပေးအပ်ခဲ့ပြီး နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတွင် ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သကဲ့သို့ ပိုမိုတည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း တိုင်းမှူးက ပြောကြားခဲ့သည်။

ချင်းတွင်းသား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁)	Officer Table(L=6',B=4', H=2' 6")	၂၀ (လုံး)
(၂)	Book Case	၂၀ (လုံး)
(၃)	File Shelfs	၂၀ (လုံး)
(၄)	Cabinet (Leeco 4 Drawers)-Width 3',Height 6'	၅ (ခု)
(၅)	ဖိုင်တင်စင် (Leeco/Taiyo/Standard)	၂၀ (လုံး)
(၆)	Computer Table	၃၀ (လုံး)
(၇)	လက်တင်ပါကုလားထိုင်	၂၀ (လုံး)
(၈)	သစ်သားဆက်တီ	၁ (စုံ)
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ (လုံး)
(၁၀)	သဟာယထိုင်ခုံ (ကျွန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါ၊ နောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	၁၀ (လုံး)
(၁၁)	စကားပြောစင်	၃ (လုံး)
(၁၂)	Plastic Chair (Armed)	၂၀ (လုံး)
(၁၃)	Plastic Chair(Armless)	၃၀ (လုံး)
(၁၄)	Lab Table	၂၀ (လုံး)
(၁၅)	Bed Stead(Single)	၂ (လုံး)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၃ရက်တွင် စီမံရေးရာဌာန၊ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၁၃ ရက် ညနေ ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ခေတ္တကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)၊ ပခုက္ကူမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၂-၂၂၁၅၅၊ ၀၆၂-၂၂၁၅၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာယာဝတီခရိုင်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈

မြန်မာ့စီးပွားရေးဘဏ်၊ သာယာဝတီမြို့ (၎င်းကိုယ်စား ခရိုင်မန်နေဂျာ ဒေါ်ခင်စန်းဝေ) **တရားလို**

နှင့်

၁။ ဦးမင်းကျော်သူ
၂။ ဒေါ်မေထက်ဝင်း **တရားပြိုင်များ**

သာယာဝတီမြို့၊ ကွက်သစ်(၂)လမ်းနေ (၁) ဦးမင်းကျော်သူ၊ (၂) ဒေါ်မေထက်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ မြန်မာ့စီးပွားရေးဘဏ် သာယာဝတီမြို့က ဘဏ်ချေးငွေ ၁၆၅၀၀၀၅၃/၆၇ ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၉ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သွယ်သွယ်သိန်း)
ခရိုင်တရားသူကြီး၊ သာယာဝတီခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၇၂၇ Toyota Harrier S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်သန္တာလတ် ၇/ပခန(နိုင်)၂၁၅၄၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ်(၄၆ဉ)၊ ဧရိယာ ၀ဒသမ ၀၁၃ဧကရှိ ဦးခင်အောင် ပါ-၂ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးခင်အောင်ပါ-၂ ၉/ပမန(နိုင်)၀၅၆၂၆၇ (ဘ) ဦးလှဒင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၁၉-၇-၂၀၁၃ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ အများသိစေရန်ကြေညာချက်ကို
ပြန်လည်ရှင်းလင်းကြေညာခြင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်နေ ဒေါ်ခင်ခင်မြင့် ၉/မထလ(နိုင်)၀၅၇၄၀၂၊ ဒေါ်ကြည်ကြည်ဆွေ ၉/မထလ(နိုင်)၀၅၂၀၇၂၊ ဒေါ်ဆွေဆွေဝင်း ၉/မထလ(နိုင်)၀၅၁၉၀၆၊ ဒေါ်ရွှေရွှေမြင့် ၉/မထလ(နိုင်)၀၅၁၇၂၂၊ ဒေါ်မာမာအေး ၉/မထလ(နိုင်)၀၅၁၇၂၃တို့၏ ညွှန်ကြားချက်အရ-

မိတ္ထီလာမြို့၊ရတနာမာရ်အောင်ရပ်နေ ဒေါ်အမာကြည် ၉/မထလ(နိုင်)၀၇၀၁၄၈၊ ဦးတင်လှ ၉/မထလ(နိုင်)၀၅၃၁၂၂၊ ဒေါ်အမာရီ ၉/ရမသ(နိုင်)၀၀၈၀၉၄၊ ဒေါ်အမာစန်း ၉/မထလ (နိုင်)၀၅၃၀၉၂၊ ကွယ်လွန်သူ တရားနိုင် ဦးချစ်ဆွေ၏ တရားဝင်ကိုယ်စားလှယ်တို့နှင့် အများပြည်သူသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်နေ ဒေါ်အမာကြည် ပါ(၄)တို့က ၁၉-၇-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)တွင် **အများသိစေရန်ကြေညာခြင်း**ဟူသော ကြေညာချက်ကို အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်၊ ရပ်ကွက်အမှတ်(၇/က)ဒိုဘီကုန်း၊ ဦးပိုင်အမှတ် (၃၄-ခ)၊ မြေကွက်အမှတ်(၄၆/၁၈၁)၊ ဧရိယာ ၀ဒသမ ၀၃၇ဧကမှာ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဂရန်အမှုတွဲအမှတ်(၃၆၅/၉၈-၉၉)အရ ဒေါ်ခင်ခင်မြင့် ပါ(၅)တို့ ဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဒေါ်ခင်ခင်မြင့် ပါ(၅)တို့သည် အထက်ဖော်ပြပါ ဝိုင်းမြေပေါ်တွင် လွန်ခဲ့သော နှစ်(၅၀)ကတည်းက လက်ရှိနေထိုင်ပိုင်ဆိုင်ကြသူများ ဖြစ်ကြပါသည်။

ဒေါ်ခင်ခင်မြင့် ပါ(၅)အမည်ပေါက် မြေငှားဂရန်ကိစ္စကို ကွယ်လွန်သူ ဦးချစ်ဆွေက မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အယူခံဝင်ရောက်ရာ ဦးချစ်ဆွေ၏ အယူခံကို (၃၀-၉-၂၀၀၀)ရက်စွဲပါ စာအမှတ် ၄/၃၁-၃/ဦး ၁ ဖြင့် ပလပ်ခဲ့ပြီးဖြစ်ပါသည်။

ဦးချစ်ဆွေ(ကွယ်လွန်)က ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်အယူခံဝင်ခဲ့ရာ (၁၀-၁၀-၂၀၀၁)ရက်စွဲပါ စာအမှတ် ၂၀၀/၁-၃/ ဦး ၁ ဖြင့် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်ခင်ခင်မြင့် ပါ(၅)ဦးအမည်ဖြင့် အမည်ပြောင်းဂရန်ထုတ်ပေးသည့်အမိန့်ကို အတည်ပြုပြီး ဖြစ်ပါသည်။

မိတ္ထီလာခရိုင် တရားရုံးတော်မှ တရားမဇာရီမှုအမှတ်(၂၈/၂၀၁၂)တွင် ဒေါ်ခင်ခင်မြင့် ပါ(၅)အမည်ဖြင့် ဂရန်ရရှိထားသဖြင့် တရားရုံးက ဒီကရီကို အတည်မပြုနိုင်ပေဟု ၁၄-၈-၂၀၁၂ရက်က အမိန့်စီရင်ချက်နှင့် ဒီကရီချမှတ်ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဝိုင်းမြေတွင် ဒေါ်ခင်ခင်မြင့် ပါ(၅)ဦးတို့က လွန်ခဲ့သော အနှစ်(၅၀)ကတည်းက လက်ရှိနေထိုင် ဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသဖြင့် ဒေါ်အမာကြည်၊ ဦးတင်လှ၊ ဒေါ်အမာရီ၊ ဒေါ်အမာစန်းတို့နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါသဖြင့် လူကြီးမင်းတို့၏ ကန့်ကွက်ကြေညာချက်ကို လိုက်နာရန်မလိုကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်မြင့်၊ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်ဆွေဆွေဝင်း၊
ဒေါ်ရွှေရွှေမြင့်၊ ဒေါ်မာမာအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်မမ
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၄၉၁
ပန်းတိမ်တမ်းရပ်၊ မိတ္ထီလာမြို့

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှိ ပြုပြင်သုံးစွဲရန်မသင့်လျော်သည့် အောက်ပါပစ္စည်းဟောင်း (၇၀)မျိုးတို့အား ရောင်းချလိုပါသဖြင့် ယှဉ်တွဲပါဒေသများအလိုက် ပစ္စည်းကြည့်ရှုနိုင်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	ပစ္စည်းကြည့်ရှုရမည့်နေရာ
(က)	စက်ကိရိယာပစ္စည်း	၄၀ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ခ)	ပရိဘောဂပစ္စည်း	၈ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ဂ)	ရုံးသုံးကိရိယာ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာပစ္စည်း	၂၂ မျိုး	အမှတ်(၆၉/၇၁)၊မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်မြို့

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ ရန်ကုန်ရုံးခွဲ (ရန်ကုန်မြို့)၊ မြိတ်ရုံးခွဲ(မြိတ်မြို့)

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

၄။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်

၅။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃၀-၈-၂၀၁၃ရက် ၁၆:၃၀ ဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ ဖုန်း-၀၆၇-၄၁၄၀၈၃၊ ရန်ကုန်ရုံးခွဲ ဖုန်း-၀၁-၅၄၇၁၉၅ နှင့် မြိတ်ရုံးခွဲ ဖုန်း-၀၅၉-၄၁၀၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် ၄၆ဈ၊ ဧရိယာ ၀ဒသမ ၀၁၂ဧကရှိ ဦးခင်အောင်ပါ-၂ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးခင်အောင်ပါ-၂ ၉/ပမန(နိုင်)၀၅၆၂၆၇ (ဘ) ဦးလှဒင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ ၀ဒသမ ၀၅၆ဧကရှိ ဒေါ်သန်းကြည် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်သန်းကြည် ၉/ပမန(နိုင်)၀၂၀၁၆၈ (ဘ) ဦးနီကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

မံဖာကျေးရွာအနီး တမလန်းသစ်များ သိမ်းဆည်းရမိ

ဗန်းမော် ဇူလိုင် ၂၉

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် ဦးစီးပြီး ရဲတပ်ဖွဲ့ဝင်များ၊ သစ်တော ဦးစီးဌာနမှ အဖွဲ့ဝင်များ၊ ခရိုင်အထူး (မှုခင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခွဲက မံဖာကျေးရွာ၏ အရှေ့ဘက်ဘုန်းကြီးကျောင်းအနီးတောစပ်နေရာ၌ တရားမဝင်တမလန်းသစ်များ တင်ဆောင်ထားသည့် လေးလုံးထိုး (တုန်ဖုန်း) အပြာရောင်(နံပါတ်မပါ) မော်တော်ယာဉ်ပေါ်မှ တမလန်းသစ် ဆိုက်စုံ ၇၈ချောင်း အလေးချိန် ၃ ဒသမ ၄၂ တန် ဒေသပေါက်ဈေး ငွေကျပ် ၂၇၃၆၀၀၀နှင့် ဂျစ်စတောက်(အစိမ်းရောင်) ၅ဂ/. . . ယာဉ်ပေါ်မှ တမလန်းသစ် ဆိုက်စုံ အချောင်း ၄၀၊ အလေးချိန် ၂ ဒသမ ၇၄၀ တန် ဒေသပေါက်ဈေး ငွေကျပ် ၂၁၉၂၀၀၀နှင့် မော်တော်ယာဉ်အနီး မြေပြင်မှ တမလန်းစားရွေးတုံး ၂၈ ချောင်း ၁ ဒသမ ၅၀ တန် ဒေသပေါက်ဈေး ငွေကျပ်၁၂၀၀၈၀၀ တန်ဖိုးရှိ သစ်များကို ပိုင်ရှင်မဲ့ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆီမီးခုံ နန်းရီ

ကသာမြို့နယ် လမ်းခွကျေးရွာ စာသင်ကျောင်းအနီး ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာတစ်ဦးသေဆုံး

ကသာ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် လမ်းခွကျေးရွာ စာသင်ကျောင်းအနီးတွင် ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၅ ရက်တွင် ခရိုင်ယာဉ်ထိန်းရဲအုပ်ဇော်ဝင်းသည် ကသာမြို့ မီးသတ်လမ်းဆုံတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေစဉ် လမ်းခွကျေးရွာ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကသာရဲစခန်းမှ ဒုရဲအုပ်မင်းဆွေ လိုက်ပါလျက် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ လမ်းမတော် လမ်းအတိုင်း မြောက်မှတောင်သို့ သန်းဝင်းမောင်းနှင်လာသော ကင်ဘို ဝမ်းတူးဖိုက် ဆိုင်ကယ်နှင့် တောင်မှမြောက် မျိုးဝင်းမောင်းနှင်လာသော ရင်စင်းဝမ်းတူးဖိုက်ဆိုင်ကယ်တို့သည် လမ်းခွကျေးရွာ စာသင်ကျောင်းရှေ့တွင် မျက်နှာချင်းဆိုင်တိုက်မိပြီး ဒဏ်ရာအသီးသီးရရှိ၍ ကသာဆေးရုံသို့ ပို့အပ်ခဲ့ရာ သန်းဝင်းမှာ ဆေးရုံအရောက်တွင် သေဆုံးသွားသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသောအမှုဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများမှာ မျိုးဝင်း(၂၂ နှစ်) မံစီရွာ ကသာမြို့ နယ်နေသူတွင် နဖူးဝဲဘက် ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ မျက်ကွင်းနှစ်ဖက် ညိုမည်းဒဏ်ရာများရရှိသွားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ယာဉ်အားမဆင်မခြင်ပေါ့ဆစွာ မောင်းနှင်သူ မျိုးဝင်း (၂၂ နှစ်)(တောင်သူ) မံစီရွာ ကသာမြို့နယ်နေသူနှင့် သန်းဝင်း(၃၃ နှစ်)(တောင်သူ) လမ်းခွကျေးရွာ ကသာမြို့နယ်နေသူတို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင် (ကသာ)

ထော်လာဂျီ ယာဉ်တိုက်မိ၍ ရဲတစ်ဦးသေဆုံး

ရေဦး ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက် ကုက္ကိုတန်းလမ်း၌ ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ရဲဝန်ထမ်းတစ်ဦး ထော်လာဂျီယာဉ်တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ရေဦးမြို့ ရဲဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်သား စိုးမင်းသန်းသည် တန်းစီရန်အတွက် နေအိမ်မှရဲစခန်းသို့သွားရောက်စဉ် ရေဦးမြို့နယ် ဥယျာဉ်ကျေးရွာနေ ကိုချစ်မျိုး အသက် (၂၃ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် ၃၄/. . . ထော်လာဂျီယာဉ်အမျိုးအစားယာဉ်နှင့်တိုက်မိရာ ရဲတပ်သား စိုးမင်းသန်း သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ရေဦးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သြဇာ(မုံရွာ)

မိုးကြိုးပစ်၍ လူငယ်တစ်ဦးနှင့်နွားတစ်ကောင်သေဆုံး

ဗန်းမော် ဇူလိုင် ၂၉

ဗန်းမော်မြို့နယ် ရေလဲကျေးရွာ လယ်တဲ၌ လူငယ်တစ်ဦးနှင့် နွားတစ်ကောင် မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကောင်းစင့်ကျေးရွာနေ မောင်နေထက်လင်း၊ ရေလဲကျေးရွာနေ မောင်မြင့်နိုင်တို့သည် ဇူလိုင် ၂၄ ရက် ည ၈ နာရီက ရေလဲကျေးရွာ ဦးအောင်သိန်း-ဒေါ်ငွေတို့၏ယာတဲ၌ အိပ်နေကြစဉ် မိုးရွာသွန်းကာ လျှပ်စီးများလက်ပြီး မိုးကြိုးပစ်သဖြင့် ကောင်းစင့်ရွာနေ မောင်နေထက်လင်း (၁၉ နှစ်)နှင့် ခိုင်းနွားတစ်ကောင်သေဆုံးခဲ့ပြီး အတူအိပ်နေသူ ကိုမြင့်နိုင်တွင် ခန္ဓာကိုယ်ညာဘက်တစ်ခြမ်း ညိုမည်းဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးခြိမ်း၍ မောင်နေထက်လင်း၏ ခိုင်းနွားသည် ကြောက်လန့်ကာ တဲအောက်သို့ပြေးဝင်လာစဉ်တဲအောက်အရောက်၌ မိုးကြိုးပစ်ခံခဲ့ရခြင်းဖြစ်သည်။ တဲပေါ်တွင် တဲပိုင်ရှင်ဦးအောင်သိန်းသည် တဲအခန်းတွင်း၌အိပ်၍ မောင်လွင်ဦး၊ မောင်မျိုးဝေ၊ မောင်နေထက်လင်းနှင့်မောင်မြင့်နိုင်တို့သည် တဲပေါ်တွင် ရေဒီယိုဖွင့်ပြီး အိပ်လျက်နားထောင်နေကြစဉ် မိုးကြိုးပစ်ခံခဲ့ရခြင်းဖြစ်သည်။ မိုးကြိုးပစ်ခံရသဖြင့် မောင်နေထက်လင်း၏ ဝဲဘက်လက်ပြင် ညိုမည်းဒဏ်ရာရရှိခဲ့ပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာ၌ လူသတ်မှုဖြစ်ပွား

မန်စီ ဇူလိုင် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင် ဇူလိုင် ၂၅ရက် မွန်းလွဲ ၁ နာရီ ၁၅မိနစ်က ကုန်းတိမ်ကျေးရွာတွင် နေထိုင်သော ဒေါ်ရွက်ခမ်းနှင့် သမီးဖြစ်သူ မခမ်း နေအိမ်သို့ တစ်ရွာတည်းနေ လှအောင် ရောက်ရှိလာပြီး ၎င်းတို့၏ နေအိမ်ဝင်းအတွင်းဝင်ရောက်၍ သစ်သားတုတ်ဖြင့် ရိုက်နှက်ရာ ဒေါ်ရွက်ခမ်းသည်နေရာ၌ပင်သေဆုံးသွားခဲ့ပြီး မခမ်း(ခ)မခမ်းအေးမှာဦးခေါင်းတွင်ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သဖြင့် ဒေါ်ရွက်ခမ်း၏မောင်ဖြစ်သူ ဟန်ထက်ကျေးရွာနေ ဦးဝင်းနိုင်က တိုင်တန်းသဖြင့် မန်စီမြို့မရဲစခန်းက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်။ မန်စီမြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းထူးအောင် ဦးစီးအဖွဲ့၊ စာဝတီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့သည် ထွက်ပြေးတိမ်းရှောင်နေသော လှအောင် (၅၀နှစ်) ကုန်းတိမ်ကျေးရွာနေသူကို ဇူလိုင် ၂၆ရက် ညနေ၆နာရီ ၁၅မိနစ်တွင် ဆူးပုတ်ကုန်းကျေးရွာအနီး လူမနေသည့် တဲတစ်တဲတွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ဗလငါးတန် ဖွံ့ဖြိုးဖို့ တအုပ်တပေ လှေလှောစို့

မွေးနေ့ဆုတောင်း

ချစ်ဇနီး ပွင့်သူဇာခိုင် (အထက်တန်းရှေ့နေ)
မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီးအတွက်-

၃၀-၇-၂၀၁၃ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်တွယ်တာရသော မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် အနေနီးကာ၊ လိုအင်ဆန္ဒအတိုင်း အောင်မြင်မှုများရရှိပြီး ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနိုင်သူဖြစ်ပါစေ-

ချစ်မြတ်နိုးခြင်းများဖြင့်
ဗိုလ်မှူးဇေယျာမျိုးမြင့်

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ - အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်သော

- စာပေအနုပညာ မူပိုင်ခွင့်နှင့် ၎င်းနှင့်ဆက်နွှယ်သော အခွင့်အရေးများ
- ကုန်အမှတ်တံဆိပ်
- စက်မှု၊ လက်မှုဒီဇိုင်းအကြောင်း
- တီထွင်မှု မူပိုင်ခွင့်
- အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်
- မသမာသော စီးပွားရေးပြိုင်ဆိုင်မှု
- Electronic ဆိုင်ရာ၊ Internet ဆိုင်ရာမူပိုင်ခွင့်
- ဂီတလောကမူပိုင်ခွင့် စီမံခန့်ခွဲမှုနှင့် ကာကွယ်မှုများ

အတွက် သင်တန်းအမှတ်စဉ်(၁)အား ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို ၉-၈-၂၀၁၃ရက် နောက်ဆုံးထား၍ အမှတ်(၂)၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်တွင် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းရက် ။ ။ ၁၉-၈-၂၀၁၃ရက်မှ ၃၁-၈-၂၀၁၃ ရက်အထိ (တနင်္လာနေ့မှ သောကြာနေ့အထိ) နေ့စဉ် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

သင်တန်းကြေး ။ ။ ကျပ် ၅၀၀၀၀ (သင်တန်း Notes ကြေးများ အပါအဝင်)

စုံစမ်းရန် ။ ။ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဖုန်း-၀၁-၅၄၅၈၆၃၊ ၅၄၉၉၅၆၊ ၀၉-၄၀၁၆၂၁၅၂၂ (WIPO ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး၏ Worldwide Academy DL-101 online Course ကို ဖြေဆိုအောင်မြင်ပါက WIPO, Switzerland Geneva, Worldwide Academy မှ ချီးမြှင့်သော အောင်လက်မှတ်ရရှိပါမည်။)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၅ / ၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-041(2013-2014)	100 KW Diesel Engine Driven Generating Set	(1) Set	US$
(၂)	IFB-042(2013-2014)	100 KW Natural Gas Engine Driven Generating Set	(2) Sets	US$
(၃)	IFB-043(2013-2014)	Motorola Transceiver (GM 388 BS VHF)	(2) Nos	US$
(၄)	IFB-044(2013-2014)	Spares for Komatsu Dozer	(2) Items	US$
(၅)	IFB-045(2013-2014)	Casing Elevators	(4) Items	US$
(၆)	IFB-046(2013-2014)	SL-450 Swivel Goose Neck for ZJ 70 L Drilling Rig	(4) Nos	US$
(၇)	IFB-047(2013-2014)	5 1/2" API Float Shoes & Collars	(2) Items	US$
(၈)	IFB-048(2013-2014)	Rotary Hose for ZJ 70L & ZJ 50 D Drilling Rigs	(2) Items	US$
(၉)	IFB-049(2013-2014)	Spares for Emsco Rig Drive Group	(6) Items	US$
(၁၀)	IFB-050(2013-2014)	Roller Chain	(5) Items	US$
(၁၁)	DMP/L-021(2013-2014)	Spares for CAT D 399 & CAT D 3512 Engines	(1) Lot	Kyat
(၁၂)	DMP/L-022(2013-2014)	Spares for Volvo Tractor (Electronic Unit Injector & Fuel Filter Housing)	(2) Items	Kyat
(၁၃)	DMP/L-023(2013-2014)	Multi Grade Diesel Engine Oil (SAE 15 W 40) (API-CF4)	(80) Drums	Kyat
(၁၄)	DMP/L-024(2013-2014)	Electrical Spares for USS Oil Well Drilling Rig [20 Pin Plug & Receptacle (Male & Female)]	(32) Sets	Kyat
(၁၅)	DMP/L-025(2013-2014)	2000 AMP Circuit Breaker & Speed Adjust Rheostat for ZJ 50D Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကန့်ကွက်ရန် ရှိ/မရှိ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄/စက်မှု၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ မြေကွက်အမှတ် ၁၇၃၊ ဦးဘိုးလှိုင်လမ်းနှင့် တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်းထောင့် မြေဧရိယာ ၀ဒသမ ၉၅၈ဧကခန့်ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဦးချိုဝင်း ၇/ပမန(နိုင်)၀၆၉၂၈၀ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ခင့်အောင်
မဟာဥပဒေ တရားလွှတ်တော်ရှေ့နေ
တိုက် ၂၁၊ အခန်း ၂၀၅၊ အေးရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၄၇၃၁၂၊ ၀၉-၈၅၀၂၄၄၅

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၃)၊ ရေပူစမ်းလမ်းနေ ဦးမောင်မောင်-(ဒေါ်အေးနန်းကန်)တို့၏သမီး မဝေဝေဦး ၁၃/လရန(နိုင်)၁၃၁၂၈၁သည် မိဘနှင့် မောင်နှမသားချင်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် တရားဝင်အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူမည်မဟုတ်ပါ။

ဦးမောင်မောင်

မိုင်းယောင်း၌ ကားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွား

မိုင်းယောင်း ဇူလိုင် ၂၉

မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဗလမင်းထင်လမ်းမတွင် ဇူလိုင် ၁၅ရက် ညနေ ၆နာရီ ၂၅မိနစ်က ကားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးကုသမှုခံယူရန် မြို့နယ်ဆေးရုံ၌ တင်ထားရသည်။

အခင်းဖြစ်စဉ် ဇူလိုင် ၁၅ရက် ညနေ၆နာရီ၂၅မိနစ်က မိုင်းယောင်းမြို့နယ်၊ ဟောင်ကြန့်အုပ်စု၊ ဝမ်ဟွန်းကျေးရွာနေ(ဘ) ဦးနွဲ့ကျွဲ၏သား နန်ကျဲန် (၂၅)နှစ်သည် ဟွန်ဒါဖစ်အမျိုးအစား ခဲရောင်ယာဉ်အမှတ် ၄ယ/၂၈၄၃ဖြင့် မြို့တွင်းဘက်မှမြို့ပြင်ဘက်သို့ မဆင်မခြင်မောင်းနှင်လာရာ မိုင်းယောင်းမြို့နယ်၊ အမှတ်(၄) ရပ်ကွက်နေ(ဘ) ဦးကျော်အေး၏သား မောင်လူမော်ဝင်း အသက်(၂၉)နှစ်က လမ်း၏လက်ယာကျောအတိုင်း မြို့ပြင်ဘက်မှ မြို့တွင်းသို့ မောင်းနှင်လာသော ဟွန်ဒါဒရမ်းအမျိုးအစား အနီရောင်ဆိုင်ကယ်အမှတ် ၁၆ယ/၈၆၇၆ ကို ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ မောင်လူမော်ဝင်းသည် ဦးခေါင်း၊ နံစောင်း၊ ညာဘက်ဒူးခေါင်း၊ ညာဘက် ခြေခုံနှင့် ဝဲဘက်ခြေမများတွင် ဒဏ်ရာများရရှိသဖြင့် ဆေးရုံ၌တင်ထားရကြောင်းသိရသည်။

အဆိုပါ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းယောင်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇေယျာလင်းကတရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့်မိုင်းယောင်းမြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှောလမွန်(မိုင်းယောင်း)

တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၇ ရက်က အထက(၅) ကေသရာဇာခန်းမ၌ကျင်းပရာ အသင်းသား ၇၅၇ ဦးတို့၏ စုဆောင်းငွေပေါ် အတိုးနှင့် အသင်းသားများအား ချီးမြှင့်ငွေ ၇၂၄၃၄၉၂၄ ကျပ်ကို သဘာပတိ ဦးအောင်ရှိန်က အသင်းသားများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး(ပညာရေးမှူး)ဦးရဲတင့်ထံ ပေးအပ်စဉ်။ (၀၀၄)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေး

ညောင်တုန်း ဇူလိုင် ၂၉

ညောင်တုန်းမြို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် မအူပင်ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီကကြီးမှူး၍အသိပညာပေးဟောပြောပွဲကို ဇူလိုင်၁၈ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဇေယျာဆောင်ခန်းမ၌ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးသန့်ဇင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဝင်းနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် မအူပင်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ရဲအုပ်ချစ်စိန်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆ ထိခိုက်မှုလျော့နည်းပပျောက်စေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာရန်စည်းကမ်းများအား အသိပညာပေးခြင်းနှင့် သရုပ်ပြဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကျူးလွန် ဖောက်ဖျက်သူများအား ပြစ်မှုနှင့်ပြစ်ဒဏ်များ သိရှိလိုက်နာနိုင်ရေးအတွက် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး ယာဉ်အန္တရာယ် စုပေါင်း ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းလက်ကမ်းစာစောင်များပါ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများပါ ၀၀၄ အသိပညာဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုထွန်းကျော်(ညောင်တုန်း)

တန့်ယန်းမြို့နယ်၌ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးမည်

တန့်ယန်း ဇူလိုင် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ အသုံးပြုလျက်ရှိသည့်မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များလိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလိုင်စင်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၆၊ ၂၇၊ ၂၈ ရက်များတွင် မြို့နယ်မော်တော်ယာဉ်အသင်းက ဦးဆောင်ပြုလုပ်ပေးမည်ဖြစ်ပြီး မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူနှင့် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မိုးနည်း၍သီးနှံအထွက်လျော့နည်းနိုင်

တောင်ကြီး ဇူလိုင် ၂၉

ယခုနှစ်အတွင်းမိုးရွာသွန်းမှုနည်းပါးသဖြင့်သီးနှံများအထွက်နှုန်းလျော့ကျနိုင်ကြောင်း ရှာင်မြို့နယ် မြင်းကျဒိုးကျေးရွာမှ တောင်သူတစ်ဦးမှပြောပြခဲ့သည်။ "ဒီနှစ်မိုးနည်းတော့တောင်ယာစပါး၊ ဂျုံ၊ နှမ်း၊ ဂေါ်ဖီထုပ်နှင့် အခြားသီးနှံများအားလုံး မိုးရေကိုမျှော်နေရကြောင်း၊ ဒီရက်ပိုင်းအတွင်း မိုးမရွာပါက သီးနှံများ ပျက်စီးမည်ဖြစ်ကြောင်းနှင့် ဂေါ်ဖီပင်များအား ချောင်းများမှ ရေသွယ်ပြီးလောင်းနေရကြောင်း၊ စောစောစိုက်လို့ ဒီအချိန်မှာ ဂေါ်ဖီထွက်တဲ့ တောင်သူကတော့ ဈေးကောင်းရတာပေါ့ဗျာ"ဟု မြိုင်ကျေးရွာမှ ဦးလှထွန်းက ပြောပြခဲ့သည်။ခါတိုင်းနှစ် ဒီအချိန်ဆို ဂေါ်ရခါး၊ ဂေါ်ဖီထုပ်၊ မုန်လာထုပ်လှိုင်လှိုင်ထွက်နေပြီဖြစ်ကြောင်း သိရသည်။ ဒီရက်ပိုင်းအတွင်း ပန်းထိမ်ငိုပန်းတောင်သူနှင့် ခြံစိုက်တောင်သူများ၏ ဂေါ်ရခါးသီး၊ တညင်းသီး၊ပိန္နဲသီးနှင့် မှိုမျိုးများသာ အရောင်းအဝယ် သွက်လျက်ရှိကြောင်းနှင့် ရှာင်၊ ပင်းတယ၊ အောင်ပန်းတစ်ဝိုက်မှ တောင်သူများ ရွှေကိုမလိုရေကိုလိုသဖြင့်မိုးမျှော်လျက်ရှိပါကြောင်း ရေးသားလိုက်ရသည်။

နိုင်ထွန်း(TGI)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
1		**ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း**
	၁၂၁/မမ/CE	- ရှမ်းစုနှင့် GE ကားလမ်းကူးများတွင် ဂိတ်စောင့်နေအိမ်လုံးချင်း(၂)လုံးဆောက်လုပ်ခြင်း (20' x 20')(၂ လုံး)
	၁၂၂/မမ/CE	- GE ကားလမ်းကူးတွင် ဂိတ်စောင့်တဲဆောက်လုပ်ခြင်း (6' x 8')
	၁၂၃/မမ/CE	- ပန်းတနော်ဘူတာ ပလက်ဖောင်းတည်ဆောက်ခြင်း (300 ' x 30 ')
	၁၂၄/မမ/CE	- ပန်းတနော်ဘူတာ Waiting Shed တည်ဆောက်ခြင်း (165 ' x 15 ')
	၁၂၅/မမ/CE	- ညောင်တုန်းဘူတာတွင် အုတ်ရေကန်(၃)လုံး ပြုလုပ်ခြင်း (4' x 3')
2		**ရောဝတီတံတား (မလွန်) ချဉ်းကပ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း**
	၁၂၆/မမ/CE	- ချိန်းအမှတ်(၅၀၆၀)နှင့် (၅၂၀၀)ကြား၊ ၇၆-ပေအမြင့်ရှိ ရထားလမ်းတာဘောင်တွင် မြေထိန်းနံရံပြုလုပ်ခြင်း(၂/၃၀၀-ပေ)
	၁၂၇/မမ/CE	- ချိန်းအမှတ်(၉၈၀)ရှိ ၆-ပေ အမိုးပိတ်တံတားတွင် Riprap Apron ပြုလုပ်ခြင်း
	၁၂၈/မမ/CE	- ချိန်းအမှတ်(၂၉၆၀)ရှိ ၁၀-ပေ အမိုးပိတ်တံတားတွင် Riprap Apron ပြုလုပ်ခြင်း
	၁၂၉/မမ/CE	- ချိန်းအမှတ်(၆၄၁၀)ရှိ ၄-ပေ အမိုးပိတ်တံတားတွင် Riprap Apron ပြုလုပ်ခြင်း
	၁၃၀/မမ/CE	- ချိန်းအမှတ်(၇၃၄၀)ရှိ ၄-ပေ အမိုးပိတ်တံတားတွင် Riprap Apron ပြုလုပ်ခြင်း
	၁၃၁/မမ/CE	- ချိန်းအမှတ်(၉၅၄၀)ရှိ ၁၀-ပေ အမိုးပိတ်တံတားတွင် Riprap Apron ပြုလုပ်ခြင်း
3		**နေပြည်တော်ဘူတာ တည်ဆောက်ရေးစီမံကိန်း**
	၁၃၂/မမ/CE	- စက်ခေါင်းပြင်ရုံအတွင်း ကွန်ကရစ်ခင်းခြင်း (၂၇၃.၉၈ ကျင်း)
	၁၃၃/မမ/CE	- လူကူးခုံးကျော်တံတားအမှတ်(၄)တွင် အလူမီနီယံနှင့်မှန်လုပ်ငန်းများ
	၁၃၄/မမ/CE	- နေပြည်တော်ဘူတာယာဒ်ဝင်းခြံစည်းရိုးကာရံခြင်း(၁၀၄၀၀-ပေ)
	၁၃၅/မမ/CE	- တွဲစစ်ဆေးကျင်းအဝင် မန္တလေးဘက်ခြမ်းကားလမ်းတွင် 10 ' x 8' Span တံတားတည်ဆောက်ခြင်း
	၁၃၆/မမ/CE	- ပါဆယ်ရုံအဝင် ကားလမ်းနှင့်ပလက်ဖောင်းကြားရှိ ရေမြောင်းကူးတံတား ၆-ပေ အမိုးပိတ်တည်ဆောက်ခြင်း

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၉ . ၈ .၂၀၁၃(ကြာသပတေးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉ . ၇.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့၊ဖုန်း -294352,291994

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၁၃၇/မမ(CME)(MIT)	စက်ပစ္စည်း(၅)မျိုး (Band Saw Machine, 3 Tons Forklift, Shearing machine, Dual Action Orbital Sander, CNC Plasma & Gas Cutting Machine)
(ခ)	၁၃၈/မမ(CME)(ISN)	Multifak EP-3 Grease (360-Drums)
(ဂ)	၁၃၉/မမ(စီးပွားရေး)	လက်တွန်းလှည်း(၅၀)စီးနှင့် ငွေသေတ္တာ(၂၀)လုံး

တင်ဒါပိတ်မည့်နေ့/အချိန် – ၃၀.၈.၂၀၁၃ (သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၉.၇.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: -294352, 291994.

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၆၇

ဒေါ်ဇင်ဇင်ဝင်း **နှင့်** ၁။ ဒေါ်စန္ဒာမြင့်(ခ)ဝမ်မြန်းဖိန်း

၂။ ဦးတင်ဝင်း(ခ)ဝမ်ရှင်းစမ်း

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၂၀/၁) ၄၇၉ နေ ဒေါ်စန္ဒာမြင့်(ခ)ဝမ်မြန်းဖိန်းနှင့်ဦးတင်ဝင်း(ခ)ဝမ်ရှင်းစမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဇင်ဇင်ဝင်းက ထည့်ဝင်ထားခဲ့သည့်စုကြေးငွေများ ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(လင်းလင်း)

ခရိုင်တရားသူကြီး

တောင်ကြီးခရိုင်တရားရုံး

ဒဂုံမြို့သစ်

အရှေ့ပိုင်း

တောင်ပိုင်း

ဆိပ်ကမ်း

မြေကွက်များအထူး

ဈေးကောင်းပေးဝယ်သည်

09-421050055

09-420085500

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၃အိုင်၊ မြေကွက်အမှတ် V-၁၉၁၊ မြေကွက်တည်နေရာ(၇)၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ခေါစီမင်(ခ) တီမင်း(ခ)ကိုမင်း(ခ) မင်းမင်း အမည်ပေါက် နှစ် ၆၃၃ ၉၀ မြေငှားဂရန် မြေအား GP ၂၄-၁-၉၆ ဖြင့်ဒေါ်ဂင်ရီ(ခ)လီကွေးရင် ၁၂/ပဘတ(နိုင်) ၀၀၀၂၄၆ သို့ လွှဲအပ်ပြီး မှတ်ပုံတင်မိတ္တူ၊ ဂရန်မိတ္တူ၊ GP မိတ္တူ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ကျမ်းပြုအကျော် ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ဖွားမြင်ရာ ဇာတိဖြစ်သော ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ရွှေတောင်မြို့နယ်၊ ကျီးသဲနယ်အတွင်း၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်အပါး ၂၀၀ ကျော်နှင့် သီလရှင် ၁၅ ပါးခန့်တို့အား (၁၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းနှင့် ဝတ်စုံလှူဒါန်းပွဲကို ၅-၈-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကျီးသဲမြို့၌ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် ၄-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ အရှင်ကုဏ္ဍလ(ကျီးသဲ)၊ ပဥ္စနိကာယ၊ ကံဘဲ့၊ ရန်ကင်း ဖုန်း-၀၉-၇၃၀၃၅၀၄၂၊ ၀၉-၄၅၀၀၅၆၇၄၄၊ ကိုခင်မောင်ဝင်း (သုခအောင်)ဖုန်း-၀၉-၄၉၂၃၉၈၆၅၊ မနီနီအေး ဖုန်း-၀၉-၇၃၁၅၅၁၀၁၊ ဦးစန္ဒောဘာသ (ကျီးသဲ)ဂုံညင်းပင် ဖုန်း-၀၉-၄၉၃၀၄၉၇၀ တို့ထံ ပါဝင်လှူဒါန်းနိုင်ပါသည်။

စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူရေးအဖွဲ့

ကျီးသဲမြို့၊ ရွှေတောင်မြို့နယ်

ဖခင်အမည်မှန်

အထက(၂)ကမာရွတ် Grade-2-B တွင် ပညာသင်ကြားနေသော မခင်ဇာဝင်းနှင့် မောင်မျိုးညွန့်ထွန်းတို့၏ ဖခင်အမည်အား ဦးအာမင်မှ ဦးဝင်းကျော်မြင့်သို့ ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးဝင်းကျော်မြင့် ၉/မကန(နိုင်)၁၄၅၂၀၁**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၂၀/က+ခ၊ မြေကွက်အမှတ် ၄၆၆၊ မြေကွက်တည်နေရာအမှတ် ၃၉၊ ဦးအေးလမ်းသွယ် ၂လမ်း၊(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးဗိုလ်နောင်အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဖခင် ဦးဗိုလ်နောင်နှင့် မိခင် ဒေါ်ခင်ရီကွယ်လွန်သဖြင့် ဒေါ်စန်းစန်းနွယ် ၁၂/လမန(နိုင်) ၀၂၇၆၀၈နှင့် ဒေါ်လင်းလင်းအောင် ၁၂/လမန(နိုင်)၁၂၉၃၂၃တို့က အမွေဆက်ခံသူ သားသမီးများအဖြစ် ၎င်းတို့နှစ်ဦးတည်းသာကျန်ရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့် လူမှုရေးကြော်ငြာများ

Zalat Saine Co., Ltd. ပြည်တွင်း၌သာ မြန်မာကျပ်ငွေဖြင့် တာဝန်ထမ်းဆောင်ရန်

၁။ **Chief Engineer (Structure/Design)** B.E Civil, AGTI Civil (၁) ဦး

၂။ **Site Engineer (EE)** B.E Civil, AGTI Civil (၂) ဦး

၃။ **Site Engineer (AE)** B.E Civil, AGTI Civil (၅) ဦး

- စဉ်(၁) အကြီးတန်းလိုင်စင်ရအင်ဂျင်နီယာ ဖြစ်ပြီး၊ Sturcture/Design ဆွဲနိုင်ပြီး တာဝန်ယူနိုင်ရမည်။ လစာ (၁၀)သိန်း၊ + 2009 Model Car + ဖုံး + Other Allowances စသည်များခံစားခွင့်ရှိမည်။
- စဉ်(၂)၊ (၃) တွက် (၈)ထပ်တိုက် အဆောက်အအုံအတွေ့အကြုံရှိရမည်။ စဉ် (၂)တွက် လစာ (၅)သိန်းခန့် နှင့် စဉ် (၃)တွက် လစာ (၂. ၅)သိန်း ခန့်ရရှိမည်။ တာဝန်ကျသည့်နေရာတွင် တာဝန်ထမ်းနိုင်ရမည်။

(၁)ပတ်အတွင်း၊ (၁၅)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်။အလုပ်သမား မှတ်ပုံတင်ကတ်ပြားနှင့်အတူလူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ ygn101@gmail.com သို့ CV ဖြင့် လည်းလျှောက်ထားနိုင်ပါသည်။

YangonTownship Map

Update များအမြဲပြုလုပ်နေသော GIS Map

dp MAPS

Digital Maps of YANGON MYANMAR

ဒလမြို့နယ် (Dala Township)



Tel : 204020

Myanmar GIS up to Village Track Level

- ရန်ကုန်မြေပုံများကို ခရိုင်အလိုက်သော်လည်းကောင်း၊မြို့နယ်တစ်ခုချင်း၏ အသေးစိတ်အချက်အလက်ဆောင်ရွက်လိုလျှင်လည်းကောင်း၊
- မိမိလုပ်ငန်းအတွက်မြေပုံများမှ လိုအပ်သည့် တစ်စိတ်တစ်ဒေသ ကိုပုံကြီးချဲ့၍ ထုတ်လိုလျှင်လည်းကောင်း၊
- မိမိလုပ်ငန်းနှင့်သက်ဆိုင်သော အချက်အလက်လမ်းကြောင်းများ ကိုထင်ရှားပေါ်လွင်အောင်ပြုလုပ်၍ထုတ်လိုလျှင်လည်းကောင်း၊

ဝန်ဆောင်မှုများကိုအချိန်တိုအတွင်း အမြန်ဆောင်ရွက်ပေးလျက် ရှိပါသည်။

Yangon Map ကို GIS အဖြစ် Soft Copy ဖြင့် ရရှိနိုင်ပါပြီ။ ရန်ကုန်မြို့လမ်းများမြေပုံ(လမ်းအကျယ်များပါ) အထင်ကရ နေရာများ မြစ်ချောင်း ၊ရေကန်များကို GPS နှင့် ထပ်ကြည့်၍ ရပါသည်။

Available:
GPS : Garmin, NAVA
DPS မှာ GPS ရောင်းသည်၊ ငှားသည်၊ တစ်ရက် ၉၀၀ ကျပ်သာ

165, 35 St.(Middle), KTDA Tsp., Yangon. Tel: 24 52 30, 0950-30177 , www.dpsmap.com, Email: admin@dpsmap.com

ပညာမြင်းမိုရ်၏စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၁၆



ပညာမြင်းမိုရ်

ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆောင်မြင့်ဘော်ဒါ

၅-တန်းမှ ၁၀-တန်းအထိ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အပ် လ က် ခံ ပါ ပြီ ။

- ❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်တက်ရန် မလိုတစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
- ❖ နေ့တက်သင်တန်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- ❖ ကျောင်းကြို/ပို့ကားရှိသည်။

- ❖ ပုဂ္ဂလိကအထက်တန်းကျောင်း - အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
- ❖ ပညာမြင်းမိုရ်ကျောင်းသားဆောင် - ၂၉၇၊ ဂန္ဓာရီပ်သာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
- ❖ ပညာမြင်းမိုရ်ကျောင်းသူဆောင် - ၃၁၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 09 73004720, 01-562830, 09-31233275, 09 5001158

ASIA MASTERS
Hotel Management Consultant

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)အသိအမှတ်ပြု

ဟိုတယ်ဝန်ထမ်းအထူးသင်တန်း

သင်တန်းအမျိုးအစား	သင်တန်းကြေး (ကျပ်)
၁။ ဟိုတယ်စားပွဲထိုး	၇၅၀၀၀/-
၂။ ဟိုတယ်ဧည့်ကြို	၇၅၀၀၀/-
၃။ ဟိုတယ်အိပ်ခန်းဆောင်ထိန်း	၇၅၀၀၀/-
၄။ ဟိုတယ်စားဖိုမှူး (အခြေခံ)	၁၅၀၀၀၀/-
၅။ ဘားဝန်ထမ်း	၁၅၀၀၀၀/-
၆။ ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ	၁၅၀၀၀၀/-

- ➤ Certificate ချီးမြှင့်သည်။
- ➤ Myanmar Hospitality Professional များ သင်ကြားသည်။
- ➤ သင်တန်းကာလ (၂)လ၊ သင်ကြားချိန် နာရီ (၈၀) စာတွေ့/လက်တွေ့။
- ➤ ရန်ကုန်မြို့လယ်တွင် တည်ရှိသဖြင့် သွားလာရေးအလွန်လွယ်ကူသည်။
- ➤ ယူနီဖောင်းတစ်စုံ (ရှူးဖိနပ်အပါအဝင်) ပေးသည်။
- ➤ သင်တန်းပြီးပါက ဟိုတယ်၊ စားသောက်ဆိုင်ကြီးများသို့ ဆက်သွယ်ပေးသည်။
- ➤ ဟိုတယ်ဝန်ထမ်းများဖြစ်ပါက အထူး Discount ပေးသည်။

ဩဂုတ် (၅) ရက်နေ့စမည်။ လူဦးရေကန့်သတ်ထားသဖြင့် အမြန်အပ်နှံပါ။

၂၇၀၊ အနော်ရထာလမ်း၊ (၂၈လမ်းနှင့်ရွှေဘုံသာလမ်းကြား)၊ ရန်ကုန်မြို့။
09- 73162721, 421100111, 73121643

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
မွန်ပြည်နယ်တရားလွှတ်တော်
မော်လမြိုင်မြို့
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၄

မမိုးမိုးခိုင် **နှင့်** ၁။ ဦးသန်းထိုက်
၂။ ဒေါ်မီး
၃။ ဦးသိန်းထွန်း
၄။ ဒေါ်ကြူ

ပြင်ဆင်မှုလျှောက်ထားသူ **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

(၁)ဦးသိန်းထွန်း၊ (၂) ဒေါ်ကြူ ချမ်းသာကြီးရပ်ကွက်၊ အလှပ်ကျေးရွာ၊ ပေါင်မြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ မမိုးမိုးခိုင်က သထုံခရိုင်တရားရုံး တရားမ ဇာရီမှုအမှတ် ၁၇/၂၀၁၁ အမှုတွင် ၂၅-၁-၂၀၁၃ ရက်က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်၍ ဤရုံးသို့ တရားမပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်ထားချက်အတိုင်း အမိန့်မချမှတ်သင့်ကြောင်းအကြောင်းပြရန် ၂၀၁၃ ခုနှစ် ဩဂုတ် ၂ ရက် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော်၁၁ရက်) နံနက် ၉:၃၀ နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-

(နန်းသင်းသင်းဆွေ)
လက်ထောက်ညွှန်ကြားရေးမှူး
မွန်ပြည်နယ်တရားလွှတ်တော်

ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၂-၁၉၉၁ ခုနှစ်များအတွင်း ကျောင်းဆင်းခဲ့ကြသော ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ၂၀၁၃ မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါ၍ ၂၀-၈-၂၀၁၃ရက် မတိုင်မီ အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူဟောင်းများထံ စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)
နေရာ - IBC (ရန်ကုန်)
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ

ဦးမျိုးနိုင်	**ဒေါ်နွယ်နွယ်လှိုင်**
ဖုန်း-၀၉-၅၁၄၄၂၂၄	**ဖုန်း-၀၉-၅၀၆၁၄၀၃**
ဦးနေမျိုးအောင်	**ဒေါ်နီနီပြုံး**
ဖုန်း-၀၉-၅၀၆၅၈၆၆	**ဖုန်း-၀၉-၄၂၀၀၀၇၇၈၁**
ဦးသန့်ဇင်	**ဒေါ်မြင့်မြင့်ချို**
ဖုန်း-၀၉-၅၀၉၉၃၂၅	**ဖုန်း-၀၉-၅၁၄၈၄၇၈**
ဦးအောင်ကြည်စိုး	**ဒေါ်မြဝင်း**
ဖုန်း-၀၉-၂၀၀၃၅၇၂	**ဖုန်း-၀၉-၄၉၂၉၇၈၀၉**
ဦးနွဲ့ဝင်း	**ဒေါ်ထွေးသန်း**
ဖုန်း-၀၉-၅၀၁၀၃၉၇	**ဖုန်း-၀၉-၇၃၁၂၄၀၃၈**
ကိုကျော်လှိုင်	**ဒေါ်ခင်စန္ဒာထွန်း**
ဖုန်း-၀၉-၅၀၆၅၅၄၃	**ဖုန်း-၀၉-၅၀၀၀၇၃၅**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၆၈

ဦးကျီကိုက်စိန်(ခ)ဦးလောကြူး **နှင့်** ဒေါ်ရန်မိန်

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၃၆၇)နေ ဒေါ်ရန်မိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျီကိုက်စိန်(ခ)ဦးလောကြူးကထည့်ဝင်ထားခဲ့သည့် စုကြေးငွေများပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်း-၂၀(၁)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၅

ဦးထွန်းမင်း **နှင့်** ဒေါ်စန်းမြင့်မြင့်မော်(ခ)ဒေါ်စန်းမြင့်မော်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကမ်းနားလမ်းနေ ဒေါ်စန်းမြင့်မြင့်မော်(ခ)ဒေါ်စန်းမြင့်မော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် လိုက်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်တွင်ဆိုခဲ့သည့်နေ့ရက်၊ အချိန်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ငွေဆင့်စာခေါင်းရရှိပြီး။

သန်းသန်းဆွေ
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၆၉

ဦးကျီကိုက်စိန်(ခ)ဦးလောကြူး **နှင့်** ၁။ ဒေါ်စန္ဒာမြင့်(ခ)ဝမ်မြန်းဖိန်း
၂။ ဦးတင်ဝင်း(ခ)ဝမ်ရှင်းစမ်း

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် (၂၀/၁)၄၇၉နေ ဒေါ်စန္ဒာမြင့် (ခ)ဝမ်မြန်းဖိန်းနှင့် ဦးတင်ဝင်း(ခ)ဝမ်ရှင်းစမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျီကိုက်စိန်(ခ)ဦးလောကြူးကထည့်ဝင်ထားခဲ့သည့် စုကြေးငွေများပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) ၂၀၁၃ ခုနှစ် ဩဂုတ်၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ သုခိတာရာမ ပရိယတ္တိစာသင်တိုက်၊ ဥယျာဉ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သံတွဲခရိုင်သူ/သားများ ကြွရောက်ပါရန်နှင့် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများလှူဒါန်းလိုပါက ဖုန်း-၀၁-၃၈၂၀၈၇သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
သံတွဲခရိုင်အသင်း(ရန်ကုန်)

မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန် တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်မှ ဝါခေါင်လဆန်း ၅ ရက် (၅-၈-၂၀၁၃ ရက်မှ ၁၁-၈-၂၀၁၃ ရက်)အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် မြတ်တံခွန်စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြပါသည်။ (နေ့ယောဂီလက်ခံပါသည်)

မြတ်တံခွန်စာသင်တိုက်တွင် ခြောက်ထပ်သိမ်ကျောင်းနှင့် ဓမ္မာရုံတော်ကြီး ဆောက်လုပ်ပါမည်။ ၃၁၅၇၃ စတုရန်းပေရှိပါမည်။ တစ်စတုရန်းပေလျှင် ၂၅၀၀ဝိ/- နှုန်းဖြင့် အလှူရှင်များကမွှည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ကားရောင်းမည်

- Nissan, Datsun (Pick up)၊ Japan, ခတ်ဆီ, 2.0, Manual, 2002 (1 ton)
- Nissan,Vanette (Light truck), GL grade, Japan, ခတ်ဆီ, 1.8, Manual, 2005 (1 ton)

ကျပ် ၁၀၅ သိန်း

ဖုန်း-၀၉-၅၁၀၅၃၆၈

ကိုရီးယားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်
အခြေခံသင်္ခါ နှင့် EPS - TOPIK (လုပ်သားစာမေးပွဲ) များအတွက်
The Level **U Tun Win B.A (Korean)**

ကိုရီးယားဘာသာ
သင်တန်းကျောင်း

သင်တန်းသားများစတင်လက်ခံနေပြီ
*** ရုံးချိန် ပြင်ပ သင်တန်းများလည်းရှိပါသည်။ ***

တိုက်(၁)၊ အခန်း(၁၉)၊ (၄)လွှာ အပေါ်ဆုံးထပ်၊ မြောက်ဥက္ကလာပ၊ အဝိုင်း မှတ်တိုင်ရှေ့ မဟာနွယ်ကဖီးအပေါ်ဆုံးထပ်၊ ရန်ကုန်မြို့။
Ph : 09 400495645, 09 428179451, 09 49450128

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၃

၁။ ဦးအောင်ကျော်မြင့်	**နှင့်**	ဦးသန်းထွန်း(ခ)ဦးခင်မောင်ဇင်
၂။ ဒေါ်မြသက်မွန်		တိုက် (၁၀)၊ ဒုတိယထပ်၊
၃။ ဒေါ်စန်းစန်းယု		ခေါင်းရင်းခန်း၊ အနောက်မြင်းပြိုင်
၄။ ဒေါ်သန်းသန်းနု		ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊
(ကိုယ်တိုင်အတွက်နှင့် တရားနိုင်များ၏ ကိုယ်စားလှယ်စာရသူ)		တာမွေမြို့နယ်။
အုတ်လိုင်းအမှတ် ၅၊ ကံဘဲ့စည်ပင်ဝင်း၊ နှင်းဆီလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။		
တရားနိုင်များ		**တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၂၈/၁၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၃ ခုနှစ် ဩဂုတ် ၃၀ရက် နံနက် ၁၀ နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ လူနေရပ်ကွက်အမှတ် ၃၄၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/E၊ မြေကွက်အမှတ် ၁၄၆၊ $\frac{၆၁'\cdot၆''\times၄၀'\cdot၈''}{၇၅'\cdot၉''\times၅၀'}$ နှစ် ၉၀ဂရန်မြေကွက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀။
လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျက်လက်မခံဘဲ ငြင်းပယ်နိုင်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် **"မူလပထမ"**

ကွန်ပျူဗေဒသုခုမ

ဒေါက်တာတင်မိုလ်မိုလ် (နာမက္ခရကျွမ်းပြုပညာရှင်)

ထံမှာ အမည်ပေးပါမှ ရင်သွေးဘဝကံဇာတာအတွက် စိတ်ချရမည်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ၊ ဟောစာတမ်းများ၊ တြိစက္ကဇာတာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ ၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ထူးချွန်ထက်မြက်သောရင်သွေးငယ် မြောက်များစွာ၏ အနာဂတ်ကို ထွန်းတောက်စေခဲ့ပါပြီ...။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း-၆၊ နှံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၈၆၆၅ ၊ ၀၉-၅၁၇၄၂၂၆ ၊ ၇၃၁၅၅၇၃၁ ၊ ၇၃၁၇၇၇၃၁
web site : http://compubaydathukhuma.com

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၈၁၁၈၃ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းဦး ၃/ဘအန(နိုင်)၂၈၅၄၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၉၂၆၉ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ စောကြည်အွာ ၃/ဘအန(နိုင်)၃၂၄၂၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၃၁

ကွယ်လွန်သူ ဖာသာပေါလ်လဇိန်လွမ်းလိုင်(ခ) ဦးခင်မောင်လင်း (ဘ)ဦးကွန်ဖန် ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်ရိုစီတာ(ခ)မဝင်းဝင်းလတ်
အမှတ် ၉၇၊ မင်းရဲကျော်စွာလမ်း၊
စိန့်ထရေဇာဘုရားကျောင်း၊
အလုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်ထားသူ**

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်ရိုစီတာ(ခ)မဝင်းဝင်းလတ်က ကွယ်လွန်သူ ဖာသာပေါလ်လဇိန်လွမ်းလိုင်(ခ)ဦးခင်မောင်လင်း၏ ညီမအရင်းဖြစ်သည်ဟူ၍ ကွယ်လွန်သူ ဖာသာပေါလ်လဇိန်လွမ်းလိုင်(ခ)ဦးခင်မောင်လင်းသည် မြန်မာ့စီးပွားရေးဘဏ်၊ ကြည့်မြင်တိုင်ဘဏ်ခွဲ၌ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခွင့် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများသူတို့ သိကြားစေခြင်းငှာ ၄င်းကွယ်လွန်သူ ဖာသာပေါလ်လဇိန်လွမ်းလိုင်(ခ)ဦးခင်မောင်လင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဩဂုတ် ၂၀ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) နံနက် ၁၀း၀၀ နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်ရိုစီတာ(ခ) မဝင်းဝင်းလတ်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၆၁

ဒေါ်မေသဲထက်စိုး	**နှင့်**	ဒေါ်ဥမ္မာရွှေ
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၀)လမ်း၊ အမှတ် ၃၉၆နှင့်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၅/ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၅၇၀နေ တရားပြိုင် ဒေါ်ဥမ္မာရွှေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအား ပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၄ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းဌေး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်

မြတ်ဆရာများထံသို့ နှိုးဆော်လွှာ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့ အထက ကျောင်းသား/သူဟောင်းများမှ "ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကြီး"ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ပါ၍ ရေဖြူမြို့အထက တွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၀)နှစ်နှင့်အထက် (အမက/အလက/အထက)အဆက်ဆက် ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများအားလုံး စုံညီစွာပါဝင်အပူဇော်ခံနိုင်ရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ၂၀၁၃-ခုနှစ်၊ နိဝင်ဘာလ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် ရိုသေစွာ နှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

ဦးဇေသန်း+ ဒေါ်မြခင် Ph:09-8740296	ဦးစံရွှေ Ph:09-450992404
ကိုအောင်နိုင် Ph:09-422219149	ကိုနေမျိုးအောင် Ph:09-422191926
ကိုကျော်စွာဝင်း Ph:09-49260199	ကိုကြည်စိုး Ph:09-450990823
ကိုနေထူးလင်း Ph:09-450993926	မနှင်းနှင်းထွေး Ph:09-450993678

ပူဇော်ပွဲကျင်းပမည့် နေ့ရက်နှင့်အချိန်၊ နေရာတို့ကို ထပ်မံအသိပေးပါမည်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တမူးမြို့၊ ဈေးတန်းရှေ့၊ အိမ်အမှတ် (၈)နေ ဒေါ်စန်းစန်းဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ဒေါ်မူမူစန်းနှင့် ဒေါ်ဝေဝေစန်းတို့ ဂရန်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အကွက်အမှတ် (AA)၊ မြနန္ဒာရပ်၊ သီဂီလမ်း၊ ဦးပိုင်အမှတ် (၄၃/၄၄)၊ မြေယာအမှတ် (43/44)၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်စန္ဒာမြင့်မှ တာဝန်ခံ၍ ရောင်းချသောကြောင့် ဒေါ်စန်းစန်းဌေးက ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဒေါ်စန်းစန်းဌေးက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

ဒေါ်ချိုးဟွာနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း၊ အိမ်အမှတ် ၁၇၇နေ ဦးနေလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ချိုးဟွာ၏ ၂၄-၇-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင်ပါသော အတိအလင်း ကန့်ကွက်ကြောင်းကြေညာခြင်းအား အောက်ပါအတိုင်း အသိပေးရှင်းလင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွက်ပြင်(၃)၊ အကွက်အမှတ်(RA-III)၊ ဦးပိုင်အမှတ်(၁/င)၊ မြေယာအမှတ်(4/D)၊ မြေဧရိယာ ၀ဒသမ၆၇ဧကရှိ မြေအတွက် ပြင်ဦးလွင်ခရိုင်ရုံး၏ မြေငှားဂရန်အမှုတွဲအမှတ် (၃၈၃/၁၉၉၉-၂၀၀၀)အရ ဒေါ်ချိုးဟွာအမည်ဖြင့်ချထားပေးခဲ့သော အနှစ်၃၀မြေဂရန်အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၁၁-၇-၂၀၁၂ရက်စွဲပါ စာအမှတ် [၃၀၀/၁-၃/ဦး၁(၄၅၀)] နှင့် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၁၈-၇-၂၀၁၂ရက်စွဲပါ စာအမှတ် [၅/၂-၁၁/ဦး၁(၁၉၄၇)] တို့အရ ပယ်ဖျက်လိုက်ကြောင်း ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃-၈-၂၀၁၂ရက်က အမိန့်ချပြီးဖြစ်ပါသည်။ တရားမကြီးအမှုအမှတ်(၁၀၃/၂၀၀၃)တွင် ဦးစန်းမောင်သည် မြေတွင် ဆိုင်ရာဆိုင်ခွင့်ကို လွှဲပြောင်းကြောင်း မှတ်တမ်းဖြင့် ပိုင်ဆိုင်ခွင့် ရရှိပြီးသည့်နောက် အဆိုပါမြေနှင့်နေအိမ်ကို ဦးစန်းမောင်၏ အထူးကိုယ်စားလှယ်ဦးနေလင်းအောင်အား လက်ရောက်ပေးအပ်ထားသောကြောင့် ဦးနေလင်းအောင်၏ လက်ရှိဖြစ်နေပါသည်။ ဦးနေလင်းအောင်မှ တရားဝင် စာရွက်စာတမ်း အမိန့်များဖြင့် ဆောင်ရွက်ရောင်းချခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးနေလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

ဦးမောင်ကြည်နှင့် ဦးမောင်ကြည်ကိုယ်စားလှယ်လွှဲအပ်ထားသူများ၊ ဦးမောင်ကြည်၏ အထွေထွေကိုယ်စားလှယ်စာရရှိသူများ သိရှိစေရန်အတွက် ကြေညာချက်

(၁) အိမ်မဲမြို့၊ အထက်ပိုင်း ၄ လမ်း၊ အိမ်အမှတ် ၃၇၉ ဟုခေါ်တွင်သော သုံးပင်နှစ်ခန်း အုတ်ညှပ်သွပ်မိုးနေအိမ်တစ်လုံး။ (၂) အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၁၇၁ ဟုခေါ်တွင်သော သုံးပင်နှစ်ခန်း တိုက်ခံသွပ်မိုးတစ်ထပ် နေအိမ်တစ်လုံး။ (၃)အိမ်မဲမြို့၊ စည်ပင်သာယာဈေး အပြင်တန်းရှိ(၃)အခန်း၂နှင့် အခန်း ၃ နှစ်ခန်းတို့ကို မိသားစုအမွေခွဲဝေမှု ကတိစာချုပ်ဖြင့် ဦးမောင်ကြည်နှင့် ကျွန်ုပ်အား ညွှန်ကြားချက်ပေးသူ (၁)ဦးမင်းဦး (ခ)ဦးညီညီ၊ (၂)မခက်ခက်ဦး၊ (၃)မမိုးမိုးလွင်၊ (၄)မယမင်းသီရိမွန်၏ အုပ်ထိန်းသူ ဦးတင်ငွေတို့ ခွဲဝေယူရန် သဘောတူညီထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ သဘောတူညီမှုပြုပြီးချိန်မှစ၍ အမှတ်စဉ်(၁) နေအိမ်တွင် ဦးမောင်မောင်နှင့် ဦးညီညီ(ခ)ဦးမင်းဦးတို့က ခံစားပိုင်ခွင့်မရှိတော့ဘဲ ကျန်ပစ္စည်းများအပေါ်တွင်သာ အချိုးကျခွဲဝေ ခံစားသွားရမည်ဖြစ်ကြောင်း မိသားစုစီမံမှုကတိစာချုပ်အရ အားလုံးသိရှိပြီးဖြစ်ပါသည်။ ကျန်အချိုးကျခွဲဝေခံစားမှုများက လူကြီးမင်းဦးမောင်ကြည်က အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းရောင်းချပေးကမ်းရန် စီစဉ်နေကြောင်း သိရှိရသဖြင့် ယင်းကဲ့သို့မပြုလုပ်ပါရန်နှင့် ဦးမောင်ကြည်မှ မိမိအချိုးကျ ကျန်ရှိသောဝေစုအား မိမိမှ လွှဲပြောင်းရောင်းချပေးကမ်းမှု ပြုလုပ်လိုပါက ကျန်အချိုးကျခွဲဝေခံစားပိုင်ခွင့်ရှိသူကျွန်ုပ်အား ညွှန်ကြားချက်ပေးသူတို့ကို လွှဲပြောင်းရောင်းချ ပေးကမ်းမှုပြုလုပ်ရန်နှင့် ယင်းကဲ့သို့ ဆက်လက်မပြုလုပ်ရန် သတိပေးတားမြစ်မှုပြုလိုက်ပါသည်။ ယင်းကဲ့သို့ တားမြစ်သတိပေးမှု ပြုလုပ်ထားပါလျက် လူကြီးမင်း ဦးမောင်ကြည်က မလိုက်နာဘဲ ဆက်လက်ပြုလုပ်နေမည်ဆိုပါက လူကြီးမင်း အကျိုးခံစားခွင့် အချိုးအစားမရှိသော နေအိမ်တွင် လူကြီးမင်းအား ဆက်လက်နေထိုင်ခွင့်မပြုတော့ဘဲ ယင်းနေအိမ်မှ ဖယ်ရှားထွက်ခွာမှု ပြုလုပ်ပါရန် ဤသတိပေး တားမြစ်စာဖြင့် အကြောင်းကြား သိစေလိုက်ပါသည်။

ဦးမင်းဦး(ခ)ဦးညီညီ၊ မခက်ခက်ဦး၊ မမိုးမိုးလွင်နှင့် မယမင်းသီရိမွန်၏ အုပ်ထိန်းသူ ဦးတင်ငွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဝင်း (တရားလွှတ်တော်ရှေ့နေ) စဉ်-၂၈၀၆
အမှတ် ၁၈၊ မန်ကျည်းပင်တန်းလမ်း၊ ပုသိမ်မြို့

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅ (တိုးချဲ့)၊ မြေကွက်အမှတ် ၆၀၂၊ ဧရိယာပေ (၃၀×၅၀) နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးမာမက်အစ္စမိုင်(ခ) ဦးလှမောင် ၁၂/မဂတ(နိုင်)၀၆၉၉၄၅ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးမာမက်အစ္စမိုင်(ခ)ဦးလှမောင်ထံမှ ဖော်ပြပါမြေကွက်ကို ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, DA, RL
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၃၆)
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

၂၀-၇-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးဇုန်လှယ်ထန်း ၄/ဖလန(နိုင်)၀၀၆၃၅၇၏လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးတင်အေး၏ ဒေါ်ငွန်လွယ်ဆုန်နှင့် အများသိစေရန်ကြော်ငြာအား ကန့်ကွက်ကြောင်းနှင့် ပြန်လည်ရှင်းလင်းသတိပေးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာနီလမ်း၊ အမှတ်(၆-D)နေ ဒေါ်ငွန်လှယ်ဆုန် ၁၂/အစန(နိုင်)၀၃၂၀၈၁ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းသတိပေးအပ်ပါသည်။

၂၀၀၆ခုနှစ်အတွင်းက ဒေါ်ငွန်လှယ်ဆုန်၏ခင်ပွန်း ဦးရောဘတ်ထောမ်းလွှယ်သည် ညီဖြစ်သူ ဦးဇုန်လှယ်ထန်းထံမှ ငွေကျပ်(၄၅)သိန်းကို ခေတ္တချေးယူရာ အတိုးဖြင့်တွက်ပြီး ကျပ်သိန်း(၈၀)သတ်မှတ်ကာ ဦးရောဘတ်ပိုင် မြေတစ်စိတ်တစ်ဒေသကို ဟန်ဆောင်အရောင်းစာချုပ်ချုပ်ဆိုပေးခဲ့ရပါသည်။ ထိုစာချုပ်တွင် နေ့ရက်ဖော်ပြမှုမရှိဘဲ ၁၂လပိုင်း ၂၀၀၆ဟုသာ ရေးသားထားပါသည်။ ချေးယူသောငွေများကိုလည်း ဦးရောဘတ် မကွယ်လွန်မီကပင် ပေးဆပ်ပြီးဖြစ်သော်လည်း ဦးရောဘတ်က ညီဖြစ်သူ ဦးဇုန်လှယ်ထန်းထံမှ ဟန်ဆောင်စာချုပ်ကို ပြန်လည်သိမ်းဆည်းခဲ့ခြင်းမရှိမှုကို အခွင့်ကောင်းယူ၍ ဦးရောဘတ်ကွယ်လွန်ပြီးမှ ယခုကဲ့သို့ ကြော်ငြာခြင်းသည် ကောင်းသောလုပ်ရပ်မဟုတ်သဖြင့် ကန့်ကွက်ပါသည်။

၂၀၀၆ခုနှစ်မှ ယနေ့ထိလည်း ဦးဇုန်လှယ်ထန်းသည် ယင်းမြေကွက်ကို တစ်ကြိမ်တစ်ခါမျှ လက်ရောက်ရရှိခြင်းလည်း မရှိခဲ့ပါ။ ချေးယူငွေများပေးဆပ်ပြီးဖြစ်သောကြောင့်လည်း ဟန်ဆောင်အရောင်းစာချုပ်မှာ ပျက်ပြယ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေကွက်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တောင်းဆိုမှုမှာလည်း ဥပဒေနှင့်မညီညွတ်ပါ၍ ဆောင်ရွက်မပေးနိုင်ကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

ထို့ပြင် ဒေါ်ငွန်လှယ်ဆုန်၏အမည်ကို ဒေါ်ငွန်လွယ်ဆုန်ဟုသိလျက်နှင့် တမင်အလွဲဖော်ပြချက်များအပါအဝင် ဒေါ်ငွန်လှယ်ဆုန်၏ ဂုဏ်သိက္ခာကိုထိပါးစော်ကားသောလုပ်ရပ်များ ဆက်လက်လုပ်ကိုင်နေပါလျှင် ဥပဒေနှင့်အညီ အရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ **ဒေါ်ငွန်လှယ်ဆုန်၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဇော်ဝင်း (ဝါးခယ်မ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၆၅)
အမှတ် ၂၄၊ လေးလွှာ၊ သမိန်ဗရမ်းလမ်း၊ မလွကုန်းဒွေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၁၅၇၊ ပြည်ထောင်စုလမ်း၊ ၂၄၁၈ စတုရန်းပေ ဂရန်မြေကွက်နှင့် အိမ်အဆောက်အအုံများကို အမည်ပေါက်ပိုင်ဆိုင်သူ ဖခင်ဦးမောင်မောင်ကြီး ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ (သား)ဦးလှအေး ၁၂/လမန(နိုင်)၁၀၄၁၇၉ထံမှ ကျွန်မ ဒေါ်မေပြုံးမြင့် ၁၂/ဗဟန(နိုင်)၀၅၄၀၈၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေပြုံးမြင့်
အမှတ် ၁၂/က၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၀၀၃၆၈၇

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၃၉)၊ အကျယ်အဝန်းပေ(၄၀×၆၀) ပါမစ်မြေအား ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာချက်

ကျွန်ုပ်သည် ဦးချစ်ချစ် ၁၂/ဒဂမ(နိုင်)၀၀၃၄၅၇အမည်ဖြင့် ပါမစ်မြေအမည်ပေါက်ပြီး ဆက်စပ်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်သန်း ၁၄/မအပ(နိုင်)၀၇၁၁၄၃ထံမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ဝယ်ယူရန်စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ အထောက်အထားအစုံအလင်ဖြင့် ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ-
ဒေါ်မူမူမြင့် ၁၂/ကမတ(နိုင်)၀၁၈၀၆၂
ဖုန်း-၀၉-၇၃၀၃၂၇၇၀

(၄)နှစ်ပြည့် အလွမ်း
ဦးတင်အောင်စိုး
B.Sc (Chemistry)
မြင်သာအကျိုးဆောင်လုပ်ငန်း
(၃၀-၇-၂၀၁၃)

ချစ်ခင်ပွန်း…
မိသားစုတစ်စုလုံးရဲ့ဘဝကို
အလင်းရောင်ပေးခဲ့တဲ့ ကျေးဇူးရှင်ခင်ပွန်း
ခွဲခွာသွားခဲ့တာ (၄)နှစ်တိတိတိုင်ခဲ့ပါပြီ။
တစ်နေ့မှမေ့မရခဲ့ပါ။
ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့်
ပြုခဲ့သမျှသောကုသိုလ်၊ ယနေ့ရည်မှန်း၍
ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့်တကွ
ပြုသမျှသော ကောင်းမှုကုသိုလ်ကို
အမျှပေးဝေပါတယ်။
အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ
သာဓုခေါ်ဆိုနိုင်ပါစေ…

ချစ်ဇနီး-ဒေါ်ခင်မာအေး

ဒေါ်ကြင်ငွေ M.A (Yale) (ရွှေဘို)
အငြိမ်းစားပါမောက္ခ၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်
အသက်(၈၄)နှစ်

(ဦးခဲရ-ဒေါ်လှဲ့၊ရွှေဘို)တို့၏သမီး၊ (ဦးဘော့-ဒေါ်အေး)၊ (ဦးတက်ဝမ်-ဒေါ်မြမေ)၊ (ဦးကြည် -ဒေါ်ယဉ်မေ)၊ (ဦးတက်ဟန်-ဒေါ်တိုး)တို့၏ညီမ၊ အမှတ် ၂၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ခုနစ်မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီဝင်း၊ ဒေါ်ချိုချိုဝင်း (ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်၊ ငြိမ်း)-ဒေါက်တာချိုဝင်းမော် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)တို့၏အဒေါ်/ မိခင်၊ မောင်ထက်ချို (University of New South Wale Sydney, Australia)၏အဘွား၊ တူ တူမ ၂၁ ယောက်တို့၏ အဒေါ်သည် ၂၈-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၃၀-၇-၂၀၁၃ ရက် (အင်္ဂါ နေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်အောင်
မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ သပြေကုန်းရွာ၊ မြန်အောင်မြို့နယ်
အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းရွာနေ (ဦးဘိုးကျင်-ဒေါ်မြခင်)တို့၏သားကြီး၊ (ဦးအေးမောင်-ဒေါ်ရွှေရင်)တို့၏သားသမက်၊ (ဒေါ်မမလေး)၏ခင်ပွန်း၊ ဒေါ်သန်းသန်းဦး၊ ဦးခင်မောင်လတ်-ဒေါ်ခင်မာ၊ ဦးခင်မောင်ဇော်-ဒေါ်ယဉ်ယဉ်အေး၊ ဦးခင်မောင်ဇင်-ဒေါ်တင်တင်ခိုင်၊ ဦးခင်မောင်ကျော် (မြန်မာ့ဆက်သွယ်ရေး၊ တာချီလိတ်)-ဒေါ်မြမြဆင့်၊ ကိုခင်မောင်ငွေ-မစန်းစန်းမွန်၊ ကိုခင်မောင်အေး-မနှင်းနှင်းမိုးတို့၏ဖခင်ကြီး၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၁၃ရက်(စနေနေ့)ညနေတွင် ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၁၃ရက် နေ့လယ်တွင် သပြေကုန်းရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးတင်အောင်
မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ သပြေကုန်းရွာ၊ မြန်အောင်မြို့နယ်
အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းရွာကံသစ်၊ မူလတန်းကျောင်း၏ ကန်တော့ခံဆရာကြီး ဦးတင်အောင်သည် ၂၇-၇-၂၀၁၃ရက်(စနေနေ့)ညနေတွင် ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၁၃ရက် နေ့လယ်တွင် သပြေကုန်းရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့၊ ကံသစ်မူလတန်းကျောင်း၊ သပြေကုန်း၊ မြန်အောင်မြို့နယ်

(၈)နှစ်ပြည့် အလွမ်း
မောင်တင်ကျော်မြတ်ထွန်း(ခ)သားငယ်
၃၀-၇-၂၀၀၅

မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၃၀-၇-၂၀၁၃ ရက်တွင် (၈)နှစ်ပြည့်ခဲ့ပါပြီ။ သားငယ်အတွက် ရည်စူးကာ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အဖေ၊ အမေ - ပါမောက္ခဒေါက်တာတင်ငွေ-ဒေါ်ခင်လှဲ့
အစ်ကို - ကိုတင်ဇေယျာဦး-မသင်းသွယ်သွယ်အောင်
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မှော်ဘီမြို့နယ်နေ ကျွန်တော် ကျွန်မတို့၏သမီး မဥမ္မာမင်း ၁၂/မဘန (နိုင်)၁၁၄၀၆၇ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးညွန့်တင် ၈/ခမန(နိုင်)၀၀၇၃၁၀
ဒေါ်ချိုချိုအောင် ၁၂/မဂဒ(နိုင်)၀၂၃၃၉၂

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သရက်တောကျောင်းတိုက်၊ ရေလယ်ကလေးတိုက်ကျောင်း၏ ပဓာနနာယက ဆရာတော်
ဘဒ္ဒန္တ ကောဏ္ဍညာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိ ပါဠိဝိသောဓက (ယခင်)(တိပိဋကပုစ္ဆက၊ အလယ်တောရပါဠိတက္ကသိုလ်နှင့် သရက်တောတိုက်ပါဠိတက္ကသိုလ် ကထိက၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာစစ်အဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိုရ်) လမ်းမတော်မြို့နယ်၊ ဩဝါဒါစရိယ (သ•စ•အ) ဓမ္မာစရိယ
သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၇)ဝါ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရေလယ်ကလေးတိုက်ကျောင်း၏ ပဓာနနာယက ဘဒ္ဒန္တကောဏ္ဍညာဘိဝံသသည် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) ၂၆-၇-၂၀၁၃ရက်(သောကြာနေ့) ညနေ ၄း၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကေတုမာလာ (တိုင်းသံဃနာယကအဖွဲ့ဝင်ဟောင်း၊ မူလဒွါရ)
သီရိသာသနိကာရာမ်ကျောင်း၊ လှိုင်သာယာမြို့နယ်
သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၃)ဝါ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းဝိုင်း အတွင်းရှိ သီရိသာသနိကာရာမ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေတုမာလာသည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်) ၂၇-၇-၂၀၁၃ရက်(စနေနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မကြီး
အသက် (၆၈)နှစ်

သူငယ်ချင်းဒေါက်တာအောင်မွန်-ဒေါက်တာဝါဝါဦးတို့၏ မိခင်ဒေါ်ခင်မကြီး အသက် (၆၈)နှစ်သည် ၁၈-၇-၂၀၁၃ရက်တွင် England နိုင်ငံ Manchester မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

11/87 ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကျော်ဦး
(B.E Mechanical)
Cost Engineer Shell Eastern Petroleum (PTE) LTD Singapore
အသက်(၅၅)နှစ်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ အမှတ် ၆၂နေ (ဦးကျော်ဇော၊ တိုင်းအင်ဂျင်နီယာဆောက်လုပ်ရေး)-ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အမှတ် ၆၊ ငါးလွှာနေ (ဦးထွန်းရှင်၊ အင်ဂျင်နီယာ၊ ဇေယျဝတီသကြားစက်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဒေါ်နီနီထွန်း၏ခင်ပွန်း၊ မောင်သက်ဇော်ဦး၊ မထူးအဥ္ဇလီတို့၏ဖခင်၊ ဦးသန်းငွေ (မန်းရေနံမြေ၊ သယ်ပို့စက်ပြင်၊အင်ဂျင်နီယာ)-ဒေါ်သန်းနု၊ ဦးသိန်းဖေ-ဒေါ်တင်တင်အေးထွန်း၊ ဦးသန်းထွန်း(အင်ဂျင်နီယာ၊စင်ကာပူ)-ဒေါ်သန်းသန်းရှင်၊ဦးဝင်းအောင်(အင်ဂျင်နီယာ-ဗီယက်နမ်)-ဒေါ်တင်တင်စိန်တို့၏ညီမောင်၊ ဒေါ်ခက်ခက်ထွန်း(သစ္စာမဏ္ဍိုင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)၊ ဦးစိုးပိုင်ထွန်း(Supernal)သောက်ရေသန့်တို့၏ အစ်ကိုသည် ၂၇-၇-၂၀၁၃ရက်(စနေ နေ့)မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)တွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကျော်ဦး (B.E Mechanical)
Cost Engineer Shell Eastern Petroleum (PTE) LTD Singapore
အသက်(၅၅)နှစ်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ အမှတ် ၆၂နေ (ဦးကျော်ဇော၊ တိုင်းအင်ဂျင်နီယာဆောက်လုပ်ရေး)-ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊အမှတ် ၆၊ ငါးလွှာနေ (ဦးထွန်းရှင်၊ အင်ဂျင်နီယာ၊ ဇေယျဝတီသကြားစက်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဒေါ်နီနီထွန်း၏ခင်ပွန်း၊ မောင်သက်ဇော်ဦး၊ မထူးအဥ္ဇလီတို့၏ဖခင်၊ ဦးစိုင်းလှမြင့်-ဒေါ်ရီရီလှဲ့၊ဦးကျော်စိုးဝင်း(ဒု/ညွှန်ကြားရေးမှူး၊ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါက်တာသီသီလတ်၊ ဦးခင်မောင်ဇော်၊ ဦးကျော်စိုးဝင်း(MOGE)-ဒေါ်နုထွေးလင်း(လ/ထ ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊လားရှိုး)တို့၏အစ်ကိုကြီးသည် ၂၇-၇-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့) တွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
မောင်အာကာမျိုးမင်းထက်
(၃၀-၇-၂၀၁၁) - (၃၀-၇-၂၀၁၃)

သားကြီးအာကာ-

မေမေ့ခန္ဓာကိုယ် အသွေးအသားနဲ့တည်ဆောက်ပြီး ဘဝစခဲ့တဲ့သားကြီးဟာ မေမေနဲ့ အနီးဆုံးမှာ ရှိခဲ့တယ်။ ပညာသင်အရွယ်ရောက် အလုပ်လုပ်တော့ တဖြည်းဖြည်းဝေးလာတယ်။ ဒီလိုအနေဝေးပေမယ့် သားကြီးကို တွေ့နိုင်ခဲ့ပါသေးတယ်။

အခုတော့ ဘဝဝေးသွားလို့ မတွေ့နိုင်တာ (၂)နှစ်ပြည့်ပြီ။

ဒါပေမယ့် တစ်ချိန်ချိန်မှာ အနေနီး၊ ဘဝနီးစွာနဲ့ တွေ့နိုင်မယ်လို့ မျှော်လင့်ချက် ပြင်းပြစွာနဲ့ သားကြီးအတွက် ကောင်းမှုကုသိုလ် မပြတ်ပြုနေပါတယ်။

ဖေဖေ - ဦးမျိုးအောင်
မေမေ - ဒေါ်သောင်းသောင်းထွန်း

ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

ဦးသက်ထွန်း (ကျောက်မဲ-နမ့်ဆမ်)

အသက်(၈၄)နှစ်

၂၂-၇-၂၀၂၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးသက်ထွန်း (ကျောက်မဲ-နမ့်ဆမ်)၏ နာရေးကိစ္စအဝဝတွင် ကူညီပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်ဌေး(ရွှေဘို) MA (Yale)

မန္တလေးတက္ကသိုလ်၊ ပထဝီဝင်ဌာန၊ ပါမောက္ခ(ငြိမ်း)

အသက်(၈၄)နှစ်

အမှတ်(၂)၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ခုနစ်မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီဝင်း၊ ဒေါ်ချိုချိုဝင်း[ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ငြိမ်း]-ဒေါက်တာချိုဝင်းမော်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)တို့၏အဒေါ်/မိခင်၊ မောင်ထက်ချို(University of New South Wale Sydney,Australia)၏အဘွား ဒေါ်ကြင်ဌေးသည် ၂၈-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)မှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စိန်

အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ (ခုတင်-၁၀၀)ဆေးရုံမှ ဒေါက်တာမိုးမြင့်ဝင်း(ဆေးရုံအုပ်)-ဒေါ်သန်းသန်းအေး(အလပြ)တို့၏မိခင်သည် ၂၆-၇-၂၀၂၃ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(ခုတင်-၁၀၀)ဆေးရုံဝန်ထမ်းများ
ကန့်ဘလူမြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးဒေါ်မြသွယ် (ငြိမ်း)

စစ်သူနာပြုသင်တန်းအမှတ်စဉ်(၁၁)

အသက်(၅၈)နှစ်

ဗိုလ်ကြီးဒေါ်မြသွယ်(ငြိမ်း) အစ်မပုံ့သည် ၂၃-၇-၂၀၂၃ရက် ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် အစ်ကိုကြီး ဦးအောင်မြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရဲမှူးကြီးမျိုးဆွေဝင်း-ဒေါ်စိုးစိုးသက်
ဗိုလ်ဇင်လင်းထူး၊ မောင်ထက်အာကာဖြိုး

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်အောင်ဝင်း (ဗန်းမော်)

သူငယ်ချင်း ဦးတင်အောင်ဝင်း(ဗန်းမော်) အခွန်ဦးစီးမှူး Geology 1975 Batch (Mdy.)သည် ၉-၇-၂၀၂၃ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားတဲ့အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်စိုးဝင်း(စစ်ကိုင်း)၊
ဦးမြင့်ဦးသန်း(စစ်ကိုင်း)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဦးဇာနည်နေသာ

M.B.,B.S DMA (First year)
YGN Institute of Economics
Assitant General Manager Star Moe Yan Training Com. LMT

အသက်(၂၉)နှစ်

ဦးသိန်းမြင့်(ခ)ဦးချစ်ကျွမ်း - ဒေါ်ဌေးဌေးဝင်း(ခ)ဒေါ်လေးကြူးတို့၏ ချစ်လှစွာသောသား၊ ဒေါက်တာဇာနည်နေသွေး၊ ဒေါက်တာဇာနည်စွမ်းထက်၊ ဒေါက်တာဇာနည်ထက်အောင်(Final Part I, IMI)၊ ဇာနည်ကျွမ်းထက်တို့၏ အစ်ကိုကြီးဖြစ်သူသည် ၂၇-၇-၂၀၂၃ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မိုးယံရွှေလမင်းနှင့် မြတ်ဆုကမ္ဘေ့ထီဆိုင်ကြီး
Chair Man, MD, မိုးယံမှ ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးအေးမြင့် (Eco)

အထက်တန်းပြ(ငြိမ်း)
အထက(၅)ဗိုလ်တထောင်

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ရန်ပြေ ၁လမ်း၊ အမှတ် ၇၃၁နေ (ဦးသိန်းအောင်-ဒေါ်ခင်လှ)တို့၏သမီးကြီး၊ ဒေါ်အေးအေးနု၊ ဦးရွှေသွင်-ဒေါ်တင်မာဝေ၊ ဦးသန့်ဇင်-ဒေါ်ယဉ်ကြူ၊ ဦးလှဖုန်း-ဒေါ်မို့မို့အောင်တို့၏အစ်မ၊ တူ၊တူမခုနစ်ယောက်တို့၏အဒေါ်သည်၂၈-၇-၂၀၂၃ရက်(တနင်္ဂနွေနေ့)ည ၁၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဇော်ငြိမ်း

B.E (Mining)
အမှတ်(၁)ကြေးနီစီမံကိန်း
မုံရွာမြို့

အသက်(၅၈)နှစ်

မုံရွာမြို့နေ(ဦးအောင်သိန်း-ဒေါ်သန်းမြိုင်)တို့၏သား၊ ဒေါက်တာဦးလှဌေး-ဒေါက်တာဒေါ်ခင်သန်းစိန်တို့၏ မောင်၊ ဒေါက်တာဦးဇော်မင်း-ဒေါ်ခင်မြမြအေးတို့၏ညီ၊ ဒေါ်ခင်သန်းမြင့်၏မောင်၊ ဦးဇော်မြင့်၊ ဦးဇော်သိန်းတို့၏ညီ၊ ဦးဇော်မြတ်အောင်၏အစ်ကို၊ ဒေါ်ဝေဝေစန်း၏ခင်ပွန်းသည်၂၉-၇-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ဆွေ (ဘိုကလေးမြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၇၈နေ(ဦးလွင်)၏ဇနီး၊ ဦးငွေခိုင်-ဒေါ်သီတာဦး(ညောင်ပင်လေး ပလာဇာ)၊ ဦးစန်းမောင်၊ ဒေါ်မြင့်မြင့်ရီ(ကသစ်လမ်း၊ကြည့်မြင်တိုင်)၊ ဒေါ်ဝါဝါ(ထ/ပြ၊ငြိမ်း၊ အထက-၁၊ ပန်းဘဲတန်း)၊ ဦးဘိုဘို(R/O)၊ ဒေါ်ကြည်ကြည်(အထက-၁၊ ပန်းဘဲတန်း)၊ (ဦးထွန်းရင်)၊ ဒေါ်ချစ်မွှေး(အလုံ)၊ ဒေါက်တာဒေါ်တင်တင်၊(ဦးလှဌေး)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၈-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ဆွေ (ဘိုကလေးမြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၇၈နေ(ဦးလွင်)၏ဇနီး၊ ဒေါက်တာအိအိဖြူခိုင် (ခေတ္တ-UK)၊ ဒေါက်တာခိုင်စုစုဝေ (ခေတ္တ-UK)၊ ဒေါက်တာခိုင်စပယ်ဖြူ (ခေတ္တ-UK)၊ ဒေါက်တာမျိုးဟိန်း (အရိုးအထူးကုဆရာဝန်၊ နေပြည်တော် ခုတင်-၁၀၀၀၊ ဆေးရုံကြီး)၊ ဗိုလ်ကြီးရဲနောင်လတ်-ဒေါ်ဇာနည်ဝင်း(ပြင်ဦးလွင်)၊ ဒေါက်တာမျိုးထွန်း(AMO SSC ဆေးရုံ)၊ မောင်အောင်ကိုကို၊ မောင်နောင်ကိုကို၊ မပိုင်းစံသူ၊ မောင်ဇာနည်လွင်(ကွန်ပျူတာတက္ကသိုလ်)၊ မဇင်ယမုံဖူး(Grade-9, B, TTC) တို့၏အဘွားသည် ၂၈-၇-၂၀၂၃ရက်(တနင်္ဂနွေနေ့)ည ၇း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးများ

ဦးကျော်မင်း

(ဗိုလ်ချုပ်ဈေး၊ နေရောင် အထည်ဆိုင်)

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းရီ)-ဒေါ်ခင်စိန်တို့၏သား၊ (ဦးအုန်းရွှေ)-ဒေါ်နီတာတို့၏သားသမက်၊ အမှတ် ၅၀၁၊ မင်းရဲကျော်စွာ(၂)လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြည်ကြည်သိန်း၏ခင်ပွန်း၊ မစိန်စိန်ဦး၏မောင်၊ ကိုအေးလွင်-မသန်းသန်းမြင့်၊ ကိုဇာနည်(ခ)မင်းမင်းဇော် (Phone Khant Zarni Ltd., MD)-မစန္ဒာဦး၊ ဗိုလ်ကြီးသန်းထူး(ငြိမ်း) (စက်မှုဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး)-မယုယုမော်တို့၏အစ်ကို၊ မသီရိခိုင်(B.S.C; IC, DA, DCA)၊ မောင်ခိုင်ဇော်(ဗဟန်း၊ အထက-၁)၊ မောင်ရဲဝေလင်း(အထက-၂)တို့၏ဖခင်၊ ရွှေယမင်းသူ၊ မနှင်းသဉ္ဇာလွင်၊မောင်ဘုန်းခန့်ဇာနည်တို့၏ဦးလေးသည် ၂၉-၇-၂၀၂၃ရက်(တနင်္လာနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်အောင်(တောင်ကုတ်မြို့)

အသက်(၆၈)နှစ်

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ပပဝတီလမ်းနေ(ဦးရောင်နီ-ဒေါ်မကွန်း)တို့၏သား၊ ရမ်းဗြဲမြို့၊ အင်းတောင်ရပ်နေ(ဦးရွှေတင် - ဒေါ်မတင်)တို့၏ သားသမက်၊ ဒေါ်သောင်းခင်၏ခင်ပွန်း၊ ကိုအောင်ဇော်လင်း-မမိုးမိုးခက်၊ ကိုမျိုးခိုင်-မဖြိုးဝါလင်း၊ မကေသွယ်လင်း၊ ဒုတိယဗိုလ်မှူးကြီးသက်နိုင်ဝင်း-ဒေါ်မေဇာလင်းတို့၏ဖခင်သည် ၂၇-၇-၂၀၂၃ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့ သယောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်သိန်း

ကုန်သွယ်/လယ်ယာ(ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၇၈၊ အခန်း ၁၀ (ပထမထပ်)နေ (ဦးဘဖြူ-ဒေါ်ကြူကြူ)တို့၏သား၊ ဒေါ်မြမြ၊ (ဦးကျော်ဟန်-ဒေါ်သန်းသန်း)၊ (ဦးဝင်းမောင်-ဒေါ်မြင့်မြင့်)တို့၏မောင်၊ (ဒေါ်ရီရီ)၏အစ်ကိုသည် ၂၈-၇- ၂၀၂၃ရက်တွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၂၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသန့်စင် (ပုသိမ်)

အသက်(၄၈)နှစ်

ပုသိမ်မြို့၊ အမှတ် ၆၊ မဟာစေတီလမ်း၊ မရမ်းချိုရပ်နေ(ဦးမျိုးဆွေ-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးမောင်ကြွား-ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် ၁၆၊ အခန်း ၁၀၊ စက်မှုဝန်ထမ်းအိမ်ရာနေ ဒေါ်ထွေးထွေး(လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်)၏ခင်ပွန်း၊ ဒေါ်အေးအေးမွန် (အမက-၁၊ ပုသိမ်မြို့)၏မောင်၊ ဦးနိုင်လင်း - ဒေါ်မူယာကျော်တို့၏အစ်ကို၊ (ဦးသိန်းမြင့်)၊ ဒေါ်မြင့်မြင့်၊ (ဒေါ်မြမြ)၊ ဒေါ်လှလှ၊ ဒေါ်အေးအေး၊ ဒေါ်ကြည်ကြည်၊ (ဦးမောင်မောင်)၊ (ဦးနောင်နောင်)၊ (ဦးကြောင်ကြောင်)-ဒေါ်ဌေးဌေးမိုး၊(ဦးရွှေတိုး)တို့၏အစ်ကို/ညီ/မောင်၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေး၊ မြေး ၁၉ယောက်တို့၏အဘိုးသည် ၂၈-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၈း၃၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မခင်နွေဦး B.A (Eco)

စာရေးဆရာမ သုခချို
Sale Supervisior
(Khin Maung Nyunt Trad.,)

အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ် ၄၈၇နေ (ဦးကောက်ထွန်း)-ဒေါ်နှင်းရင်၊(ဦးတင်အောင်-ဒေါ်သန်းကြွယ်)တို့၏မြေး၊ ဦးစိုးညွှန့် (စာရေးဆရာ စိုးမြင့်လတ်) - ဒေါ်တင်တင်လှတို့၏သမီးလတ်၊ ကိုရန်နောင်ဦး (Culture Bridge Gallery)-မသရဖီ၊ ကိုဘိုဘိုကျော်(S.H Shipping)-မနေခြည်ထွေး(ပင်လုံဆေးရုံကြီး)တို့၏ညီမ၊ မစမ်းရေအေး(Khin Maung Nyunt Trad.,)၊ မနှင်းပွင့်စုကြည်(Pride International School Myanmar) တို့၏အစ်မသည် ၂၈-၇-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ဝဝး၀၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှမွန်းလွဲ ၁နာရီ၊ လေထန်ကုန်းမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှတင်

အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အရိုးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၁၀နေ (ဦးဘတင် - ဒေါ်စိန်စိန်)တို့၏သမီး၊ ဂျော်ဂျီ(ဦးရွှေ)၏ဇနီးသည် ၂၉-၇-၂၀၂၃ရက် ည ၈း၂၀နာရီတွင်သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးထွန်းစိန်

(လူထုပညာရေးမှူးဟောင်း)
ဝိုင်းမော်မြို့

အသက်(၈၅)နှစ်

ကချင်ပြည်နယ်ဝိုင်းမော်မြို့၊ရပ်ကွက်(၁)၊ အမှတ် ၂၃၆နေ ဒေါ်အုန်းခင်၏ခင်ပွန်း၊ [မစိန်မြ(ခ)ဒေါ်သန်းသန်းမြင့်]၊ ဦးတင့်လွင်-ဒေါ်နန်းမြင့်၊ ဦးအောင်ခင်-ဒေါ်မြင့်မြင့်အေး၊ ဗိုလ်မှူးတင့်ဆွေ-ဒေါ်နုနုဝင်း၊ ဗိုလ်မှူးအောင်နိုင်(ငြိမ်း)-ဒေါ်သန်းသန်းဆင့်၊ ဒေါက်တာတင့်နိုင်(မြို့နယ်ဆရာဝန်၊ ဝိုင်းမော်မြို့)-ဒေါ်စန်းရီ၊ ဒေါ်မြင့်မြင့်မော်၊ ဦးစိုးအောင်-ဒေါ်အင်ဆန်ဂျာရာတို့၏ဖခင်၊ မြေး ၂၀၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၂၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှလေး (သာယာဝတီ)

စားသောက်ကုန်နှင့်
အဖျော်ယမကာ (ငြိမ်း)

အသက်(၇၁)နှစ်

သာယာဝတီမြို့၊ ရန်ပြေအေးတိုက်ကျောင်းလမ်း၊ အမှတ် ၆နေ (ဦးလှပု-ဒေါ်ရွှေတင်)တို့၏သမီး၊ ဦးမြသိန်း-ဒေါ်ဝင်းဝင်းမော်၊ ဦးမြတ်လွင်-ဒေါ်သက်သက်မော်၊ (ဦးစိုးလွင်)-ဒေါ်ခက်ဖြိုးဝေ၊ ဦးခိုင်မင်း-ဒေါ်ခင်ထွေးဝင်း၊ ဦးခင်ဇော်ထွန်း-ဒေါ်မာလာဝင်းတို့၏မိခင်၊ (ဦးလှဝင်း)၏ဇနီးသည် ၂၉-၇-၂၀၂၃ရက် နံနက် ၉း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၄၇၊ ဇီဇဝါလမ်း၊ သုံးလွှာ၊ ဦးမြသိန်း-ဒေါ်ဝင်းဝင်းမော်တို့နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၃ရက်တွင် သာယာဝတီမြို့နယ်၊ ရန်ပြေအေးတိုက်ကျောင်း၊ အမှတ် ၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ရိုင်ခွလ်ဟဒီးဆ်အလ်ဟာဂျ်

မော်လနာ

မွဖ်သီမုဟမ္မဒ်ဇကရီယာဆွာဟိဗ်

အသက်(၆၉)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဗလီဝင်း၊အမှတ် ၁၇နေ ဒေါ်ဟစီနာဘီ၏ခင်ပွန်း၊ မုဟမ္မဒ်ဟာရွန်၊ မွရ်ရှီဒါ၊ ရှဖီအွလ္လာဟ်၊ ဟလီမာ၊ ရှဖီအွရ်ရဟ်မာန်၊ ရှဖီအွလမ်ဂဖွားရ်၊ ရှဖီအွလ်ဂျာဗ္ဗားရ်တို့၏ဖခင်၊ မော်လနာမွဖ်သီမုဟမ္မဒ်ဇကရီယာဆွာဟိဗ်(ကျောင်းအုပ်ဆရာကြီး၊ ဂျာမေအဟ်အရဗီဟဟ်မုဟမ္မဒီယဟ်)၊ (ဒု-ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မြန်မာမွတ်စလင် အိုလမာသာသနာ့ပညာရှင်များအဖွဲ့ချုပ်) (ဟဒီးဆ်အတန်းပြဆရာ၊ ဆူဖီယဟ်အစ္စလာမ်သာသနာ့တက္ကသိုလ်)သည် ၂၉-၇-၂၀၂၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၃၀-၇-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးစွန်နီကဘာရ်စတန်ဥယျာဉ်၌ ဂျနာဇဟ်နမားဇ် ဝတ်ပြုပြီး ဒဖန်ပြုလုပ်မည်ဖြစ်ပါသည်။ မဂ်ဖေရသ်ဒိုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ကြည်

(ရမည်းသင်းမြို့)

အသက်(၉၃)နှစ်

O.T.S(85) မှဗိုလ်ကြီးစိန်လွင်(ငြိမ်း)၏မိခင် ဒေါ်ခင်ကြည်သည် ၂၉-၇-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ဝ၃း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

O.T.S(85) မှ သူငယ်ချင်းများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဒီတန်ဂျီ (ခ)ဒူဝါမြို့ပိုင်တန်ဂျီ (B.C.S -ပ/၂၆၇၆)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထဲရေးဝန်ကြီးဌာန
သင်းထောက်၊ ရန်ကုန် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်
Chairman, Snow White Trading Co., Ltd.

အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် ၂လမ်း၊ ခြံအမှတ် ၁၀-က၊ မနောရိပ်ငြိမ်နေ ဒေါ်လမိုင်ကော့၏ခင်ပွန်း၊ ဦးအောင်ဒီး (ဝန်ထမ်းဟောင်းထွေ/အုပ်၊ ရုံးချုပ်)၊ ဦးဘောက်ဒီး(Japan)-ဒေါ်ခေါင်ဒင်(Japan)၊ ဦးလဒီး(Japan)၊ (ဦးတူးအောင်)၊ ဒေါ်ဆိုင်းရာ-ဦးမောင်မောင်အေးတို့၏ဖခင်၊ ဒေါ်ကော့မိုင်(Japan)-ဦးချန်းဆောင်(Japan)၊ မောင်ဇော်ခွန်(Japan)တို့၏အဘိုး၊ Grace Sau Nam (Japan)၊ Gloria Sau Nam (Japan) တို့၏အဘိုးသည် ၂၉-၇-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် အမှတ် ၄၀-ဘီ၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းရှိ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

ဆရာမကြီးဒေါ်အုန်းမြ အထပြ(ငြိမ်း)၊အထက(၁)(၂)တောင်ငူ

အသက်(၇၄)နှစ်

ဆရာမကြီး ဒေါ်အုန်းမြသည် ၂၅-၇-၂၀၂၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ဆရာမကြီး၏နာရေးကိစ္စအရပ်ရပ်တွင် အစမှအဆုံးတိုင် ကူညီခဲ့ကြသော စွယ်တော်ဓမ္မရိပ်သာ အလယ်ကျွန်းကျောင်းတိုက်၊ အောင်မင်္ဂလာသုခကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်နှင့်ဝေယျာဝစ္စအဖွဲ့များ၊ အထက(၁)နှင့်(၂)မှ အငြိမ်းစား ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမ၊ ကျောင်းသားဟောင်းများ၊ အာစရိယပူဇော်ပွဲအဖွဲ့များ၊ အဘိဓမ္မာသင်တန်းမှ ဆရာကြီးနှင့် ဆရာ ဆရာမ၊ သင်တန်းသား/သူများ မရမ်းကျောင်း စာရိတ္တဓမ္မသင်တန်း၊အလယ်ကျွန်း ဘ·ကကျောင်း၊ ၃၆၅ဘုံ ဆွမ်းလောင်းအသင်း၊ (၇) ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းမှအဖွဲ့ဝင်များ၊ မြန်မာ့မီးရထား၊ တောင်ငူစက်မှုဂိတ်မှဝန်ထမ်းများနှင့် တောင်ငူဆေးရုံကြီးမှ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ ဖြဟ္မစိုရ်နာရေးကူညီမှုအသင်း၊ ၂၄နာရီလူမှုရေးကူညီမှုအသင်း၊ သတ္တမဥပုသ်အသင်း၊ ဓမ္မစကြာအဖွဲ့၊ စေတမန်ကားအသင်း၊ ရပ်ဝေးရပ်နီးမှမိတ်ဆွေများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်း၊ အီးမေးလ်ဖြင့် ဝမ်းနည်းကြောင်းပြောလာသူများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်နီနီထွေး (ကျောက်ဆည်)

B.Sc (Math;), B.Tech (Civil)

အသက်(၃၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်၊ အမောပြေစားသောက်ဆိုင်နေ ဦးအောင်ကြည်-ဒေါ်မြတ်မော်(မန်ထုံမြို့နယ်စာရင်းစစ်ရုံး)၊ ဒေါ်သိန်းသန်းထွန်း၊ ဒေါ်သောင်းသိန်းထွန်း(အမက-၆၊ ကျောက်ဆည်မြို့)၊ ဦးကျော်ကြား(မြန်မာဘရူဝါရီလီမိတက်)-ဒေါ်ညိုဝင်းမို့မို့တို့၏ညီမ၊ မအေးအေးချမ်း၏အစ်မ၊ ကိုထက်ကိုဦး-မမွှေးမွှေး၊ မရွှေရည်ဝင်းမို့မို့တို့၏အဒေါ်၊ ဦးထွန်းအောင်-ဒေါ်ချစ်အေးတို့၏သမီး၊ ဦးသန်းလွင်-ဒေါ်မြကြူတို့၏သမီးချွေးမ၊ ဦးဘုန်းဝင်း(လ/ထ ကထိက၊ ကျောက်ဆည်နည်းပညာတက္ကသိုလ်)၏ဇနီး၊ မခင်သစ္စာ(အမက-၆၊ ကျောက်ဆည်မြို့)၏မိခင်သည် ၂၈-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ဆူးကုန်းရပ်နေအိမ်မှ ကျောက်ဆည်မြို့ မင်းမွှေးတောင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ဝါးဖော

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မ/၁၃၊ တန်းမြင့်ကျောင်းလမ်းနေ (ဦးကြူးမောင်-ဒေါ်နဲလေ)တို့၏သမီးကြီး၊ ဦးစောသီအိုဖလက်(စ်)၏ဇနီး၊ စောအောင်ရွှေဟန်-နော်မာရီး၊ စောဝင်းစံ-နော်အဲလ်မာ၊(နော်ဝေးလ်မာ)၊ စောအောင်သီဟတို့၏မိခင်၊ နော်ဆုမွန်အောင်၊ နော်မြတ်မွန်အောင်၊ နော်လားဖော၊ စောမျိုးဝင်းမြင့်တို့၏အဘွား၊ (ဦးစောအဲလ်မိုး)၊ ဦးစောဖိုးဒေး၊ ဦးစောအယ်တလယ်(FSO Co., Ltd.)တို့၏အစ်မကြီးသည် ၂၉-၇-၂၀၂၃ရက် နံနက် ၅း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၂၃ရက် နံနက် ၉နာရီတွင် တောင်သူကုန်း ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်မောင် (William)

MAPCO Company (ငြိမ်း)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၇၀၊ ခြောက်လွှာ(C-6) နေ (ဦးဘကျန်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးမြသန်း-ဒေါ်ခင်စောရီ)တို့၏သားသမက်၊ ဒေါ်ခင်ခင်ညို (Amy)၏ခင်ပွန်း၊ ဒေါ်အိအိခင်-ဦးကျော်သူ (သဉ္ဇာကျော်ကုမ္ပဏီ)၊ ဦးသန့်ဇော်အောင်(Suntac Company)-မနီနီတို့၏ဖခင်၊ မောင်ဖုန်းပြည့်ကျော် (ပထမတန်း၊ အမက-၁၊ ဗဟန်း)တို့၏အဘိုးသည် ၂၉-၇-၂၀၂၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ဓာတ်ငွေ့စတင်ပို့လွှတ်ခြင်းအထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးသန်းငွေ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက် ၁၀နာရီက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူကုန်းပိုင်း ဓာတ်ငွေ့ထိန်းဖြန့်စခန်း (OGT) သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်ခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ်၌ကျင်းပသည့် ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်ဗျူရိုမှ ဒုတိယဝန်ကြီး Mr. Zhang Yunqing၊ ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Jin Hyun Han၊ Daewoo ကုမ္ပဏီ၊ ONGC ကုမ္ပဏီ၊ GAIL ကုမ္ပဏီ၊ KOGAS ကုမ္ပဏီ၊ POSCO ကုမ္ပဏီ၊ SEAGP ကုမ္ပဏီတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ကိုရီးယားနိုင်ငံ ဒုတိယဝန်ကြီး Mr. Jin Hyun Han နှင့် POSCO ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်ခြင်း အထိမ်းအမှတ်အခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်ခြင်း အထိမ်းအမှတ်အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့သည် မန္တလေးမြို့သို့ရောက်ရှိပြီး အမရပူရမြို့နယ်ရှိ Control Station ခန်းမ၌ကျင်းပသည့် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ပြီးစီးမှု အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ညိုစောနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီး Mr. Zhang Yunqing၊ ကိုရီးယားနိုင်ငံမှ ဒုတိယဝန်ကြီး Mr. Jin Hyun Han၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

ယနေ့မာတိကာ

ပြင်သစ်တွင် ကျောက်မျက်ရတနာပြပွဲ၌ ဖောက်ထွင်းမှုဖြစ် — စာမျက်နှာ-၄

စပ်ဆေးအန္တရာယ် — ဆောင်းပါး — စာမျက်နှာ-၆

စပါးစိုက်ဧက ၄၀၀၀ကို ပြန်လည်မွေးဖွားခြင်း — စာမျက်နှာ-၁၀

ပရဟိတနဲ့ လှုပတဲ့ကမ္ဘာ — စာမျက်နှာ-၁၃

ကွန်ကာကပ်ဖ် Gold Cup အမေရိကန်တို့ ဆွတ်ခူး — စာမျက်နှာ-၁၄

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

လက်ရှိကောက်ခံခွင့်ပြုထားသည့်လမ်းကြေးနှုန်းထားများ ပြည်ထောင်စုအစိုးရအဖွဲ့ မှ အတည်ပြုထားသည့် နှုန်းထားများဖြစ်

နေပြည်တော် ဇူလိုင် ၂၉

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **BOT လမ်းတံတားလုပ်ငန်းရှင်များသို့ နိုင်ငံတော်အစိုးရကပံ့ပိုးပေးစေလိုသော လိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးတင့်က BOT လမ်းပိုင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန် တည်ဆောက်ချိန်

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ကာလကို (၃)နှစ် သတ်မှတ်ထားပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ချိန်ကာလအတွင်း ပြီးစီးအောင် မဆောင်ရွက်နိုင်ပါက ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ တင်ပြပြီး ကျိုးကြောင်းဆီလျော်ပါက တည်ဆောက်ချိန်ကာလထပ်မံတိုးမြှင့်ခွင့်ပြုပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ချက်နှင့် ကိုက်ညီသည့် လုပ်ငန်းများအတွက် သက်သာသောအတိုးနှုန်း သို့မဟုတ် အတိုးမဲ့ချေးငွေများရရှိရန် လုပ်ထုံးလုပ်နည်းများနှင့်

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း မေးမြန်းစဉ်။ (သတင်းစဉ်)

အညီ အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ ရင်းနှီးမြှုပ်နှံရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအမြစ်များကို ဘဏ်များထံမှသာ ရရှိနိုင်ပါကြောင်း၊ BOT လမ်းတံတား လုပ်ငန်းရှင်များသည် နိုင်ငံသားများဖြစ်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အကျုံးဝင်သည့်အတွက် ၎င်းဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားရရှိမှာဖြစ်ပါကြောင်း။

အရင်းကျေကာလအား (၁၀)နှစ်နှင့် တွက်ချက်၍ လမ်းကြေးသတ်မှတ်

စာမျက်နှာ ၇ ကော်လံ ၁ ❁

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူ

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၁၀)ခုဖြင့်ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ၏ နိုင်ငံတစ်ဝန်းရှိ သစ်ပုံဆိပ်များတွင် ရောင်းတမ်းမဝင်သော သစ်လုံးတန်ချိန်မည်မျှရှိသည်၊ ရောင်းတမ်းမဝင်မှန်း သိပါလျက် ခုတ်ယူခွင့်ပြုခဲ့သော သစ်တောအရာရှိများအား မည်သို့အရေးယူမည်၊ ခုတ်လဲစုပုံခဲ့သော သစ်ကုမ္ပဏီများအား မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို

ဒေါ်နန်းနီနီအေး ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)။

သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖြေကြားရာတွင် သစ်ဆိပ်များတွင်ရှိသည့် သစ်လုံးများ၏ အဝင်အထွက်စာရင်းဇယားများကို စနစ်တကျ မှတ်တမ်းတင်ထားပြီး ပျောက်ပျက်၊ လေလွင့်၊ ဆုံးရှုံးမှုမရှိပါကြောင်းနှင့် ရောင်းချပြီးရရှိသည့် ငွေကြေးများသည်လည်း ဆုံးရှုံးနစ်နာမှုမရှိပါကြောင်း၊ အပြစ်အနာအဆာရှိသော်လည်း သစ်တောပြုစုထိန်းသိမ်းသည့် ရှုထောင့်မှလိုအပ်ချက်အရ ခုတ်လှဲထုတ်ယူခြင်းမှအပ တရားမဝင်ခုတ်လှဲထုတ်ယူခြင်းများ စစ်ဆေးတွေ့ရှိပါက ခုတ်လှဲခွင့်ပြုသည့် သစ်တောအရာရှိနှင့် ခုတ်လှဲထုတ်ယူသော ကုမ္ပဏီများအား အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ ဗွေပါး (Bawi Pa)တောင် ဘေးမဲ့တောအား အမျိုးသားသဘာဝဥယျာဉ် (National Park)အဖြစ် သတ်မှတ်ပေးရန်နှင့် ဗွေပါး (Bawi Pa) သစ်တောကြီးအတွင်းရှိ တောတိရစ္ဆာန်ကျေးငှက်များအား နှစ်စဉ် အမဲလိုက်ပစ်သတ်ခြင်း၊ သစ်ခွပန်းလိုချင်၍

စာမျက်နှာ ၇ ကော်လံ ၁ ■

ရောဝတီမြစ်ရေ ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်နိုင်

နေပြည်တော် ဇူလိုင် ၂၉

